# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအား ဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။

သဟာဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက် | ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၁၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၁)၊ အမှတ် (၀၇၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်ရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံနှင့် ဆွေးနွေးလျက်ရှိပြီး ဇန်နဝါရီလအတွင်း စတင်ထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၈/၂၀၂၁)သို့ တက်ရောက်အမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၈/၂၀၂၁)သို့ တက်ရောက်အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၈/၂၀၂၁) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊

*စာမျက်နှာ ၃ ကော်လံ ၁ ✻*

**ယနေ့ ဖတ်စရာ**

**မှန်းဆချက်နှင့် မှန်ကန်ချက်**

ဆောင်းပါး | စာ - ၁၀

**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး) (၂၇)ကြိမ်မြောက် သာသနတက္ကသိုလ မဟာဘွဲ့နှင်းသဘင်ကျင်းပမည်**

ပြည်တွင်းသတင်း | စာ - ၈

**ဗြိတိန်နိုင်ငံ၌ အိုမီခရွန်ကူးစက်မှုများကြားမှ အပိုဆောင်းကာကွယ်ဆေးထိုးကြရန် ပြင်ဆင်လျက်ရှိ**

နိုင်ငံတကာသတင်း | စာ - ၁၂

# မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့် ရာဇဝင်အူပေါက် ပုတ်ခတ်မှုများ

၁၉၃၉ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဖြစ်ပွားခဲ့သည့် ဒုတိယကမ္ဘာစစ်ကြီးက ကမ္ဘာ့သမိုင်းကို ပြောင်းလဲစေခဲ့သည်။ ထိုစဉ်က ကမ္ဘာ့အင်အားကြီးနိုင်ငံများ အုပ်စုနှစ်စုဖြစ်သည့် မဟာမိတ်နိုင်ငံများနှင့် ဝင်ရိုးတန်းနိုင်ငံများက ကမ္ဘာ့တိုက်ကြီးများရှိ နေရာအသီးသီးတို့တွင် စစ်မျက်နှာဖွင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး နယ်ချဲ့လက်ဟောင်းနှင့် လက်သစ်နိုင်ငံအုပ်စုများ အင်ပါယာစားခွက်လုကြသည့် စစ်ပွဲအဖြစ် အခြားရှုထောင့်မှနေ၍ ရှုမြင်ခဲ့ကြသည်လည်းရှိသည်။

၁၉၄၁ ခုနှစ်အတွင်း အီတလီ၊ ဂျာမနီ၊ ဂျပန်ဝင်ရိုးတန်း ဖက်ဆစ်နိုင်ငံများက စစ်မျက်နှာများတွင် အရေးသာနေစဉ်ကာလ အတ္တလန္တိတ်သမုဒ္ဒရာ နယူးဖောင်လန်ကျွန်းအနီး အမေရိကန်စစ်ရေယာဉ်တစ်စင်းပေါ်တွင် အမေရိကန်သမ္မတ ရုစဗဲ့နှင့် ဗြိတိန်ဝန်ကြီးချုပ် ဝင်စတန်ချာချီတို့ တွေ့ဆုံဆွေးနွေးရာမှ အတ္တလန္တိတ်ချာတာ ဟူသောအမည်ဖြင့် ထွက်ပေါ်လာသည့် ကြေညာချက်က မြန်မာ၊ အိန္ဒိယ စသည့် ကိုလိုနီနိုင်ငံများအပေါ် ပဲ့တင်ရိုက်ခတ်သွားခဲ့ပြီး လွတ်လပ်ရေးဟူသော မျှော်လင့်ချက်တို့ မြင့်မားလာခဲ့သည်။ ၎င်းကြေညာချက်ပါ လုံခြုံရေး၊ လွတ်လပ်ရေး၊ ငြိမ်းချမ်းရေး၊ တန်းတူညီမျှရေး၊ ဆင်းရဲတွင်းမှ လွတ်မြောက်ရေး စသည့်အကြောင်းအရာများက ကိုလိုနီနိုင်ငံများရှိ ပြည်သူများကို ဆွဲဆောင်နိုင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် အင်ပါယာများ နိဂုံးချုပ်ခဲ့ရသလို တစ်ချိန်က အင်ပါယာ အရှင်သခင်များမှာလည်း နေဝင်ချိန်သို့ ရောက်ရှိခဲ့သည်။ တစ်ချိန်တစ်ခါက အင်ပါယာပိုင်ရှင် လက်နက်နိုင်ငံကြီးများ၏ အရှင်သခင်များအဖြစ် ဂုဏ်ယူဝင့်ကြွားခဲ့မှုများမှာ အရှက်ရစရာများအဖြစ် အမြင်ပြောင်းလဲသွားခဲ့ပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့ကို လူသားတို့၏ စံတန်ဖိုးများအဖြစ် သတ်မှတ်လက်ခံလာကြသည်။ သို့ရာတွင် ယင်းသို့ စံတန်ဖိုးအသစ်ကို သတ်မှတ်ကြသည့် ဦးဆောင်သူများတွင် တစ်ချိန်က နယ်ချဲ့လက်ဟောင်းလက်သစ်နိုင်ငံများက အဓိကပါဝင်နေကြပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့တွင် စံမမီ၊ မကိုက်ညီ၊ နိမ့်ကျနေသူများအဖြစ် သတ်မှတ်စွပ်စွဲခံရသူအများစုမှာ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ခဲ့ရသည့် အာရှ၊ အာဖရိက တတိယနိုင်ငံများမှ အများစုတို့ ဖြစ်ကြသည်ကိုလည်း အံ့ဩဖွယ်ရာတွေ့ရပြန်သည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသည် တိုက်ယူ၍ ရခဲ့သော လွတ်လပ်ရေး မဟုတ်ကြောင်း၊ အတ္တလန္တိတ်ချာတာအရ ရရှိခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံရေးသမားအချို့ (ဗမာပြည်ကွန်မြူနစ်များအပါအဝင်) ၏ ဝေဖန်ပုတ်ခတ်မှုများမှာ လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း သက်ရှိထင်ရှားရှိစဉ်ကပင် ထွက်ပေါ်ခဲ့သလို ဗမာ့တပ်မတော်က ဦးဆောင်၍ ဖက်ဆစ်ဂျပန်ကို တော်လှန်ခဲ့ခြင်းနှင့် စပ်လျဉ်း၍လည်း သေးသိမ်စေရန် ပြောဆိုမှု၊ ရေးသားမှုများ၊ အတိတ်ကာလကရော မျက်မှောက်ကာလတွင်ပါ တွေ့ရှိနိုင်သည်။ အထူးသဖြင့် ယနေ့ခေတ် လူမှုကွန်ရက်တွင် တပ်မတော်အပေါ် ဆန့်ကျင်ပုတ်ခတ်လိုမှု၊ သေးသိမ်စေလိုမှု သက်သက်မျှဖြင့် မြန်မာ့လွတ်လပ်ရေး၊ ဖက်ဆစ်တော်လှန်ရေးတို့ကိုပါ ပုံပျက်ပန်းပျက်ဖြစ်အောင် ရာဇဝင်အူပေါက် ရေးသားဖြန့်ဝေနေကြခြင်းဖြစ်ကြောင်း တွေ့ရသည်။

စင်စစ်မြန်မာ့လွတ်လပ်ရေးသည် မဖြစ်မနေ (တောင်း၍ မရလျှင် တိုက်၍ယူမည်ဟူသော) သန္နိဋ္ဌာန်ဖြင့် စည်းလုံးညီညွတ်စွာ တောင်းဆိုရယူခဲ့သော လွတ်လပ်ရေးဖြစ်သည်။ ဖက်ဆစ်တော်လှန်ရေးတွင်လည်း ဗမာ့တပ်မတော်နှင့် ပြောက်ကျားတပ်များက ကမ္ဘာကပင် အသိအမှတ်ပြုအောင် တိုက်ခိုက်နိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့သို့ တိုက်ခိုက်ခြင်းကို ဗြိတိသျှတို့က ဖုံးနိုင်သမျှဖုံးခဲ့သည်။ သတင်းစာများတွင် ပါသင့်သလောက်မပါ။ ဗမာ့တပ်မတော်နှင့် ပူးတွဲတိုက်ခိုက်မှုများတွင် ၎င်းတို့ချည်း တိုက်သကဲ့သို့ သတင်းပေးခဲ့သည် သတင်းများ ထိမ်ချန်ထားသည့်ကြားမှ ကမ္ဘာကအသိအမှတ် ပြုလာခဲ့ခြင်းဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းက "ဒီလို ကမ္ဘာက ဗမာပြည်ကို ထင်ထင်ရှားရှား အသိအမှတ်ပြုလာခဲ့တာဟာ ဗမာပြည်ရဲ့ ရာဇဝင်မှာ ဒီတစ်ကြိမ်ပဲ ရှိသေးတယ်" ဟူ၍ မှတ်ချက်ပြုခဲ့သည်။ မိမိတို့ ဘိုးဘွားများ၏ အသက်သွေးချွေးတို့ဖြင့် ရင်းနှီးရယူခဲ့ရသည့် လွတ်လပ်ရေးကို လေးစားမြတ်နိုးစွာဖြင့် ထိန်းသိမ်းစောင့်ရှောက်ကြ ရမည့်တာဝန်မှာ မျက်မှောက်ကာလ မျိုးဆက်တို့၏ တာဝန်ဖြစ်သည့် အလျောက် တာဝန်ကျေပွန်နိုင်ကြပါစေကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း ကို အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးရဲကျော်မြ | ညွှန်ကြားရေးမှူးချုပ်<br>အာဆီယံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) | ဦးဝဏ္ဏာဟန် | ညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်နှင့် ပူတာအိုမြို့၊ တီးတိန်မြို့၊ တွန်းဇံမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ၊ ဆေး၊ အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၃**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခြင်း နှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့ရှိ သာသနာ့အလင်းရောင် ဘုန်းတော်ကြီးကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဘော့သပြေကန်ကျေးရွာရှိ အလယ်ကျောင်းတိုက်၊ ရေဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ သဒ္ဓမ္မဇောတိကာရုံ ပရိယတ္တိစာသင်တိုက် (ယာပုံ)၊ ခနေဖြူမြို့ရှိ စိတ္တသုခကျောင်းတိုက်နှင့် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ သာသနာသုံးဆူ ဘုန်းတော်ကြီးကျောင်းတိုက်တို့မှ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၃-၁၂-၂၀၂၁) ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Anti thrombosis | | | | |
| 1 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 2 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 3 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 4 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 5 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 6 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 7 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 8 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 9 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 10 | Injection Pantocid | 1g/Vial | 1500 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သတင်းစဉ်

❖ **ပြည်သူများကိုအကြမ်းဖက်တိုက်ခိုက်ခြင်းသည် အောက်တန်းကျသည့်လုပ်ရပ်ဖြစ်ပြီး လူထုကို အကြောက်တရားဖြစ်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ပြည်သူကို ခြိမ်းခြောက်၍ အကြောက်တရားဖြစ်အောင် ဆောင်ရွက်ခြင်းသည် ဒီမိုကရေစီနှင့်ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက်ရှိကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ပြည်သူများအားလုံးနှင့် တာဝန်ရှိသော အုပ်ချုပ်ရေးအဖွဲ့အစည်းများအားလုံး ပူးပေါင်း၍ စုပေါင်းအားဖြင့် ဆောင်ရွက်သွားကြရန်လို**

❖ **မိမိတို့နိုင်ငံတွင် ကာကွယ်ဆေးထိုးနှံပြီးမှု Doses အရေအတွက် ၃၁၀၄၉၂၇၅၊ လက်ကျန် Doses အနေဖြင့် ၁၁၇၂၂၃၂၅ ဖြစ်ပြီး နှစ်ကြိမ်အပြည့်ဆေးထိုးနှံပြီးသူ ၁၂၆၉၃၉၄၅ ဦး၊ တစ်ကြိမ်ထိုးနှံပြီးသူ ၅၆၆၁၃၈၅ ဦး ဖြစ်သဖြင့် တစ်ကြိမ်နှင့်အထက်ဆေးထိုးနှံပြီးသူ ၁၈၃၅၅၃၃၀ ဦးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယခုနှစ်ဒီဇင်ဘာလအတွင်း တစ်နိုင်ငံလုံး ၁၈ နှစ်အထက် လူဦးရေ၏ ၅၀ ရာခိုင်နှုန်း ထိုးနှံပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိ**

*❊ ရှေ့ဖုံးမှ*

Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဦးရွှေကြိမ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

**ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးရရှိရေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးနှင့်ပတ်သက်၍ နိုင်ငံတော်မှ ဝယ်ယူမှု၊ ပြည်ပနိုင်ငံများမှ နိုင်ငံတော်နှင့်တပ်မတော်သို့ လှူဒါန်းမှု၊ ပုဂ္ဂလိကလှူဒါန်းမှုနှင့် မြန်မာ–တရုတ် နယ်စပ်ဒေသအတွက် တရုတ်–မြန်မာ ချစ်ကြည်ရေးအသင်းက လှူဒါန်းမှုများအပါအဝင် ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေးရောက်ရှိမှုမှာ စုစုပေါင်း ၄၂၇၇၁၆၀၀ ရှိပြီဖြစ်ကြောင်း၊ ရုရှားနိုင်ငံမှဝယ်ယူထားသည့် ကာကွယ်ဆေးအလုံးရေ တစ်သန်းမှာလည်း ယခုလအတွင်း ရောက်ရှိရန်ရှိပြီး တရုတ်နိုင်ငံမှလည်း ကာကွယ်ဆေးများ ထပ်မံလှူဒါန်းပေးမည်ဟု သိရှိရကြောင်း၊ ဂျပန်နိုင်ငံ Nippon Foundation မှလည်း ကာကွယ်ဆေး အလုံးရေ ၂ သန်း လှူဒါန်းပေးသွားမည်ဖြစ်ပြီး ယခုလတွင် ၁ သန်း၊ ဇန်နဝါရီလတွင် ၁ သန်း ရောက်ရှိမည်ဟုသိရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် ကာကွယ်ဆေးထိုးနှံပြီးမှု Doses အရေအတွက် ၃၁၀၄၉၂၇၅၊ လက်ကျန် Doses အနေဖြင့် ၁၁၇၂၂၃၂၅ ဖြစ်ပြီး နှစ်ကြိမ်အပြည့်ဆေးထိုးနှံပြီးသူ ၁၂၆၉၃၉၄၅ ဦး၊ တစ်ကြိမ်ထိုးနှံပြီးသူ ၅၆၆၁၃၈၅ ဦး ဖြစ်သဖြင့် တစ်ကြိမ်နှင့်အထက် ဆေးထိုးနှံပြီးသူ ၁၈၃၅၅၃၃၀ ဦးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယခုနှစ်ဒီဇင်ဘာလအတွင်း တစ်နိုင်ငံလုံး ၁၈ နှစ်အထက် လူဦးရေ၏ ၅၀ ရာခိုင်နှုန်း ထိုးနှံပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး မျှော်မှန်းထားသည်ထက် ကျော်လွန်နိုင်မည် ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသူများကိုလည်း ဆက်လက်ထိုးနှံနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ Booster ထိုးနှံလိုသူများအနေဖြင့်လည်း သတ်မှတ်စည်းကမ်းများနှင့်အညီ ပုဂ္ဂလိကဆေးရုံများ၌ ထိုးနှံနိုင်ရေးခွင့်ပြုပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မလိုလားအပ်သော ဘေးထွက်ဆိုးကျိုးများ မဖြစ်စေရေးအတွက် အသိအမှတ်ပြုထားသော ဆေးဝါးများဖြစ်စေရေး ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများအနေဖြင့်လည်း သတ်မှတ်စည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း။

**ကာကွယ်ဆေး ထုတ်လုပ်ရေး**

ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်ရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံနှင့် ဆွေးနွေးလျက်ရှိပြီး ဇန်နဝါရီလအတွင်း စတင်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဆေးစတင်ထုတ်လုပ်ချိန်မှစ၍ တစ်လလျှင်ဆေးအလုံးရေ ၅ သန်း ထုတ်လုပ်နိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် အိုမီခရွန် ကိုဗစ်ဗီဇပြောင်း ရောဂါပိုးများ ကူးစက်မှု မရှိသေးသော်လည်း အိမ်နီးချင်းနိုင်ငံအချို့နှင့် ဒေသတွင်းနိုင်ငံအချို့တွင် ကူးစက်မှုများရှိနေသဖြင့် နိုင်ငံအတွင်း ကူးစက်မှုမရှိစေရေး သတိထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံထားသူများတွင် ထိခိုက်မှုနှုန်းနည်းပါးသည်ဟု သိရှိရကြောင်း၊ ရောဂါကူးစက်မှုများပြားလာပါက အဆင်သင့်ကုသနိုင်ရေး ဆေးရုံ၊ ဆေးခန်းများကိုလည်း ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း။

အကြမ်းဖက် သတ်ဖြတ်တိုက်ခိုက်မှုများနှင့်ပတ်သက်၍ ထိရောက်စွာ ဟန့်တားထိန်းချုပ်နိုင်ရေးနှင့် ဥပဒေစိုးမိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အများစုကို အချိန်မီဖမ်းဆီးဖော်ထုတ်နိုင်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်၏တာဝန်ကို ယူထားခြင်းဖြစ်ပြီး တပ်မတော်က တိုက်ရိုက်မအုပ်ချုပ်ဘဲ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ အရပ်သားအများစုကိုသာ တာဝန်ပေးအပ်ထားခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်နေခြင်းဖြစ်သဖြင့် ဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ထိရောက်စွာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် ပြည်သူများနှင့်ဆက်ဆံရာ တွင်လည်း ကောင်းမွန်ပြေပြစ်သော ဆက်ဆံရေးဖြင့် ဆောင်ရွက်သွားရန်လိုပြီး တတ်နိုင်သမျှ ပြည်သူများအပေါ် စိတ်ရှည်စွာဖြင့် လုပ်ပေးနိုင်သည်ကို စီမံဖြည့်ဆည်းပေးရန်လိုကြောင်း၊ အုပ်ချုပ်မှုနှင့်ပတ်သက်၍ ဥပဒေအရ၊ ဒီမိုကရေစီနည်းလမ်းအရ နားလည်အောင် အသိပညာပေးခြင်းဖြင့် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးအတွက် များစွာအထောက်အကူပြုမည် ဖြစ်ကြောင်း၊ အကြမ်းဖက်မှုများနှင့်ပတ်သက်၍လည်း အမြဲမပြတ် ဖော်ထုတ်ဖမ်းဆီးပြီး ထုတ်ပြန်၍ရသည့် သတင်းများကိုလည်း စဉ်ဆက်မပြတ် ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ **ပြည်သူများကို အကြမ်းဖက်တိုက်ခိုက်ခြင်းသည် အောက်တန်းကျသည့်လုပ်ရပ်ဖြစ်ပြီး လူထုကို အကြောက်တရားဖြစ်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ပြည်သူကို ခြိမ်းခြောက်၍ အကြောက်တရားဖြစ်အောင် ဆောင်ရွက်ခြင်းသည် ဒီမိုကရေစီနှင့်ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက်ရှိကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ပြည်သူများအားလုံးနှင့် တာဝန်ရှိသော အုပ်ချုပ်ရေးအဖွဲ့အစည်းများအားလုံး ပူးပေါင်း၍ စုပေါင်းအားဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း။**

**ကျန်ရှိသည့်အမှုများကို ဆက်လက်စစ်ဆေး**

ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဝင်းမြင့်တို့အား ယခုလ ၆ ရက်နေ့က ပုဒ်မနှစ်ခုဖြင့် ထောင်ဒဏ် ၄ နှစ်စီ အသီးသီးချမှတ်ခဲ့ပြီး ၂ နှစ်လျှော့ပေါ့ပေးခဲ့ကြောင်း၊ ကျန်ရှိသည့်အမှုများကို ဆက်လက်စစ်ဆေးနိုင်ရန်အတွက် အကျဉ်းထောင်သို့ ပို့ဆောင်ခြင်းမရှိဘဲ ယခုလက်ရှိနေရာတွင်သာ ဆက်လက်ထားရှိရန် ဆောင်ရွက်ခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဝင်းမြင့်တို့အား အမှုစစ်ဆေးနေချိန်ကာလမှ စီရင်ချက်ချမှတ်သည့်အချိန်အထိ သတ်မှတ်ချက်များအတိုင်း ၎င်း၏ရှေ့နေများနှင့် လွတ်လပ်စွာ တွေ့ခွင့်ပေးထားကြောင်း၊ အဆိုပါရှေ့နေများမှတစ်ဆင့် လက်ရှိနိုင်ငံရေးဖြစ်စဉ်များ၊ အကြမ်းဖက်ကိစ္စများနှင့် CRPH၊ NUG အဖွဲ့များ ဖွဲ့စည်းသည်ကို သိရှိပြီးဖြစ်မည်ဟု ယူဆပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့်လည်း ရှေ့နေများမှတစ်ဆင့် ၎င်း၏ မှတ်ချက်များပေးနိုင်သည့် အခွင့်အရေးရှိကြောင်း၊ မိမိတို့အနေဖြင့် စတင်တာဝန်ယူချိန်တွင် ရွေးကောက်ခံကိုယ်စားလှယ်များအား လွတ်လပ်စွာဖြင့်ထားရှိခဲ့ပြီး ၎င်းတို့၏ နေရပ်များသို့ ပြန်ပို့ပေးခဲ့ကြောင်း၊ ထိုသို့ပြန်လည်စေလွှတ်ပြီးချိန်တွင် အချို့ပုဂ္ဂိုလ်များမှာ ဥပဒေအရ ရင်ဆိုင်ခြင်းမရှိဘဲ ၎င်းတို့အနေဖြင့် အကြမ်းဖက်လမ်းစဉ်ဖြင့် တုံ့ပြန်ဆောင်ရွက်လာခြင်း ဖြစ်ကြောင်း။

**နိုင်ငံသားမှတ်ပုံတင်များ ရရှိရန်အရေးကြီး**

၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှုပြဿနာများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုသို့ဖြစ်ပေါ်ရာတွင် မှတ်ပုံတင်မပါဘဲ မဲပေးခဲ့သူ ၃ သန်းကျော်ရှိခဲ့သဖြင့် မဲပေးခွင့်ရှိသူများအားလုံး နိုင်ငံသားစိစစ်ရေးကတ်ရရှိရေးနှင့် တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားသူများ ပြန်လည်လက်ခံနိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအား ပြန်လည်ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားမှတ်ပုံတင်များ ပြုလုပ်ပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားများအားလုံး နိုင်ငံသားမှတ်ပုံတင်များ ရရှိရန်အရေးကြီးကြောင်း။

အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အခြေခံ ရပ်ကွက်/ကျေးရွာ အဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် စသည်ဖြင့် အဆင့်ဆင့်ဆောင်ရွက်လျက်ရှိပြီး အဓိကအကျဆုံးမှာ ခရိုင်အဆင့်ဖြစ်ကြောင်း၊ ထို့ကြောင့် ထိရောက်သောဒေသဖွံ့ဖြိုးမှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခရိုင်အဆင့်ရုံးများ ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး သတ်မှတ်ချက်များနှင့်အညီ ခရိုင်အဆင့်ရုံးများ ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေး ကောင်စီအဖွဲ့ဝင်များအနေဖြင့် အကြံပြုပေးကြရန် အသိပေးပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တက္ကသိုလ်၊ ကောလိပ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် **“တက္ကသိုလ်၊ ကောလိပ်၊ အခြေခံကျောင်းတွေနဲ့ပတ်သက်ပြီး အခုအခြေခံပညာကျောင်းတွေကတော့ ကျွန်တော်တို့ ဖွင့်ပါပြီ။ ဖွင့်နိုင်ပြီ။ တက္ကသိုလ်၊ ကောလိပ်တွေထဲမှာ ကျွန်တော်တို့ ပညာရေးနဲ့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်က မဟုတ်တဲ့ တက္ကသိုလ်၊ ကောလိပ်တွေ၊ ယဉ်ကျေးမှုတက္ကသိုလ်လိုဟာမျိုး။ ယဉ်ကျေးမှုဝန်ကြီးဌာနပေါ့။ နောက်တစ်ခါ လယ်ယာစိုက်ပျိုးရေး၊ သစ်တောရေးရာဝန်ကြီးဌာန၊ မွေးမြူရေးဝန်ကြီးဌာနကနေပြီးတော့ တက္ကသိုလ်တွေ ဖွင့်ဖို့လည်း ကျွန်တော်တို့ ခွင့်ပြုပေးတာတွေ ရှိပါတယ်။ နောက်သံဃာနဲ့ပတ်သက်တဲ့ သံဃာ့တက္ကသိုလ်တွေ ဖွင့်ခွင့်ပေးတာတွေရှိပါတယ်။ အကြမ်းဖျင်းက ဇန်နဝါရီပထမပတ်မှာ တက္ကသိုလ်တွေ စပြီးဖွင့်ပါမယ်။ အဲဒီတော့ တက္ကသိုလ်ဖွင့်လှစ်ရေးနဲ့ ပတ်သက်ပြီးတော့ အဓိကက ကိုဗစ်ကိုထိန်းနိုင်ဖို့ကတော့ တော်တော်လေး အဓိကကျပါတယ်။ အဲဒီတော့ ကိုဗစ်ထိန်းသိမ်းရေးနဲ့ ပတ်သက်ပြီး ကြည့်တဲ့အခါကျတော့ ဒီဇင်ဘာ ၁ ရက်နေ့မှာ ၄၂၃ ယောက်ဖြစ်ပါတယ်။ ဒီဇင်ဘာ ၂ ရက်နေ့မှာ ၅၂၁ ယောက် ဖြစ်ပါတယ်။ ဒီဇင်ဘာ ၃ ရက်နေ့မှာ ၄၀၂ ယောက် ဖြစ်ပါတယ်။**

*စာမျက်နှာ ၄ သို့*

❍ **၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှုပြဿနာများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုသို့ဖြစ်ပေါ်ရာတွင် မှတ်ပုံတင်မပါဘဲ မဲပေးခဲ့သူ ၃ သန်းကျော်ရှိခဲ့သဖြင့် မဲပေးခွင့်ရှိသူများအားလုံး နိုင်ငံသားစိစစ်ရေးကတ်ရရှိရေးနှင့် တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားသူများ ပြန်လည်လက်ခံနိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအား ပြန်လည်ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိ**

*စာမျက်နှာ ၃ မှ*

ဒီဇင်ဘာ ၄ ရက်နေ့မှာ ၃၇၄ ယောက် ဖြစ်တယ်။ ဒီဇင်ဘာ ၅ ရက်နေ့မှာ ၂၈၅ ယောက်ဖြစ်တယ်။ ဒီဇင်ဘာ ၆ ရက်နေ့မှာ ၂၃၀ ဖြစ်တယ်။ ဒီဇင်ဘာ ၇ ရက်နေ့မှာ ၃၆၇ ယောက်။ ဒီဇင်ဘာ ၈ ရက်နေ့မှာ ၃၉၈ ယောက်။ ဒီဇင်ဘာ ၉ ရက်နေ့မှာ ၃၄၇ ယောက်။ ဒီဇင်ဘာ ၁၀ ရက်နေ့မှာ ၂၇၄ ယောက်။ ဒီဇင်ဘာ ၁၁ ရက်နေ့မှာ ၃၇၅ ယောက်။ ဒီဇင်ဘာ ၁၂ ရက်နေ့မှာ ၂၈၀ ယောက် ဖြစ်ခဲ့တယ်။ ဆိုတော့ သိပ်တော့ မငြိမ်သေးဘူးဆိုတာ သွားဖော်ပြနေတယ်။ ၃၀၀ ကျော်နဲ့ ၄၀၀ ကျော်နဲ့ ၅၀၀ ကျော်နဲ့ ဒီလိုဖြစ်နေပါတယ်။ အဲဒီတော့ ဖြစ်နိုင်လို့ရှိရင် ၂၀၀ နဲ့အောက်ကို ၂ ရာခိုင်နှုန်းအောက်မှာ ငြိမ်ဖို့လိုတာပေါ့။ မနေ့က ဆိုရင် ၂ ရာခိုင်နှုန်း အထက်တွေ ပြန်ရောက်လာတာ ကျွန်တော်တို့ တွေ့တယ်။ ကျွန်တော်တို့ ကိုဗစ်နဲ့ ပတ်သက်ပြီး ကျောင်းတွေ ဖွင့်မယ်ဆိုရင်တော့ ကိုဗစ်ထိန်းချုပ်ရေးက တော်တော်လေးကို အလေးထားလုပ်ရမယ့် အနေအထားရှိပါတယ်။ အားနာလို့မရပါဘူး။ ဒါလည်း ကျွန်တော် Cabinet မှာလည်း ကျွန်တော်တို့ ပြောခဲ့ပါတယ်။ ကျွန်တော် သက်ဆိုင်ရာ ပြည်နယ်နဲ့တိုင်း တွေရောက်တဲ့အချိန်မှာလည်း ကျွန်တော်တပ်မတော်က အဖွဲ့တွေကိုလည်း ကျွန်တော်အကုန်မှာပါတယ်။ မင်းတို့အားမနာနဲ့၊ ငါတို့ရေရှည် ရှေ့ဆက်လုပ်ရမယ့် လုပ်ငန်းတွေမှာ အများကြီး အနှောင့်အယှက် ဖြစ်သွားနိုင်တယ်။ ဒါကြောင့် ကိုဗစ်ထိန်းချုပ်ရေးနဲ့ ပတ်သက်ရင် အားမနာပါနဲ့၊ ကိုင်ပါလို့ ကျွန်တော် ပြောထားတာ ရှိပါတယ်။ တစ်ဖက်ကလည်း ဒီကိုဗစ်မဖြစ်အောင် လုပ်ဖို့လိုသလို တစ်ဖက်ကလည်း ကိုဗစ်ရဲ့အခြေအနေ။ ဥပမာအားဖြင့် ကျွန်တော်တို့က Third Wave ဖြစ်ပြီးတော့ Fourth Wave မှာ ကျွန်တော်တို့မှာ မဖြစ်လိုက်ဘူး။ Third Wave နဲ့ ကျွန်တော်တို့ပြီးသွားတယ်။ အိုမီခရွန်လည်း ဒီလိုပဲ။ ဒါပေမယ့် အခြားနိုင်ငံမှာ နိုင်ငံပေါင်း ၄၀ ကျော် ၅၀ လောက် တွေ့နေပြီ။ ကျွန်တော်တို့သတိထားရမယ့် အနေအထားတော့ ရှိတယ်။ အဲ့ဒီတော့ ဘာပဲပြောပြော ကိုယ့်ဘက်ကတော့ ဆေးရုံတွေ ဘာတွေက အကုန်ပြင်ထားဖို့ လိုပါတယ်။ ဒါကြောင့် ကျွန်တော် ကျန်းမာရေးဝန်ကြီးဌာနက ဆေးရုံတွေ၊ ကျွန်တော်တို့တပ်မတော် ဆေးရုံတွေအားလုံးကို ဒီကိုဗစ်နဲ့ ပတ်သက်ပြီးကုဖို့ သီးခြားနေရာတစ်ခု လုပ်ခိုင်းထားပါတယ်။ သီးခြားနေရာတွေ၊ Oxygen Plant တွေ အကုန်လုံးရှိရမယ်။ ဆရာဝန်တွေ အကုန်လုံးရှိရမယ်။ ကိုဗစ်မရှိလို့ မလုပ်ဘူးဆိုပြီး သွားမလုပ်နဲ့။ ဖြစ်ကာမှ မျက်ကလဲဆန်ပျာနဲ့။ ဘယ်မှာမှရှာမရ။ ဟိုပစ္စည်းသုံးမရ။ ဒီပစ္စည်းက သုံးမရ။ ဟိုဟာက ရှာမရ။ ဒီဟာက ရှာမရနဲ့။ ကျွန်တော်တို့တော်တော်ကို အခက်အခဲဖြစ်ခဲ့ဖူးတယ်။ ဒါလည်း ပြည်နယ်နဲ့တိုင်းအလိုက်က နည်းနည်းပြန်ပြီး စစ်ဆေးကြပ်မတ်ပေးဖို့ ကျွန်တော် ပြောလိုပါတယ်။ အဲ့ဒါတွေအပေါ် မူတည်ပြီးတော့ ကောင်းတယ်ဆိုရင်၊ အခြေအနေကောင်းတယ်ဆိုရင် ကောလိပ်တွေ၊ တက္ကသိုလ်တွေ ကျွန်တော်တို့ လာမယ့်ဇန်နဝါရီလ ပထမပတ်ထဲမှာ ကျွန်တော်တို့ ဖွင့်ပါမယ်။ လွှတ်လပ်ရေးနေ့ပြီးရင် ကျွန်တော်တို့ဖွင့်ဖို့ ရည်ရွယ်ထားပါတယ်" ဟု ပြောကြားသည်။

**ကျန်းကျန်းမာမာ ပညာသင်ကြားနိုင်ရေး**

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများ လုံခြုံမှုရှိစွာဖြင့် ကျန်းကျန်းမာမာ ပညာသင်ကြားနိုင်ရေးလိုအပ်ကြောင်း၊ အလားတူ ကျောင်းသားများ အမှန်တကယ် တတ်မြောက်ရေးအတွက် ကျောင်းခေါ်ချိန်ပြည့်မီရေးသည်လည်း အရေးကြီးသဖြင့် ကျောင်းခေါ်ချိန်အား ကန့်သတ်ဆောင်ရွက်ရန် လိုကြောင်း၊ အခြေခံပညာကျောင်းများအား ၇၈ ရာခိုင်နှုန်း ပြန်လည်ဖွင့်လှစ်နိုင်ပြီး ဖွင့်လှစ်ရန် ၂၂ ရာခိုင်နှုန်းကျော်ခန့် ကျန်ရှိနေသေးကြောင်း၊ ဥပမာအားဖြင့် နေပြည်တော်ကောင်စီနယ်မြေတွင် ရာခိုင်နှုန်းပြည့်ဖွင့်လှစ်နိုင်ပြီး ကျန်ရှိသည့် ကျောင်းများမှာ ရေဝတီတိုင်းဒေသကြီးတွင် ၂ ကျောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ၃၂ ကျောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၃၇ ကျောင်းနှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တို့ရှိ စာသင်ကျောင်းများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါအခြေခံပညာကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက်လည်း အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးသိန်းညွန့် ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ရှင်းလင်းတင်ပြစဉ်။

- **မိမိတို့နိုင်ငံတွင် အိုမီခရွန် ကိုဗစ်ဗီဇပြောင်း ရောဂါပိုးများ ကူးစက်မှု မရှိသေးသော်လည်း အိမ်နီးချင်းနိုင်ငံအချို့နှင့် ဒေသတွင်းနိုင်ငံအချို့တွင် ကူးစက်မှုများရှိနေသဖြင့် နိုင်ငံအတွင်း ကူးစက်မှုမရှိစေရေး သတိထားဆောင်ရွက်ရမည်**
- **အခြေခံပညာကျောင်းများအား ၇၈ ရာခိုင်နှုန်း ပြန်လည်ဖွင့်လှစ်နိုင်ပြီး ဖွင့်လှစ်ရန် ၂၂ ရာခိုင်နှုန်းကျော်ခန့်ကျန်ရှိနေသေးကြောင်း၊ ဥပမာအားဖြင့် နေပြည်တော်ကောင်စီနယ်မြေတွင် ရာခိုင်နှုန်းပြည့်ဖွင့်လှစ်နိုင်ပြီး ကျန်ရှိသည့် ကျောင်းများမှာ ရေဝတီတိုင်းဒေသကြီးတွင် ၂ ကျောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ၃၂ ကျောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၃၇ ကျောင်းနှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တို့ရှိ စာသင်ကျောင်းများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါအခြေခံပညာကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက်လည်း အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရန်လို**

**မြေယာကိစ္စ**

မြေယာကိစ္စနှင့်ပတ်သက်၍ ခေတ်အဆက်ဆက်တွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကြောင်းပြ၍ မြေလျှောက်ခြင်းများနှင့် တရားမဝင် မြေယာကျူးကျော်နေထိုင်မှုများရှိခဲ့ပြီး အချို့နေရာများတွင် အိမ်ရာစီမံကိန်းများအကြောင်းပြ၍ မြေများ ရယူထားရှိမှုများရှိကြောင်း၊ သို့သော် အချို့နေရာများတွင် စီမံကိန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများမရှိခြင်းနှင့် စိုက်ပျိုးမြေများအပေါ်တွင် ဥပဒေကိုကျော်၍ အခြားနည်းများဖြင့် အသုံးပြုခြင်းများ ဖြစ်ပေါ်လျက်ရှိသည်ကို သိရှိရကြောင်း၊ ထိုသို့ဆောင်ရွက်နေမှုများအပေါ် တာဝန်ရှိသူများက ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာ၊ ဒေါက်တာ ဗညားအောင်မိုးနှင့် ဦးရွှေကြိမ်းတို့က အကြမ်းဖက်အဖွဲ့အစည်းများကို ထောက်ခံအားပေးသူများတွင် အချို့သော ပုဂ္ဂလိကကျောင်းများနှင့် ကျောင်းဆရာများပါဝင်နေသည့်အတွက် ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင်ခြင်းဥပဒေကို ပြန်လည်စိစစ်သွားရေး၊ မဲစာရင်းလိမ်လည်မှုဖြစ်စဉ်နှင့် ပတ်သက်၍ အမှုစစ်ဆေးဆဲကာလတွင် အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် သတင်းထုတ်ပြန်ပေးနိုင်ရေး၊ မဲမသမာမှု ကျူးလွန်ခဲ့သူအဆင့်ဆင့်အား သက်ဆိုင်ရာ ဥပဒေများဖြင့် အရေးယူဆောင်ရွက်ရေး၊ မြန်မာ – တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးအတွက် ကိုယ်စားလှယ်အဖွဲ့စေလွှတ်၍ ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားရေး၊ ကုန်စည်သယ်ယူပို့ဆောင်မှုစရိတ်စကများ သက်သာမှုရှိစေရေးနှင့် စိုက်ပျိုးရေးထုတ်ကုန်များ ဈေးမှန်ရရှိစေရေး၊ လမ်းပန်းဆက်သွယ်မှုများ လျင်မြန်ချောမွေ့စေရေးအတွက် မြန်မာနိုင်ငံ အရှေ့၊ အနောက် မီးရထားလမ်းများနှင့် ကားလမ်းများ ထပ်မံဖောက်လုပ်ရေး၊ ကမ်းရိုးတန်းဒေသတစ်လျှောက် သန္တာကျောက်တန်းနှင့် ဒီရေတောများ ထိန်းသိမ်းရေးအတွက် နိုင်ငံတော်က အားပေးဆောင်ရွက်သွားရေး၊ လူငယ်ရေးရာကော်မတီများမှ လူငယ်မူဝါဒကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်နိုင်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ အားကစားနည်းများကို ဖော်ထုတ်၍ ပွဲတော်များတွင် ထည့်သွင်းကျင်းပသွားနိုင်ရေး၊ မြေအောက်အပူစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များဖြင့်ဆွေးနွေးသွားရေး၊ မင်းတပ်ဒေသတွင် ဝဥ နှင့် တွဲဖက်စိုက်ပျိုးနိုင်သည့် သီးနှံအမျိုးအစားများကို သုတေသနပြုလုပ်ပေးရေး၊ ဝဥ စိုက်တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ရရှိနိုင်ရေး၊ လက်ရှိနိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများနှင့်ပတ်သက်၍ ဆိုရှယ်မီဒီယာများတွင် အချိန်နှင့်တစ်ပြေးညီ သတင်းမှန်ပြန်ကြားပေးနိုင်ရေး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွင်း ဒေသအခြေအနေအရ လိုအပ်သောဌာနဆိုင်ရာ အစိုးရရုံးအဖွဲ့များ တိုးချဲ့ဖွဲ့စည်းနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်း ပြောကြားရာတွင် မြေအောက်အပူစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကိစ္စနှင့်ပတ်သက်ပြီး လေ့လာသုံးသပ်သွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ အားကစားနည်းများ ဖော်ထုတ်ရေးကိစ္စကို အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြဝတီ – မဲဆောက်မှ ရန်ကုန်ကိုဖြတ်ပြီး ငရပ်ကောင်းဘက်သို့သွားသည့် လမ်းနှင့်ပတ်သက်၍လည်း ဆက်လက်ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးပြီးဖြစ်ကြောင်း။

**ကုန်ထုတ်သမဝါယမစနစ်ကို ထူထောင်**

ကျေးလက်လမ်း၊ ကျေးရွာချင်းဆက်လမ်း၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်ခြင်း လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်နေကြောင်း၊ တောင်သူများ၏ စိုက်ပျိုးရေးထွက်ကုန်များ ဈေးကောင်းရရှိရေးအတွက် ကျေးလက်မှ တိုက်ရိုက်ရောင်းချနိုင်သည့် ကုန်ထုတ်သမဝါယမစနစ်ကို ထူထောင်ရန် လုပ်ဆောင်နေကြောင်း၊ ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သော နာဂစ်မုန်တိုင်းကြောင့် သေဆုံးသူအများစုသည် လေကြောင့် သေဆုံးခြင်းထက် ရေကြောင့်သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း၊ ဧရာဝတီတိုင်းမှ လမုပင်များ အဟောသိကံ ထုတ်ပြီး မီးသွေးဖုတ်၊ ထင်းခုတ်ခဲ့သဖြင့် အစားထိုးပြန်လည်စိုက်ပျိုးမှု အားနည်းကာ ပင်လယ်ရေကို မတားဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ နောင်တွင် အလားတူ အန္တရာယ်များကို ကာကွယ်တားဆီးနိုင်ရန် အကောင်းဆုံးနည်းလမ်းမှာ ဒီရေတောများ ဖြစ်ထွန်းအောင် စိုက်ပျိုးခြင်းနှင့် ရှိပြီးသား ဒီရေတောများ ထိန်းသိမ်းခြင်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ဧရာဝတီ၊ ရခိုင်၊ ရန်ကုန်၊ မွန်နှင့် တနင်္သာရီကမ်းရိုးတန်းဒေသများတွင် လမုပင်များ၊ အုန်းပင်များစိုက်ပျိုးရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ အုန်းထွက်ပစ္စည်းများသည် များစွာအသုံးဝင်ပြီး တန်ဖိုးလည်းရှိကြောင်း၊ မြစ်ဝကျွန်းပေါ်တစ်လျှောက်လုံးတွင် အုန်းပင်နှင့် လမုပင်များ စိုက်ပျိုးရမည်ဖြစ်ကြောင်း။

**သစ်တောများကို ပြန်လည်ထိန်းသိမ်း**

သစ်တောများကို ပြန်လည်ထိန်းသိမ်း၍ မိမိတို့နိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု ၄၁ ရာခိုင်နှုန်းမှ ပိုမိုတိုးတက်လာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သစ်တောများကို မူလအခြေအနေအထိ ပြန်လည်ရောက်ရှိအောင် ကြိုးစားထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြေနှင့်ပတ်သက်၍

*စာမျက်နှာ ၅ သို့*

- ပြည်ပနိုင်ငံများနှင့် စီးပွားရေးကုန်သွယ်မှုမြှင့်တင်ရေးနိုင်ရေးအတွက် အလေးထားဆောင်ရွက်နေကြောင်း၊ မြန်မာကျပ်ငွေနှင့် ၎င်းတို့နိုင်ငံသုံးငွေ တိုက်ရိုက်ပေးချေနိုင်ရန် အိန္ဒိယ၊ ထိုင်း၊ တရုတ်နိုင်ငံတို့နှင့် သဘောတူ လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း၊ နိုင်ငံ၏စီးပွားရေး ပြန်လည်ကောင်းမွန်လာအောင် ဘက်ပေါင်းစုံမှ အတတ်နိုင်ဆုံး ဆောင်ရွက်နေ
- ချင်းပြည်နယ်အတွင်း မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားရရှိနိုင်ရေးနှင့် မဏိပူရရေအားလျှပ်စစ်စီမံကိန်းမှ ဓာတ်အားထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ကလေး ကျောက်မီးသွေးစက်ရုံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးနှင့် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်အစပ်တွင် ရေအားလျှပ်စစ်စနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိ

*စာမျက်နှာ ၄ မှ*

မြေကို အကျိုးရှိစွာ အသုံးချနိုင်ရန် မြေယာစီမံခန့်ခွဲမှုကို စနစ်တကျဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**စီးပွားရေးကုန်သွယ်မှုမြှင့်တင်**

ရွေးကောက်ပွဲ မဲမသမာမှုများနှင့် ပတ်သက်၍လည်း ပြည်တွင်းပြည်ပက သိရှိအောင် ဆောင်ရွက်နေကြောင်း၊ ရွေးကောက်ပွဲတွင် မမှန်မကန် ဆောင်ရွက်ခဲ့သည့် တာဝန်ရှိသူများနှင့် ပါဝင်ပတ်သက်သူများကိုလည်း အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ အချိုးကျကိုယ်စားပြုစနစ်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ဆက်လက် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများနှင့် စီးပွားရေးကုန်သွယ်မှု မြှင့်တင်နိုင်ရေးအတွက် အလေးထား ဆောင်ရွက်နေကြောင်း၊ မြန်မာကျပ်ငွေနှင့် ၎င်းတို့နိုင်ငံသုံးငွေ တိုက်ရိုက်ပေးချေနိုင်ရန် အိန္ဒိယ၊ ထိုင်း၊ တရုတ်နိုင်ငံတို့နှင့် သဘောတူ လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း၊ နိုင်ငံ၏စီးပွားရေး ပြန်လည်ကောင်းမွန်လာအောင် ဘက်ပေါင်းစုံမှ အတတ်နိုင်ဆုံး ဆောင်ရွက်နေကြောင်း။


ချင်းပြည်နယ်အတွင်း မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား ရရှိနိုင်ရေးနှင့် မဏိပူရရေအား လျှပ်စစ်စီမံကိန်းမှ ဓာတ်အားထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ကလေး ကျောက်မီးသွေးစက်ရုံမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးနှင့် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ် အစပ်တွင် ရေအားလျှပ်စစ်စနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ရွှေ့ပြောင်းတောင်ယာကိစ္စရပ်များနှင့် စပ်လျဉ်း၍ တောတောင်များ မပြုန်းတီးစေရေးနှင့် ရေဝေရေလဲဒေသများ ကာကွယ်ရေးကို ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ လူမှုကွန်ရက်စာမျက်နှာများကို အသုံးပြု၍ သတင်းအမှန် ထုတ်ပြန်နိုင်ရေးနှင့် စပ်လျဉ်း၍ ထိထိရောက်ရောက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ဒေသအလိုက် လိုအပ်ချက်အရ ဒေသအဆင့် အဆုံးအဖြတ်ပေးနိုင်မည့် ခရိုင်ရုံးများအဖြစ် သတ်မှတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**နိုင်ငံရေးရည်ရွယ်ချက်နှစ်ခု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မိမိတို့အစိုးရ၏ နိုင်ငံရေးရည်ရွယ်ချက်နှစ်ခုမှာ တိုင်းပြည်သာယာဝပြောရေးနှင့် တိုင်းပြည် စားနပ်ရိက္ခာဖူလုံရေးဖြစ်ကြောင်း၊ ဒေသအလိုက် စားနပ်ရိက္ခာဖူလုံရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသည် ပြည်သူပြည်သားများ စားနပ်ရိက္ခာဖူလုံစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ အနေဖြင့်လည်း ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဆွေးနွေးဖော်ဆောင်သွားကြစေလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးခင်မောင်ဆွေ ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင် ရှင်းလင်းတင်ပြစဉ်။

**ဆေးတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ဖြေဆိုခွင့်ပေးသွားမည်**

မိမိတို့နိုင်ငံတွင် ၁၉၉၅ နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ နိုင်ငံအတွင်းရှိ ဆေးတက္ကသိုလ်များမှ မွေးထုတ်ပေးခဲ့သည့်ဆရာဝန်များ၃သောင်းကျော်ရှိသော်လည်း နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူ ၁ သောင်းခန့်သာရှိသည့်အတွက် ထက်ဝက်ပင်မရှိသည်ကိုတွေ့ရကြောင်း၊ အဆိုပါဆရာဝန်များသည် ယခုအခါ အသက်အားဖြင့် ၅၅ နှစ်ဝန်းကျင်သာရှိမည်ဖြစ်၍ နိုင်ငံ့တာဝန်ကို ကောင်းစွာထမ်းဆောင်နိုင်သည့် အရွယ်များပင်ဖြစ်သော်လည်း နိုင်ငံ့တာဝန်ကို ထမ်းဆောင်မှုမပြုသဖြင့် တိုင်းပြည်အတွက် များစွာနစ်နာရကြောင်း၊ ထို့ကြောင့် လာမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ခေါ်ဆိုရာတွင် အင်္ဂလိပ်၊ ဇီဝဗေဒနှင့် ဓာတုဗေဒဘာသာရပ်များတွင် အမှတ်ကောင်းသူများကို ဆေးတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ဖြေဆိုခွင့်ပေးသွားမည်ဖြစ်ပြီး ထိုသို့ ဆေးတက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားရာတွင်လည်း ပညာသင်ထောက်ပံ့ကြေးပေး၍ ကျောင်းတက်ခွင့်ပေးသွားမည်ဖြစ်ကာ နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်သွားရန် ဝန်ခံကတိ လက်မှတ်ရေးထိုးရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်မထမ်းဆောင်လိုသူများအနေဖြင့် ပညာသင်ကြားရေးစရိတ်များ နိုင်ငံတော်သို့ ပြန်လည်ပေးချေရမည်ဖြစ်ကြောင်း၊ နေပြည်တော် ကောင်စီနယ်မြေတွင်လည်း ဝိဇ္ဇာ၊ သိပ္ပံ၊ ဥပဒေ၊ စီးပွားရေး၊ ဆေးပညာ၊ လူမှုဝန်ထမ်းဘာသာရပ်များ သင်ကြားနိုင်မည့် တက္ကသိုလ်တစ်ခုရှိရန် လိုအပ်သည်ဟုယူဆပါကြောင်း၊ ယင်းအတွက် ပြင်ဆင်ဆောင်ရွက်နေကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဧရာဝတီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသူများကို ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ကျန်းမာရေးဝန်ထမ်းများကို ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နေ့လယ်ပိုင်းတွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် ဧရာဝတီခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။




ထို့နောက် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ပုသိမ်မြို့ နယ်မြေခံဆေးတပ်ရင်းနှင့် ဟိုင်းကြီးကျွန်းမြို့ရှိ တပ်မတော်ဆေးရုံတို့မှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများကို တိုင်းမှူးက ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံးညှော့ခန်းမ၌ ပြုလုပ်ကြရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

**ဆွေးနွေးတင်ပြ**

အစည်းအဝေးတွင် တက်ရောက်လာကြသူများက ပြည်နယ်အတွင်း ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘယာဝေး၍ ငြိမ်းအေးစေ ......

*ထွန်းထွန်း(ခရေရိပ်)*

ပြီးခဲ့တဲ့ရက်ပိုင်းက စာရေးသူတို့ နေထိုင်ရာလမ်းရှိ နေအိမ်တစ်ခုကို လုံခြုံရေး တပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေရာ လက်နက်များ သိမ်းဆည်းရမိခဲ့ကြောင်း သိခဲ့ရသည်။ လက်နက်များနှင့်အတူ ဖမ်းဆီးရမိသည့် အမျိုးသားမှာ အသက် ၄၀ ကျော်ဖြစ်ပြီး နောက်ခံသမိုင်းကြောင်းကို ကြည့်မည်ဆိုပါက ထိုသူသည် ခိုးကူးအခွေများရောင်း၍သော်လည်းကောင်း၊ နှစ်လုံးထီရောင်း၍သော်လည်းကောင်း အသက်မွေးနေသူတစ်ဦး ဖြစ်သည်။ အတ္တပရမ္မတအောင် နေထိုင်သူတစ်ဦးမဟုတ်သလို ပညာတတ်တစ်ဦး၊ နိုင်ငံအကျိုး၊ ရပ်ရွာ၊ ပြည်သူတို့၏ အကျိုးများဆောင်ရွက်ရာတွင် အားတက်သရောပါဝင်လေ့ရှိသူ တစ်ဦးလည်း မဟုတ်ပါ။ မိသားစုစားဝတ်နေရေးကို အဆင်ပြေသလို ဖြေရှင်းနေသူတစ်ဦးဖြစ်ပြီး နိုင်ငံ့အရေး၊ နိုင်ငံရေးများကို စိတ်မဝင်စား၊ ပြင်းပြသည့်စိတ်ဆန္ဒမရှိသော ထိုပုဂ္ဂိုလ်မျိုးတွင် ယခုကဲ့သို့ တွေ့ရှိရသည်မှာ အံ့ဖွယ်ကောင်းလေစွ။ မည်သို့သော အကြောင်းတရားများက စေ့ဆော်တိုက်တွန်းသဖြင့် ယခုကဲ့သို့ လုပ်ရပ်များကို ကျူးလွန်သည်ဆိုသည်ကို တွေးတောနေမိသည်။

ဖေဖော်ဝါရီလ ၁ ရက် တပ်မတော်က နိုင်ငံ၏ တာဝန်အရပ်ရပ်ကို လွှဲပြောင်းရယူချိန် နောက်ပိုင်းစတင်၍ အကြမ်းမဖက်ဘူး၊ အားလုံး အပေါ်မေတ္တာဖြင့်သာ ငြိမ်းချမ်းစွာ ဆန္ဒပြမည်၊ လူတစ်ဦးချင်းစီ၏ လူ့အခွင့်အရေးကို တန်ဖိုးထားမည်ဟု ကြွေးကြော်ခဲ့ကြသူများသည် ယခုအချိန်တွင် ပြည်သူလူထုကို ဝါဒမှိုင်းတိုက်၊ စည်းရုံးသိမ်းသွင်းကာ ထိုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များကို လုပ်ကိုင်စေခဲ့သည်။ သို့မို့ကြောင့်လည်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ဖြစ်စဉ်များ၊ ပါဝင်ကျူးလွန်ခဲ့သူများကို နိုင်ငံတော်အစိုးရက ယခုကဲ့သို့ ကွင်းဆက်ဖော်ထုတ်ကာ တားဆီးဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမပြုနိုင်စေရန်၊ အစိုးရ၏ အုပ်ချုပ်ရေးယန္တရားပျက်ပြားစေရန်နှင့် ပြည်သူလူထုအား အကြောက်တရားလွှမ်းမိုးစေရန် ရည်ရွယ်လျက် အကြမ်းဖက်အုပ်စုများဖြစ်သော CRPH ၊ NUG ၊ PDF စသည့်အဖွဲ့အစည်းများက နိုင်ငံတော်နှင့် အပြစ်မဲ့သည့် ပြည်သူအများကို ဆင်းရဲဒုက္ခရောက်ရအောင် အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက် ခြိမ်းခြောက်ခြင်း၊ အနိုင်ကျင့်သတ်ဖြတ်ခြင်းများ လုပ်ဆောင်နေသည်ကို အားလုံးအသိပင်ဖြစ်သည်။

**အကြောင်းမဲ့ရက်စက်စွာ သတ်ဖြတ်နေ**

ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ကာကွယ်ဆေး ထိုးနှံရေးလုပ်ငန်းများတွင် ကူညီနေသူ စေတနာလုပ်အားရှင်များကို ရန်ပြုတိုက်ခိုက်နေကြသည်။ အယူအဆ မတူကြသဖြင့် ရဟန်း၊ သံဃာများ၊ ဆရာ ဆရာမများကို ရက်ရက်စက်စက် သတ်ဖြတ်နေကြသည်။ နိုင်ငံအတွက် တာဝန်ထမ်းနေသော နိုင်ငံ့ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့်အဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ အပြစ်မဲ့ပြည်သူများကို ဒလန်ဟု စွပ်စွဲပြီး အကြောင်းမဲ့ရက်စက်စွာ သတ်ဖြတ်နေကြသည်။

ဖေဖော်ဝါရီလ ၁ ရက်မှ နိုဝင်ဘာလလယ်အထိ အကြောင်းမဲ့ ရက်စက်စွာ သတ်ဖြတ်ခံရသူ စုစုပေါင်း ၂၄၈ ဦးခန့်နှင့် ထိခိုက်ဒဏ်ရာရရှိသူ ၂၂၇ ဦးခန့်ရှိပြီဖြစ်သည်။

ထို့ပြင် အများပြည်သူသွားလာနေသော လမ်းမကြီးများ၊ လမ်းများနှင့် ဌာနဆိုင်ရာ ရုံးများကို လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများ ထောင်ကာ ဖောက်ခွဲခြင်း၊ ပစ်ပေါက်ခြင်းများကိုလည်း ပြုလုပ်လျက်ရှိရာ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများကြောင့် နိုဝင်ဘာလ ၁၅ ရက်အထိ စာသင်ကျောင်း ၄၄၄ ကျောင်း၊ ဆေးရုံ၊ ဆေးခန်း ၂၅ ခု ပျက်စီးဆုံးရှုံးခဲ့ရသည်။

ထို့အတူ နိုဝင်ဘာလ ၂၀ ရက်အထိ မြို့နယ် ၁၀ မြို့နယ် ဈေး ၁၀ ခုမှ ဈေးဆိုင်ခန်းများ၊ လမ်းတံတား စုစုပေါင်း ၃၉၇ ခု ပျက်စီးဆုံးရှုံးခဲ့ရသလို နိုင်ငံပိုင်နှင့် ပုဂ္ဂလိကဘဏ် ၆၇ ခု မီးရှို့ဖောက်ခွဲဖျက်ဆီးခံခဲ့ရသည်။

ထိုသို့သော အကြမ်းဖက်လုပ်ရပ်များကြောင့် ပြည်သူလူထုမှာ စိတ်လုံခြုံမှုမရှိ စိုးရိမ်ထိတ်လန့်နေကြရသည်။ နေ့စဉ်လုပ်ဆောင်နေကျ လုပ်ငန်းဆောင်တာတို့ကို သွားလာလုပ်ကိုင်ကြရရာတွင် ဒလန်ဟု မတရားစွပ်စွဲပြီး ဘယ်အချိန်၊ ဘယ်နေရာမှ ဗုံးဖောက်ခွဲမည်၊ ပစ်ခတ်တိုက်ခိုက်ခံရမည်ဆိုသည်ကို နောက်ကျောမလုံ စိုးရိမ်ကြောင့်ကြနေကြရသည်။

**စစ်ရေးနည်းအားဖြင့် လက်နက်ကိုင်ပဋိပက္ခကို မီးမွှေးခြင်းက အဖျက်သက်သက် ရည်ရွယ်ချက်၊ နိုင်ငံနှင့်လူမျိုးကို အကျိုးမဲ့အောင် ဖျက်ဆီးဖြိုခွဲရန်သက်သက်ဖြစ်သည်။ စစ်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွက် သေရေးရှင်ရေးတမျှ အရေးကြီးလှသည့်ကိစ္စတစ်ရပ်ဖြစ်ပြီး ပြည်သူလူထု၏ အသက်ရှင်ရေး၊ သေကျေပျက်စီးရေးနှင့်လည်း သက်ဆိုင်လျက်ရှိရုံမျှမက နိုင်ငံတည်တံ့ခိုင်မြဲရေး၊ ပျက်သုဉ်းရေးကိုလည်း ဖြစ်ပေါ်စေနိုင်**

**ထိတ်လန့်နေကြရ**

ကိုဗစ် – ၁၉ ကမ္ဘာ့ကပ်ရောဂါကြီးက လှိုင်းလုံးသဖွယ် တစ်လှိုင်းပြီး တစ်လှိုင်း ဖိစီးနှိပ်စက်နေချိန်တွင် ကပ်ဘေးတွင် မပါသေး၍ မသေနိုင်သေးဟု စိတ်အေးလက်အေးနေ၍မရ လက်နက်ဘေးကို မျှော်တွေးကာ ထိတ်လန့်နေကြရသည်။

“မျက်လုံးတစ်လုံးအတွက် မျက်လုံးတစ်လုံးကိုသာ အစားပြန်လျော်ရမယ်ဆိုရင် တစ်လောကလုံး မျက်ကန်းတွေ ဖြစ်ကုန်ရောပေါ့” လို့ မဟတ္တမဂန္ဒီ၏ အဆိုအမိန့်တစ်ခုကို အမှတ်ရမိပါသည်။

စစ်ရေးနည်းအားဖြင့် လက်နက်ကိုင်ပဋိပက္ခကို မီးမွှေးခြင်းက အဖျက်သက်သက် ရည်ရွယ်ချက်၊ နိုင်ငံနှင့်လူမျိုးကို အကျိုးမဲ့အောင် ဖျက်ဆီးဖြိုခွဲရန်သက်သက်ဖြစ်သည်။ စစ်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွက် သေရေးရှင်ရေးတမျှ အရေးကြီးလှသည့်ကိစ္စတစ်ရပ်ဖြစ်ပြီး ပြည်သူလူထု၏ အသက်ရှင်ရေး၊ သေကျေပျက်စီးရေးနှင့်လည်း သက်ဆိုင်လျက်ရှိရုံမျှမက နိုင်ငံတည်တံ့ခိုင်မြဲရေး၊ ပျက်သုဉ်းရေးကိုလည်း ဖြစ်ပေါ်စေနိုင်သည်။

အချို့က နိုင်ငံ၏ ထိပ်ပိုင်းခေါင်းဆောင်တို့ အာဏာလုရင်း စစ်ခင်းနေကြခြင်းသာဟု ပြောဆိုနေကြသော်လည်း မဟုတ်ပါဟု အခိုင်အမာငြင်းဆိုလိုပါသည်။ အမျိုး၊ ဘာသာ၊ သာသနာအတွက် နိုင်ငံတော်ကို တည်တံ့ခိုင်မြဲအောင် ကာကွယ်ရန်အတွက် ယှဉ်ပြိုင်တိုက်ခိုက်နေရခြင်းဖြစ်ပါသည်။

ပြည်သူများသည် မည်သည့်ဘက်မှ ပါဝင်ရပ်တည်မည်၊ အားပေးထောက်ခံမည် ဆိုသည်က အမှန်တရားကို ပြည်သူလူထုက သဲသဲကွဲကွဲသိမြင်နားလည် အမြင်ရှင်းဖို့လိုပါသည်။ ပြည်သူများက ငြိမ်းချမ်းခြင်း၏ အဓိကကျမှု၊ လေးနက်မှု၊ အရေးပါမှုတို့ကို လက်ခံသိမြင်ပြီး လက်နက်ကိုင် တရားမဲ့ပြုလုပ်မှုဟူသမျှကို ဘယ်အုပ်စု၊ ဘယ်ပါတီ၊ ဘယ်ပုဂ္ဂိုလ် ဖြစ်ဖြစ် အားမပေး၊ မကူညီ၊ ဆန့်ကျင်ကြလျှင် အကြမ်းဖက်မှုများက အမြန်ချုပ်ငြိမ်း အေးချမ်းမည် ဖြစ်သည်။ ပြည်သူတို့၏ ရပ်တည်ချက်သည် နိုင်ငံတည်တံ့ခိုင်မြဲရေးအတွက် အရေးပါလှကြောင်း ထပ်လောင်းပြောကြားလိုပါသည်။

မြန်မာနိုင်ငံသည် ဝါဒရေး၊ လူမျိုးရေးနှင့် ကိုယ်ကျိုးစီးပွားအတွက် လက်နက်ကိုင် ဆူပူနှောင့်ယှက်၊ ဖျက်ဆီးခြိမ်းခြောက်မှုမျိုးစုံက လွတ်လပ်ရေးရပြီးချိန်မှစတင်ကာ နာတာရှည်ရောဂါတစ်ခုလို စွဲကပ်နေပြီး ထိုဒဏ်ကို ပြည်သူတို့မှာ နှစ်ပေါင်းများစွာ ရင်စည်းခံခဲ့ကြရသည်။ ထို့ကြောင့်ပင် နိုင်ငံမှာ တိုးတက်သင့်သလောက် မတိုးတက်၊ ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုး ဖြစ်ခဲ့ရသည်။

**စည်းလုံးညီညွတ်ခြင်းသည်သာ အရေးကြီးဆုံးအချက်ဖြစ်**

ရေရှည်စစ်ပွဲ ဆင်နွှဲသဖြင့် အကျိုးရှိခဲ့ဖူးသောနိုင်ငံဟူ၍ ကမ္ဘာ့သမိုင်းတွင် ဘယ်သောအခါကမှ မရှိခဲ့ဖူးပါ။ မြန်မာ့သမိုင်းတွင်လည်း မရှိခဲ့ဖူးပါ။ ပြည်သူနှင့်အစိုးရသည် တွေ့ကြုံရသမျှ အကောင်းအဆိုးမှန်သမျှကို သေအတူရှင်မကွာ ယှဉ်တွဲလုပ်ဆောင်ကြရပြီး တွေ့ကြုံရသမျှ အခက်အခဲများကို လက်တွဲကြမှ ရင်ဆိုင်အောင်မြင်နိုင်မည်ဖြစ်သည်။ တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်ခြင်းသည်သာ အရေးကြီးဆုံးအချက်ဖြစ်သည်။

မညီညွတ်သည့် လူ့ဘောင်အဖွဲ့အစည်းက မငြိမ်းချမ်းနိုင်သလို ငြိမ်းချမ်းမှုမရှိလျှင်လည်း ဖွံ့ဖြိုးတိုးတက်မှုဆိုတာ လက်တွေ့မဖြစ်ပေါ်နိုင်ပါ။ နိုင်ငံတိုးတက်ချင်ရင် အေးချမ်းလုံခြုံမှုရှိခြင်းက အခြေခံလိုအပ်ချက်ဖြစ်သည်။ ဘာကြောင့်ပဲ အကြောင်းပြပြ ပြည်သူလူထုက ကူညီထောက်ပံ့နေလျှင် လက်နက်ကိုင်အကြမ်းဖက်မှုများ၊ ပဋိပက္ခများက တာရှည်နေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ခက်ခဲနေမည်ဖြစ်သည်။

ငါနှင့်မတူ ငါ့ရန်သူဟု မသတ်မှတ်ဘဲ ရန်သူကို မိတ်ဆွေဖြစ်အောင်၊ ဆန့်ကျင်ဘက် သဘောထားအမြင်များ၊ မတူညီနိုင်သည်ကို အလှတရားအဖြစ် နားလည်လက်ခံပေးရခြင်းက နိုင်ငံရေးယဉ်ကျေးမှုဖြစ်သည်။ မတူကွဲပြားမှုများကို တန်ဖိုးထားပြီး ရန်သူဆိုလျှင်လည်း မိတ်ဆွေအဖြစ် ပြောင်းလဲရမည်ဖြစ်သည်။ ဒီမိုကရေစီ၏ အနှစ်သာရမှာ မတူကွဲပြားမှုများကို အင်အားအဖြစ် စုစည်းပြီး ငြိမ်းငြိမ်းချမ်းချမ်း ညီညီညွတ်ညွတ်ဖြင့် အောင်မြင်မှုရအောင် အတိုးအလျှော့ အပေးအယူ ဆွေးနွေးညှိနှိုင်းသည့် နည်းဖြင့်သာ အဖြေရှာရမည်ဖြစ်သည်။

အယူအဆမတူကြသော်လည်း တစ်ဦးနှင့်တစ်ဦး မေတ္တာတရား၊ ကိုယ်ချင်းစာနာမှုတို့ဖြင့် ချည်နှောင်ကြရမည်ဖြစ်ကြောင်းကို မဟတ္တမဂန္ဒီ၏ ငြိမ်းချမ်းရေးနှင့်ဆိုင်သည့် အဆိုအမိန့်တစ်ခုတွင် မတူကွဲပြားမှုများ၏ ပေါင်းစည်းညီညွတ်ခြင်းကို အရောက်လှမ်းနိုင်စွမ်းက မိမိတို့လူ့အဖွဲ့အစည်း၏ အစမ်းသပ်ခံနိုင်စွမ်းဖြစ်သလို အလှတရားလည်း ဖြစ်သည်ဟု ဆိုခဲ့သည်။

ထို့ပြင် ကမ္ဘာကြီးကို ပေါင်းစည်းထားသည့် အက်တမ်များအကြားတွင် ပေါင်းစည်းမှုအားသာမရှိပါက ကမ္ဘာမြေကြီးသည် အစိတ်စိတ်အမြွာမြွာ ပဲ့ကြွေပျက်စီးသွားပြီး မိမိတို့သည်လည်း အသက်ရှင်ရပ်တည်နိုင်မည်မဟုတ်ကြောင်း၊ ထိုသို့ မမြင်ရသည့်အရာများ၊ အကြောင်းကိစ္စများတွင် ပေါင်းစည်းမှုအား ရှိသည်ဆိုပါက သက်ရှိလူသားများတွင် ပေါင်းစည်းမှုအား ပိုမိုရှိရမည်ဖြစ်ကြောင်း။

**ပေါင်းစည်းမှုအားသည် မေတ္တာတရားဖြစ်**

သက်ရှိသတ္တဝါ လူသားများအကြားမှ ပေါင်းစည်းမှုအားသည် မေတ္တာတရားဖြစ်ကြောင်း၊ မိဘနှင့်သားသမီး၊ မောင်နှင့် နှမ၊ မိတ်ဆွေအချင်းချင်းအကြားတွင်လည်း ထိုချစ်ခြင်း မေတ္တာတရားကို တွေ့မြင်နိုင်ပြီး လူသားများအားလုံးတွင် မေတ္တာတရားဖြင့် ထုံမွှမ်းမှသာ အသက်နှင့်ဘဝ ရှင်သန်နိုင်မည်ဖြစ်ကြောင်း ပြောကြားထားသည်။

ထို့ကြောင့် ပြည်သူလူထုလိုလားသည့် ငြိမ်းချမ်းသာယာသော လူ့အဖွဲ့အစည်းတစ်ခုဖြစ်အောင် အကြမ်းဖက်လုပ်ရပ်များကို ရပ်တံ့ကာ စာနာထောက်ထားစိတ်၊ သည်းခံစိတ်၊ မေတ္တာတရားတို့ဖြင့် နိုင်ငံနှင့်လူမျိုးအကျိုးကို ရှေးရှုလျက် အပြုသဘောဆောင် ပူးပေါင်းပါဝင်ကြရအောင်ဟု ရေးသားတိုက်တွန်းလိုက်ရပါသည်။ ။

**ပြည်သူများသည် မည်သည့်ဘက်မှ ပါဝင်ရပ်တည်မည်၊ အားပေးထောက်ခံမည်ဆိုသည်က အမှန်တရားကို ပြည်သူလူထုက သဲသဲကွဲကွဲသိမြင်နားလည် အမြင်ရှင်းဖို့လိုပါသည်။ ပြည်သူများက ငြိမ်းချမ်းခြင်း၏ အဓိကကျမှု၊ လေးနက်မှု၊ အရေးပါမှုတို့ကို လက်ခံသိမြင်ပြီး လက်နက်ကိုင် တရားမဲ့ပြုလုပ်မှုဟူသမျှကို ဘယ်အုပ်စု၊ ဘယ်ပါတီ၊ ဘယ်ပုဂ္ဂိုလ် ဖြစ်ဖြစ် အားမပေး၊ မကူညီ၊ ဆန့်ကျင်ကြလျှင် အကြမ်းဖက်မှုများက အမြန်ချုပ်ငြိမ်းအေးချမ်းမည်ဖြစ်သည်။ ပြည်သူတို့၏ ရပ်တည်ချက်သည် နိုင်ငံတည်တံ့ခိုင်မြဲရေးအတွက် အရေးပါ**

## လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိစေရေး

ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရေးအတွက် ပြည်တွင်းထုတ်ကုန်များ ထုတ်လုပ်မှုကို မဖြစ်မနေ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စက်သုံးဆီချွေတာသုံးစွဲမည်ဆိုပါက ပြည်ပငွေသုံးစွဲမှု များစွာလျော့နည်းသွားမည်ဖြစ်သဖြင့် ကုန်သွယ်မှုပိုငွေများ တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် Public Transportation လုပ်ငန်းများကို ဘက်ပေါင်းစုံမှ တိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ စက်သုံးဆီများလျှော့ချနိုင်ရေး လျှပ်စစ်ဓာတ်အား အသုံးပြုသွားလာနိုင်ရေး ဆောင်ရွက်ရန် လိုအပ်သဖြင့် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၃-၁၂-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၃/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# လုပ်ငန်းခွင်၌ ဘေးအန္တရာယ်ကင်းရှင်းရေး အစီအမံများ၌ ပြဋ္ဌာန်းထားသည့် သတ်မှတ်ချက်များအတိုင်း အမြဲမပြတ် ဂရုစိုက်လိုက်နာ ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၃

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ဒီဇင်ဘာ ၁၂ ရက်တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာ့မီးရထား ယန္တရားအလုပ်ရုံ (မလွကုန်း) သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် နံနက်ပိုင်းတွင် မြန်မာ့မီးရထား ယန္တရားအလုပ်ရုံ (မလွကုန်း) သို့ ရောက်ရှိရာ မြန်မာ့မီးရထား အထွေထွေမန်နေဂျာ(မြို့ပြ)နှင့် အလုပ်ရုံ အင်ဂျင်နီယာမှူးတို့က အလုပ်ရုံ၏ ရထားသံလမ်း လုပ်ငန်းသုံးပစ္စည်းများနှင့် လက်သုံး ကိရိယာပစ္စည်းများ ထုတ်လုပ်နိုင်မှု၊ ရထားလမ်း ပြုပြင်မွမ်းမံမှုလုပ်ငန်းများတွင် အသုံးပြုနေသည့် အင်ဂျင်နီယာသုံး စက်ပစ္စည်းများအားပြုပြင်ထိန်းသိမ်းနိုင်မှု၊ ရထားလမ်းအဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော ဌာနပိုင် စက်ယန္တရားများ၏ အခြေအနေနှင့် မြန်မာ့မီးရထား၊ တိုင်းနယ်မြေအလိုက် စက်ယန္တရားများ ဖြန့်ခွဲချထားမှု၊ မွမ်းမံထိန်းသိမ်းမှု ဆောင်ရွက်နေသည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အလုပ်ရုံမှထုတ်လုပ်နေသည့် ပစ္စည်းများကို အရည်အသွေးပိုမိုကောင်းမွန်အောင် ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းခွင်များ၌ လိုအပ်ချက် ပမာဏကို ပြည့်မီအောင် ဖြည့်ဆည်းနိုင်ရေး စီမံဆောင်ရွက်ရန် ဖြစ်ကြောင်း၊ စက်ယန္တရားများကို သတ်မှတ်ထားသော မွမ်းမံထိန်းသိမ်းရေးလမ်းညွှန်ချက်(Maintenance Manual) များအတိုင်း ပုံမှန်စစ်ဆေး၊ မွမ်းမံ၊ ထိန်းသိမ်းမှု လုပ်ငန်းစဉ်များကို မပျက်မကွက် ဆောင်ရွက်ရန်နှင့် မှတ်တမ်းစာအုပ် (Log Book) များ စနစ်တကျထားရှိ၍ မှတ်တမ်းထားရှိရန် လိုအပ်ကြောင်း၊ လုပ်ငန်းခွင်၌ ဘေးအန္တရာယ်ကင်းရှင်းရေး အစီအမံ (Safety Plan) များ၌ ပြဋ္ဌာန်းထားသည့် သတ်မှတ်ချက်များအတိုင်း အမြဲမပြတ် ဂရုစိုက်လိုက်နာ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ စက်ယန္တရားကိုင်တွယ် မောင်းနှင်ရသည့် ဝန်ထမ်းများနှင့် မွမ်းမံပြုပြင် ထိန်းသိမ်းရေး တာဝန်ရှိသည့်ဝန်ထမ်းများကို ကျွမ်းကျင်မှုပြည့်ဝအောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဝတ်စုံ၊ပစ္စည်း(Safety Equipment) များကို ပြည့်စုံအောင် တပ်ဆင်ပေးရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို တိကျစွာလိုက်နာကြရန် လိုအပ်ကြောင်း မှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း သံလမ်းပြုပြင်ရေး စက်ယန္တရားအသစ်များနှင့် စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝယ်ယူရရှိထားပြီးဖြစ်သည့် သံလမ်းပြုပြင်ထိန်းသိမ်းရေး စက်ယန္တရားအသစ်များနှင့် သံလမ်းပြုပြင်၊ မွမ်းမံရေး လုပ်ငန်းသုံးစက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကာ စက်ယန္တရားများ၏ စွမ်းရည်ကို အပြည့်အဝ အသုံးချနိုင်ရေး၊ သက်တမ်းပြည့် ရေရှည်သုံးစွဲသွားနိုင်ရေး၊ သတ်မှတ်အချိန်များအတိုင်း အချိန်မှန်စက်နှိုးစမ်းသပ်မှု (Function Test) လုပ်ငန်းများကို မပျက်မကွက် ဆောင်ရွက်ကြရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၄၇)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ရခိုင်ရိုးရာကျင်ကိုင်ပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ဒီဇင်ဘာ ၁၅ ရက်တွင် ကျရောက်မည့် (၄၇)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ရခိုင်ရိုးရာကျင်ကိုင်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ဝဏ္ဏဘာကွင်း၌ ပြုလုပ်ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျင်ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းနှင့် အဖွဲ့ဝင်များ (၄၇) နှစ် မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ရခိုင်ရိုးရာကျင်ကိုင်ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရခိုင်ရိုးရာကျင်ကိုင် ပြိုင်ပွဲအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ထို့နောက် ရခိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့က ရခိုင်ရိုးရာ တေးသီချင်းယိမ်းအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ရခိုင်ရိုးရာ ကျင်ကိုင်ပွဲကို ရွှေမောင်းတန်းနှင့် ငွေမောင်းတန်း အလိုက် ပြိုင်ပွဲအမျိုးအစား နှစ်မျိုးဖြင့် ကျင်းပလျက်ရှိရာ ပြည်နယ်အတွင်း မြို့နယ်အသီးသီးမှ ကျင်သန်ကြီးများ ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ရွှေမောင်းတန်းတွင် ပြိုင်ပွဲဝင်ကျင်သန် ၄၀၊ ငွေမောင်းတန်းတွင် ပြိုင်ပွဲဝင်ကျင်သန် ၃၂၀ တို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ပြိုင်ပွဲကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဒီဇင်ဘာ ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန် / မန္တလေး) (၂၇)ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/ မန္တလေး) တို့မှ ၁၃၈၀-၁၃၈၁ ခု၊ ပညာသင်နှစ်တွင် သာသနတက္ကသီလဓမ္မပါရဂူ(Ph.D)ဘွဲ့တစ်ပါး၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ(M.A)ဘွဲ့၁၉ပါး၊ သာသနတက္ကသီလ ဓမ္မာစရိယ (B.A)ဘွဲ့ ၉၂ ပါး စုစုပေါင်း ၁၁၂ ပါးတို့အား ဘွဲ့ဆက်ကပ်မည့် (၂၇)ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်၊ ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မဟာဘွဲ့နှင်းသိမ်ဓမ္မာရုံကြီး၌ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကျင်းပပြုလုပ်မည်ဖြစ်ရာ ဘွဲ့ခံယူတော်မူမည့် သံဃာတော်များသည် ဘွဲ့နှင်းသဘင်သို့ ဒီဇင်ဘာ ၁၆ ရက်နောက်ဆုံးထား၍ အချိန်မီကြွရောက်တော်မူပါရန် ဘွဲ့ခံသံဃာတော်များအား သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက နှိုးဆော်ပင့်လျှောက်ထားပါကြောင်း သိရသည်။

**သတင်းစဉ်**

# စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ပေါင်းစပ်အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ကြရမည်

နေပြည်တော် ဒီဇင်ဘာ ၁၃



**ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)**

အစည်းအဝေးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက (၆) ကြိမ်မြောက် ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာအစီရင်ခံစာ (Global Environment Outlook-6)တွင် ပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ထိန်းသိမ်းကာကွယ်မှုမရှိခဲ့ခြင်းကြောင့် ကမ္ဘာ့ဂေဟစနစ်၏ ဝန်ဆောင်မှုတန်ဖိုးသည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၄ ထရီလီယံမှ ၂၀ ထရီလီယံအတွင်း ဆုံးရှုံးနေကြောင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုကြောင့် နှစ်စဉ် ၄ ဒသမ ၆ ထရီလီယံခန့် ဆုံးရှုံးနေရပြီး ကမ္ဘာ့စီးပွားရေး ထုတ်လုပ်မှု၏ ၆ ဒသမ ၂ ရာခိုင်နှုန်း ခန့်ရှိကြောင်း၊ လေ၊ ရေ ညစ်ညမ်းမှုများကြောင့် နှစ်စဉ် လူဦးရေ ၉ သန်းထက်မနည်း သေဆုံးနေကြောင်း၊ ကမ္ဘာ့မြေ ဧရိယာရဲ့ ၂၉ ရာခိုင်နှုန်း ယိုယွင်းပျက်စီးနေပြီး လူဦးရေ ၁ ဒသမ ၃ ဘီလီယံ မှ ၃ ဒသမ ၂ ဘီလီယံအထိ သက်မွေးဝမ်းကျောင်းမှုကို ထိခိုက်လျက်ရှိကြောင်း၊ ပြင်းထန်သည့် မိုးလေဝသ ဖြစ်စဉ်များကြောင့် နှစ်စဉ်အမေရိကန်ဒေါ်လာ ၁၂၇ ဘီလီယံ ဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ရကြောင်း၊ ဂေဟစနစ်ပျက်စီးဆုံးရှုံးမှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် ကမ္ဘာ့အဆင့်၊ အမျိုးသားအဆင့်နှင့် ဒေသအဆင့် အစိုးရများ၊ စီးပွားရေးလုပ်ငန်းများ၊ လူမှုအဖွဲ့အစည်း၊ ဆက်စပ်ပတ်သက်သူများ အားလုံးပူးပေါင်းဖြေရှင်းနိုင်သည့် ခိုင်မာသောပတ်ဝန်းကျင်ဆိုင်ရာ စီမံအုပ်ချုပ်မှုသည် အရေးကြီးကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံပြီး ကဏ္ဍစုံမှ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်လျက်ရှိရာတွင် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကော်မတီ၏ ဦးဆောင်မှုဖြင့် ကဏ္ဍအသီးသီးတွင် ပေါင်းစပ်အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုလျော့ချရေး၊ လိုက်လျော ညီထွေဖြစ်စေရေးတို့အတွက် မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် စီမံကိန်းများတွင် ထည့်သွင်းအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အလားတူ စွန့်ပစ်ပစ္စည်းများအန္တရာယ်ကို စနစ်တကျစီမံ ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ်များကို နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် စည်ပင်သာယာရေးနှင့် သက်ဆိုင်ရာဌာနများအနေဖြင့် စနစ်တကျစီမံဖော်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ ရည်မှန်းချက်များကို ဖော်ဆောင်ရာတွင် ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပတ်ဝန်းကျင်ဆိုင်ရာ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ၊ အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးရေးဆိုင်ရာ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းဆိုင်ရာတို့ကို ဟန်ချက်ညီညီ ပြည်ထောင်စုအဆင့်နှင့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အသီးသီးတွင် ထိရောက်စွာ အကောင်အထည်ဖော်နိုင်မှသာ လက်ရှိကြုံတွေ့နေရသည့်/နောင်တွင် ကြုံတွေ့လာနိုင်သည့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများနှင့် ရာသီဥတုပြောင်းလဲမှု ဆိုးကျိုးများကို လျှော့ချ/ ရှောင်ရှားနိုင်မည် ဖြစ်ကြောင်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးကြောင်း၊ အသိပညာပေးခြင်းကို အဓိကလုပ်ငန်းစဉ်တစ်ခု အနေဖြင့် အမြဲမပြတ်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သတ်မှတ်ချက်များကိုလည်း လိုက်နာစေရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေရေးကို ဦးတည်ပြီး ကော်မတီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရာတွင် ရလဒ်ကောင်းများ ရရှိစေရေးအတွက် ကြိုးပမ်းကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူးက ကော်မတီ၏ ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြပြီး ကော်မတီဝင်များဖြစ်ကြသည့် ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ ပြည်နယ် သယံဇာတရေးရာဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် မိမိတို့ဆောင်ရွက်လျက်ရှိသောကိစ္စရပ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များကို အကြံပြုဆွေးနွေးကြပြီး ဆုံးဖြတ်ချက်များချမှတ်ခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မဏိရတနာကျောက်စိမ်းခန်းမတွင် ပြုလုပ်သည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထုတ်ကုန်များ အရည်အသွေးကောင်းမွန်၍ ဈေးနှုန်းချိုသာစွာ ရောင်းချနိုင်ရေးနှင့် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ဆောင်ရွက်ကြရန် မှာကြား

**နေပြည်တော် ဒီဇင်ဘာ ၁၃**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် မကွေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်နှင့်အတူ ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ အမှတ်(၄)အထည် စက်ရုံသို့ရောက်ရှိရာ စက်ရုံမှူးက လုပ်ငန်းလည်ပတ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၄) အထည်စက်ရုံမှ ထုတ်လုပ်သည့် အဝတ်အထည်များအား ကြည့်ရှုစဉ်။**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင် ပညာအရည်အချင်း အပြင် လုပ်ငန်းဆိုင်ရာနှင့် ပတ်သက်သည့် အတတ်ပညာကျွမ်းကျင်မှုရှိရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများ၏ တစ်ဦးချင်းကျွမ်းကျင်မှု အရည်အချင်းများကို အကျိုးရှိရန် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ ထုတ်ကုန် အရည်အသွေးပြည့်ဝပြီး အရည်အသွေးအာမခံချက်ရှိသော စက်ရုံဖြစ်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် တိုးတက်မြင့်မားစေရေးအတွက် လေ့ကျင့်သင်ကြား ပြုစုပျိုးထောင်ရမည်ဖြစ်ကြောင်း၊ မြေ၊ အဆောက်အဦ၊ စက်နှင့်စက်ပစ္စည်း စသည့် Asset Management များကို အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်များ အရည်အသွေးကောင်းမွန်၍ ဈေးနှုန်းချိုသာစွာ ရောင်းချနိုင်ရေးအတွက် အလေအလွင့် မရှိအောင်နှင့် အသုံးစရိတ်များကို ခြိုးခြံချွေတာရမည်ဖြစ်ကြောင်း၊ စက်ရုံအနေဖြင့် ကြုံတွေ့လာမည့် အခက်ခဲများကို ညီညွတ်စွာဆောင်ရွက်၍ ဝန်ထမ်းများ၏ ပေါင်းစည်းအားဖြင့် ကျော်လွှားရမည်ဖြစ် ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Root Cause Analysis နှင့် ပတ်သက်သည့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို ဝန်ထမ်းများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး စက်ရုံအတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျပြီး ထိရောက်အောင်မြင်မှုရှိသော ကူညီပံ့ပိုးမှုများကို ဖြည့်ဆည်းပေးရန်၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို သိရှိနိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရန်၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် အကြီးစားစက်မှုလုပ်ငန်းများကို ထောက်ပံ့နိုင်သည့် စက်မှုလုပ်ငန်းများဖြစ်ရန် ဆောင်ရွက်ပေးရန်နှင့် ထုတ်ကုန် ပစ္စည်းများကိုလည်း ပြည်ပသို့ တင်ပို့နိုင်သည်အထိ နည်းပညာ အကူအညီများ ပေါင်းစပ်ညှိနှိုင်း ပံ့ပိုးကူညီဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့် ပြုစုထားရှိသည့် စာတမ်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့သိုင်းဒိုင်လူကြီးနှင့် နည်းပြသင်တန်း သိုင်းပညာရှင် စုစုပေါင်း ၂၆ ဦး တက်ရောက်သင်ကြားမည်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်တို့မှ ပူးပေါင်းကျင်းပသည့် မြန်မာ့သိုင်း ဒိုင်လူကြီးနှင့် နည်းပြသင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း (Gold Camp) ရှိ (Multipurpose Hall) ခန်းမ၌ ကျင်းပသည်။

**နှစ်ပေါင်းများစွာက ရှိခဲ့**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက မြန်မာ့သိုင်းအားကစားနည်းသည် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိဇာတိမာန်၊ စိတ်ဓာတ်တို့ကို အဓိကဖော်ကျူးပြသသည့် အားကစားနည်းဖြင့်ပါကြောင်း၊ မြန်မာ့သိုင်းအားကစားနည်းသည် ရှေးဘုရင်လက်ထက် ယခင်နှစ်ပေါင်းများစွာက ရှိခဲ့ကြပြီး အစဉ်အဆက် မိဘမျိုးရိုးစောင့်ထိန်းလာခဲ့သည့် မိမိတို့လူမျိုး၏ ကိုယ်ခံအတတ်ပညာ တစ်ခုအနေဖြင့် အမြတ်တနိုး တလေးတစားသင်ယူခဲ့ကြကြောင်း မိမိနိုင်ငံ မိမိလူမျိုးတို့ကို တိုင်းတစ်ပါးသားတို့က မကျူးကျော်မစော်ကားရအောင် သင်ကြားခဲ့ရသော ပညာရပ်တစ်ခုဖြစ်ပြီး အစဉ်အလာ ကောင်းရှိခဲ့သော အားကစားနည်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသိုင်းအားကစားအဖွဲ့ချုပ်အနေဖြင့်လည်း အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနတို့၏ ဦးဆောင်လမ်းညွှန်မှု ခံယူပြီး မြန်မာလူမျိုးတို့၏ ရိုးရာအမွေအနှစ်ဖြစ်သည့် မြန်မာ့သိုင်းပညာကိုဖော်ထုတ်ကာ တိုးတက်ပြန့်ပွားအောင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သိုင်းအဖွဲ့အစည်းများ၊ သိုင်းပညာရှင်များကို ခေါ်ယူကာ မျိုးဆက်သစ် အားကစားသမားများ ပေါ်လာစေရန်ရည်ရွယ်၍ မြန်မာ့သိုင်းပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးလျက်ရှိကြောင်းကို တွေ့ရှိရပါကြောင်း၊ ပြိုင်ပွဲကို စနစ်တကျ နည်းစနစ်မှန်ကန်စွာကျင်းပပြီး ထူးချွန်ထက်မြက်သည့် အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရေးအတွက် တာဝန်ယူကြရမည့် ဒိုင်လူကြီး နည်းပြများအနေဖြင့် နည်းစနစ်နှင့် နည်းဥပဒေတို့ကို ကျွမ်းကျင်ပိုင်နိုင်စွာ သိရှိစေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ရခြင်း ဖြစ်ပါကြောင်း၊ အားကစားအဖွဲ့အစည်းအားလုံးသည် ဝန်ကြီးဌာနနှင့် မိသားစုသဖွယ်ခံယူ၍ အရာရာတိုင်း လိုအပ်သမျှ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် စုစည်းမှုသည် အင်အား၊ ညီညွတ်မှုသည် အင်အားဖြစ်ပါကြောင်း။

**အစဉ်အမြဲ ပူးပေါင်းဆောင်ရွက်**

သို့ဖြစ်၍ မြန်မာနိုင်ငံ သိုင်းအားကစား အဖွဲ့ချုပ်အနေဖြင့် ဝန်ကြီးဌာနနှင့် အစဉ်အမြဲ ပူးပေါင်း ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲမှလည်း မြန်မာ့သိုင်းပညာများကို ရှင်သန်တိုးတက်စေလိုပါကြောင်း၊ မြန်မာ့သိုင်း အဖွဲ့ချုပ်အားလုံးပေါင်းစည်းရန်၊ အားပေးရန်၊ တိုးတက်ရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန် လမ်းညွှန်မှာကြားထားပါကြောင်း။

သို့ဖြစ်ပါ၍ သင်တန်းသို့ တက်ရောက်လာကြသော သင်တန်းသား/ သင်တန်းသူများအနေဖြင့် သင်တန်းမှ သင်ကြားမှုအားလုံးကို လေးစားစွာဖြင့် သင်ကြားခံယူပြီး နောက်မျိုးဆက်သစ် အားကစားသမားကို ပြုစုပျိုးထောင်ပေးနိုင်ရန် လိုအပ်ပါကြောင်း၊ မြန်မာ့သိုင်းပညာကို နောက်မျိုးဆက်များသို့ ပြန်လည်သင်ကြား ပြသနိုင်သည်အထိ နည်းပြကောင်းများ၊ ဒိုင်လူကြီးကောင်းများဖြစ်ရန် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ယခုဖွင့်လှစ်သည့် သင်တန်းတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ သိုင်းပညာရှင် အမျိုးသား ၁၉ဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၂၆ဦး တက်ရောက်သင်ကြားမည်ဖြစ်ပြီး သင်တန်းအား ဒီဇင်ဘာ ၁၃ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်၏ မြန်မာ့သိုင်းဒိုင်လူကြီးနှင့် နည်းပြသင်တန်းတက်ရောက်သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# မော်လမြိုင်–သံဖြူဇရပ် – ရေး – ထားဝယ် လမ်းအပိုင်း ကတ္တရာကွန်ကရစ် (AC)ခင်းနေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၌ တိုင်းဒေသကြီးရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော လမ်း၊ တံတားလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လမ်း ၊ တံတားများ ယခင်နှင့်မတူဘဲ ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်ရပါကြောင်း ၊ လမ်း ၊ တံတားများ တိုးတက်ကောင်းမွန်အောင် လုပ်ငန်းများ ရပ်တန့်မနေဘဲ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်း ၊ စည်းကမ်းများကို လိုက်နာနေထိုင်ရမည်ဖြစ်ပါကြောင်းနှင့် ပြည်သူများသွားလာရေး လွယ်ကူအဆင်ပြေစေရေး တိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားများ တိုးတက်ကောင်းမွန်အောင် အလေးထားဆောင်ရွက်ပေးရန်တို့ကို မှာကြားသည်။

ထို့နောက် လမ်းဦးစီးဌာန ၊ အဆောက်အဦဦးစီးဌာန ၊ တံတားဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာဦးစီးဌာနအလိုက် ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မော်လမြိုင်–သံဖြူဇရပ် – ရေး – ထားဝယ် လမ်းအပိုင်း မိုင်တိုင်အမှတ် (၇၆/၃) နှင့် (၇၆/၄) ကြားတွင် (၂၄)ပေအကျယ် ကတ္တရာကွန်ကရစ် (AC)ခင်းနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။(ဓါတ်ပုံ)

ထို့နောက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သော ဆက်သွယ်ရွာဟောင်း အဝင်လမ်းဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းခွင်အတွင်း စက် ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မွန်ပြည်နယ် တရားလွှတ်တော်ချုပ်ရုံး၊ တည်ဆောက်ရေး လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ရောက်ရှိရာ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမြင့်သူက ဘဏ္ဍာရေးနှစ်အလိုက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး အဆောက်အဦ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ဖြည့်စွက်တင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်အချိန်မီပြီးစီးရေး၊ လက်ရာသေသပ်ကောင်းမွန်ရေး၊ အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေး အထူးအလေးထားဆောင်ရွက်ရန်မှာကြားပြီး တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။ **သတင်းစဉ်**

# ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများအား ပြည်ပမှအဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်



**နေပြည်တော် ဒီဇင်ဘာ ၁၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ နှောင့်နှေးကြန့်ကြာမှု မရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် မြဝတီကုန်သွယ်ရေးဇုန်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းတို့မှ ကုမ္ပဏီ ငါးခု၊ ယာဉ်စီးရေ ၁၂ စီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ်ဖြင့် တန် ၂၀ ၊ အောက်ဆီဂျင် (အိုးခွံ) ၂၃၈ခု၊ လက်အိတ် ၁၀တန်နှင့် နှာခေါင်းစည်း (Mask) တန် ၆၀ တို့ကို တင်သွင်းခဲ့သည်။ အောက်ဆီဂျင် (အရည်) Bowser ယာဉ် တစ်စီးမှာ မြဝတီ ကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရှိရသည်။

ကိုဗစ်–၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေး လျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေး ကြေညာချက်များကို လည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce. gov . mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက် ပေးထားပါကြောင်း သိရှိရသည်။

**သတင်းစဉ်**

# မှန်းဆချက်နှင့် မှန်ကန်ချက်

ဆရာမဲဇာ

ရှာထဲမှာကပ်ထားသော ပိုစတာတစ်ခုကို ကျွန်တော် ဖတ်ဖူး၏။

"ဟင်းသီးဟင်းရွက်ပြုတ်ရည်များကို သွန်မပစ်ပါနှင့်" ဟူ၏။

"သွန်မပစ်ရင် ဘာလုပ်ရမှာလဲ" ဟု မေးချင်သူများအတွက် အဖြေပေးမထားချေ။ ဤသို့ တစ်ဝက်မှန် သတင်းအချက်အလက်များပေးရန် ကျွန်တော်တို့တစ်တွေ ဝါသနာသန်လေသည်။ ပြည်သူပြည်သားသတင်းသမားဖြစ်လာသော ခေတ်တွင်မူ တစ်ဝက်မှန်သတင်းများနှင့်ရော၍ သတင်းမှားများမှာ ပလူပျံ၍နေတော့၏။

"ယင်နားစာ မစားပါနှင့်" ဟု တားမြစ်ပိတ်ပင်ပြန်၏။

နောက်ကွယ်တွင် ယင်တွေ အုံခဲနေခဲ့သော အစာများကို ထိုထိုသော ဆရာကြီးများ စားနေရသည်ကို မသိချေ။ အချိုတွေစားနေဆဲကလေးများ၏ လက်နှင့်ပါးစပ်တွင် ယင်တွေလာ၍ နားနေသည်ကို မမှုသော၊ ဂရုမစိုက်သော ကလေးများစွာ ရှိ၏။ ယင်နားစာမှန်း သိသိချည်းနှင့် စားနေရသော ဘဝမှာ ရပ်တည်လှုပ်ရှားနေရသောသူတို့က အများစုပင်။

## မပြည့်စုံသူတို့၏ဘဝ

ယင်ကောင်သာမက ပုရွက်ဆိတ်၊ ပိုးဟပ်၊ အိမ်မြှောင်နှင့် ကြွက်တို့ကိုပါ မျှဝေကျွေးမွေး နေကြရသော မိသားစုများ၏ အာဟာရအရည်အသွေးကို စဉ်းစားပေးသူများရှိသော်လည်း ပြုပြင်ပေးနိုင်သူများမရှိ။ တစ်ပွဲတိုး ကူညီသူများမှာလည်း ဘာသာစာပေအမျိုးမျိုးနှင့် ထုတ်ဝေထားသော စာအုပ်စာစောင်များ၊ ပိုစတာများ ဖြန့်ဝေအပြီး၊ ဓာတ်ပုံတွေရိုက်အပြီးတွင် မပြည့်စုံသူတို့၏ ဘဝကို အပြီးတိုင်မေ့နိုင်ကြ၏။ မမေ့နိုင်သူများကလည်း နောက်တစ်နေရာတွင် နောက်ထပ်ဝမ်းစာဖြည့်ရန် (မိမိ၏ဝမ်းစာပြည့်ရန်) ကြံဖန်ကြပြန်လေသည်။ ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံ(Least Developed Country–LDC) ဟု သတ်မှတ်ခံရသော်လည်း မည်မည်ရရ ထောက်ပံ့ပေးမည့်အဖွဲ့အစည်းမရှိ။ ထောက်ပံ့ငွေများမှာလည်း အဆင့်ဆင့်ဝန်ဆောင်မှုတွေ တနင့်တပိုး ယူရင်း ဆင်းရဲသားတို့၏ပါးစပ်ထဲသို့ ဟန်ပြမျှသာ ရောက်သွားသည်ကို ကျွန်တော်၏ ဘဝအသိဖြင့် သိပါ၏။ စိတ်ထိခိုက်၏။

## ကျေးလက်ဒေသက သူများကို အသုံးချ

စိတ်မထိခိုက်တတ်သူတို့ကမူ သူတို့၏ စာတွေ့တွေကို စမ်းသပ်ဖို့အတွက် မြန်မာ့ကျေးလက်ဒေသက သူများကို အသုံးချကြပါသည်။ အနောက်တိုင်းဆေးစာတွေကိုဖတ်ပြီး မြန်မာပြည်မှာ ရောဂါရှာကြ၊ ရောဂါကုကြသည်မှာမူ အကျိုးသက်ရောက်မှုရှိသည်မှန်၏။ ခေတ်မီနည်းပညာများဖြင့် အသက်ကယ်နိုင်လာကြ၏။ သို့ရာတွင် ဆေးကုခြင်းနှင့် ကျန်းမာမှုအဆင့်မြှင့်တင်ခြင်းသည် ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်သည်ကို ပညာတတ်အချို့က မသိကြချေ။



ကျန်းမာမှုမြှင့်တင်ခြင်း(Health Promotion) သည် ကိုယ်တိုင်လုပ်ဆောင်ရသည့်လုပ်ငန်းများက စတင်ပါသည်။ ညွှန်ကြားခြင်း၊ အမိန့်ပေးခြင်းဖြင့် မရနိုင်သလို အရှက်ခွဲခြင်း၊ စွပ်စွဲခြင်း (Shamming and Blaming) နည်းဖြင့်လည်း လူအများလိုက်နာလုပ်ဆောင်ရန် မဖြစ်နိုင်ပါ။ ထို့အတူ ကြောက်သွားလျှင် ခိုင်းတာလုပ်မည်ထင်၍ ခြောက်လုံးလှန့်လုံးများ(Fear Arousal)ဖြင့်လည်း ကျန်းမာရေးအသိပညာပေး၍ မရကြောင်းကို ကျွန်တော်တို့ဘဝထဲက သင်ကြားရယူခဲ့သော်လည်း **ယခုထက်ထိ လူထုကို အသိပညာနည်းပါးသူများဟု အထင်အမြင်မှားနေသူများ၏ လက်ထဲတွင် ကျန်းမာရေးအသိပညာမြှင့်တင်ခြင်း(Health Literacy) လုပ်ငန်းအပေါ် လွှမ်းမိုးခြယ်လှယ်မှုများ တွေ့နေဆဲပါ။**

## တစ်ကမ္ဘာလုံးတွင် လူကြိုက်များ

"လက်လုပ်ချဉ်တွေ မစားပါနဲ့" ဟု လူထုကို ညွှန်ကြားနေသော ကျန်းမာရေးဆရာများအတွက် ပြန်မပြော နားမထောင်သော လူထုနှင့် ကြုံတွေ့ခဲ့ရပါ၏။ မုန်ညင်းချဉ်သည် တောင်ပေါ်သားများအတွက် "မသိုးဟင်း" ဖြစ်ပါ၏။ ကိုရီးယားလူမျိုးတို့၏ ဟင်းရွက်ချဉ်(ကင်မ်ချီ)နှင့် အတူတူပင်။ မြန်မာဆန်သော ကိုရီးယားတို့သည် သူတို့၏ ကင်မ်ချီစိမ်ရာ၌ မြန်မာတို့၏ ငါးပိရည်ကျိုကိုပါ ထည့်၍ စိမ်သည်ကို တွေ့ရ၏။ ရိုးရာဟန်မပျက်ဘဲ ခေတ်မီစွာ အာဟာရပြည့်စွာ တီထွင် စားသောက်မှုမျိုးကို ထိုင်းနိုင်ငံတွင်လည်း ပြည်လုံးအနှံ့ ပြန့်လျက်ရှိရုံမက ကိုရီးယားအစားအစာ၊ ထိုင်းအစားအစာများမှာ တစ်ကမ္ဘာလုံးတွင် လူကြိုက်များလျက်ရှိနေပါ၏။

"ဤသို့ဆိုငြား၊ ချက်ရှစ်ပါးနှင့်၊ မပြားညီယှဉ်၊ ထမင်းချဉ်ကို မကျဉ်ရှောင်သွေ၊ ပို့ပါလေလေ့" ဟူ၍ ဝိဒေဟရာဇ်မင်းကြီးက မဟောသဓေတို့ သားငယ်လေးကို ပညာစမ်းခဲ့သည့်အထဲက ထမင်းချဉ်ကား အင်းလေးဒေသတွင် အကောင်းဆုံးစားသုံးနိုင်သကဲ့သို့ ဂျပန်တို့၏ "ဆူရှီ" ထမင်းချဉ်သည်လည်း ကမ္ဘာကြိုက်ဖြစ်၍လာပါသည်။

အားလုံးသည် လက်လုပ်ချဉ်များပင် ဖြစ်ပါသည်။

မြန်မာတို့ ကျေးလက်အာဟာရအနေဖြင့် ပဲတီချဉ်၊ သရက်ချဉ်တို့ကိုလည်း နှစ်ခြိုက်စွာ သုံးဆောင်ကြပါသည်။ မြို့ပေါ်မှာလို လက်သိပ်ထိုး၍ လျှူကြတန်းကြခြင်းမဟုတ်ဘဲ ရွာလုံးကျွတ် လူတိုင်းလာပြီး စားနိုင်ရန်အတွက် သာမန်လူတို့၏ အခြေခံ အလှူထမင်းတွင် ငါးခြောက်ထောင်းကြော်၊ သရက်ချဉ်သုပ်နှင့် မှန်ရောင်ဟင်းချိုတို့မှာ ပုံစံကျ၍ နေပါသည်။

အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်က အလှူရှင်တွေကို တစ်နပ်ကောင်း မလှူစေဘဲ နေ့စဉ်မျှတသော အာဟာရကို ပြည့်စုံရုံမျှ သုံးဆောင်နိုင်ရန် သတ်မှတ်ပေးခဲ့ခြင်းဖြင့် ရဟန်းရှင်လူတို့အတွက် ရေရှည်ဖူလုံမှု(Food Security) ရှိစေရန် စီမံခဲ့သည်မှာ ယနေ့အထိ စဉ်ဆက်လုပ်ဆောင်နေကြဆဲပင် ဖြစ်ပါသည်။

မြန်မာတို့၏ နေထိုင်မှုဘဝဟန် (Life style) ကို နားလည်းမလည် မလေ့လာ၊ အထင်မကြီးဘဲ၊ အပြစ်ချည်းမြင်နေသူတို့၏ ဦးဆောင်မှုဖြင့် ပြုပြင်ဖို့ တွန်းအားပေးခဲ့သော လူငယ်များသည် လူထုလိုက် မလုပ်သဖြင့် ရေရှည်မခံပါ။ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးစုံတို့၏ စားသုံးပုံဓလေ့တွေကို သင်ယူခြင်းမရှိဘဲ သူတို့ကို ဤသို့စားပါ၊ ဤသို့ ရှောင်ပါ စသည်ဖြင့် ပြောရင်းနှင့် အချိန်ကုန်သွားသည်မှာ နှစ်တစ်ရာပြည့်ခါနီးပါပြီ။

❊ မြန်မာတို့၏နေထိုင်မှုဘဝဟန်(Life style)ကို နားလည်းမလည် မလေ့လာ၊ အထင်မကြီးဘဲ၊ အပြစ်ချည်းမြင်နေသူတို့၏ ဦးဆောင်မှုဖြင့် ပြုပြင်ဖို့ တွန်းအားပေးခဲ့သော လူငယ်များသည် လူထုလိုက် မလုပ်သဖြင့် ရေရှည် မခံပါ။ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးစုံတို့၏ စားသုံးပုံဓလေ့တွေကို သင်ယူခြင်းမရှိဘဲ သူတို့ကို ဤသို့စားပါ၊ ဤသို့ ရှောင်ပါ စသည်ဖြင့် ပြောရင်းနှင့် အချိန်ကုန်သွားသည်မှာ နှစ်တစ်ရာပြည့်ခါနီးပါပြီ

သာမန်အားဖြင့် အစားအစာများကို အုပ်စုခွဲထားပေးပါသည်။ ဗိုက်ပြည့်အောင် စားရသော အခြေခံအစားအစာများမှာ ဒေသအလိုက် မတူကြပါ။ မြန်မာတို့က ထမင်းစားပါသည်။ "စားစရာဆန်ထမင်းမှာလ မုယင်းနီတျာတျာနဲ့ သီကာရောတဲ့ ချိန်ကိုလေး" ဟူ၍လည်း စာစပ်ကြပါသည်။ ဆန်ကို တစ်နေရာနှင့် တစ်နေရာမတူ။ အလုပ်ကြမ်းလုပ်သူများက ဆန်ကြမ်းကို စားကြရပါသည်။ ဆန်ဖြူဆန်ချောကို ဗိုက်ပြည့်အောင်စားသည့်တိုင် ကြာကြာအဆာမခံ။ တောင်ပေါ်သားများက ဆန်စေး၊ ရှမ်းဆန်၊ ကောက်ညှင်းဆန်များကို စား၍ အလုပ်ဆင်းကြရပါသည်။ ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် လာအိုနိုင်ငံသားများမှာလည်း ထိုနည်းတူပင်။

သို့ဖြစ်၍ ဆန်ကိုမည်သို့ချက်၍ မည်သို့စားသင့်သည်ဟု အကြံပြုသည့် ပညာတတ်များအနေဖြင့် ဒေသခံတို့၏ ဓလေ့ကို ဦးစွာလေ့လာဖို့ လိုလေသည်။ အခြေခံအစာအဖြစ် ဆန်ထမင်းမဟုတ်ဘဲ ဂျုံ၊ အာလူးတို့ကို အဓိက စားသုံးသူများလည်း ရှိပါသည်။ အာဖရိကတိုက်တွင် ငှက်ပျောသီးကို အဓိကအစားအစာအဖြစ်ချက်၍စားကြပါသည်။ ဆန်စားသူများက အာလူးများများ မစားနိုင်၊ ငှက်ပျောသီးကို ထမင်းအစားထိုးစားဖို့ ကိစ္စကား အလွန်ပင်ခက်ခဲလှလေ သည်။

အခြေခံ အစားအစာအုပ်စုထဲတွင် အသားဓာတ်ဟု ပြထားသော အစားအစာများမှာ မျိုးစုံလှပါသည်။ ဘယ်အသားကို ဘယ်နှစ်ကျပ်သားစားဟူ၍ ညွှန်းပေးနေသည်ကိုလည်း တွေ့နိုင်ပါသည်။ မြန်မာတို့အတွက် လက်တွေ့ကျမကျသိချင်လျှင် အစဉ်အဆက်မည်မျှ လိုက်နာလုပ်ဆောင်ကြကြောင်း ဆန်းစစ်ရန်လိုပေသည်။

တစ်နေ့တွင် ကျွန်တော်၏ တပည့်များသည် ကိုယ်စားသရုပ်ဆောင်မှု (Role Play) ပြုလုပ်ကြပါသည်။ အသားငါးက ဈေးကြီးသည်ဖြစ်၍ ပဲအမျိုးမျိုးစားသင့်ကြောင်း ပညာပေး၍ နေကြလေသည်။ ပညာပေးသူများမှာ ရန်ကုန်ကဖြစ်ပြီး ပညာပေးခံရသူများမှာ ရခိုင်ပြည်နယ်မှ ဖြစ်ပါသည်။

"ဒီလောက် ငါးတွေ၊ ပုစွန်တွေ၊ ပင်လယ်စာတွေ ပေါတဲ့ ရခိုင်ပြည်နယ်မှာ ပဲစားမှ အသားဓာတ်ရမှာလား" ဟု ကျွန်တော်မေးခွန်းထုတ်သည့်အခါ တပည့်များ စိတ်ညစ်သွားကြလေသည်။ ပုစွန်ထက်သေးသော ငွေးကောင်ကလေးများ၊ မှျင်များကို ငပိထောင်း၍ စားနိုင်၏။ အသားဓာတ် အပြည့်ပင်။ ယခု ကလေးတို့ကြားမှာ တွင်ကျယ်လာသော ရေညှိများမှာလည်း ပင်လယ်ထွက်ပစ္စည်းများ ဖြစ်ကြလေသည်။ အာဟာရရှိပါ၏။

အနောက်တိုင်းသားတို့သည် ကြက်၏ လေးပုံတစ်ပုံမှ တစ်ခြမ်းအထိကို တစ်နပ်စာအဖြစ် သုံးဆောင်နေကြချိန်တွင် ကျွန်တော်တို့က ထိုပမာဏ ရှိသော ကြက်သားကို မိသားတစ်စုလုံးက တစ်နပ်စာအဖြစ် စားကြရသည့်တိုင် ပုံမှန်မစားနိုင်ကြပါ။ ထမင်းစားဝင်အောင် အားထားရသော ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ငါးပိရည်ကျိုများမှာလည်း အသားပါဝင်မှုများလွန်းသောကြောင့် "အငန်လျှော့စား" ဟူသော ပညာပေးနှင့်ကပ်၍ ငြိနေပြန်လေသည်။

## အာဟာရတန်ဖိုးကိုလေ့လာရန်လို

နွားနို့၊ ပဲနို့များကို ငယ်ငယ်ကတည်းက သောက်လေ့မရှိသူများမှာလည်း နေရထိုင်ရ မကောင်းလှပါ။ ထိုအထဲတွင် အသီးအရွက်များကို ပန်းကန်တစ်ဝက်မျှစားကြရန်အရေးသည် နေ့စဉ် ပုံမှန်စားရန်အတော်ပင် ကြိုးစားကြရလေသည်။ နွားနို့ကဲ့သို့ပင် ဂျုံမတည့်သူများ၊ မြေပဲမတည့်သူများလည်း ရှိပါ၏။ ဥပမာပြ၍ ဆင်ခြေတက်သည်ဟု မယူဆစေလိုပါ။ အမျှင်ဓာတ်သာမက အသားဓာတ်ကိုပါ ဖြည့်ဆည်းပေးသော လက်လုပ်ချဉ်များဖြစ်သည့် မုန်ညင်းချဉ်ကအစ လက်လုပ်ချဉ်များတွင် အာဟာရဓာတ် မည်မျှရှိပါကြောင်း သုတေသနပြုပြီး အာဟာရတန်ဖိုးကို လေ့လာရန်လိုပါသည်။

ဆီဦးထောပတ်များကို စားလျှင် အားရှိသည် ဟူသော်လည်း ကုန်သွားပါပြီ။ ထောပတ်မစား၊ နွားနို့မသောက်သော မြန်မာများအတွက် ရနိုင်သော ခွန်အားဓာတ်မှာ ရိုးရိုးဆီမှရနိုင်ပါသည်။ ဆီကိုလျှော့စားရန်လိုသည်မှန်သော်လည်း ဝက်ဆီ၊ အမဲဆီတို့ကဲ့သို့ အသားမှရသောအဆီများနှင့် ပြန်ကြော်ဆီများကို ရှောင်မှုဖြစ်ပါမည်။

အားရှိအောင် စားမှာလား။
အာဟာရဖြစ်အောင် စားမှာလား။
အရသာရှိအောင် စားမှာလား။
ဘေးကင်းသန့်ရှင်းသော အစားအစာ စားမှာလား။
ဗိုက်ပြည့်ဝအောင်စားမှာလား။
စားပိုးနင့်အောင်စားမှာလား။

"သဗ္ဗေသတ္တာ၊ အာဟာရဋ္ဌိတိကာ" ဟူသော ဆိုရိုးအတိုင်း အာဟာရတွေ ပုံမှန်ရနိုင်ဖို့အတွက် ကြိုးစားရသည့် ဒုက္ခရှိသည်မှန်၏။ ထိုဒုက္ခကို ဖြေရှင်းနိုင်သည့် "နည်းလမ်း" ကို ကမ္ဘာ့ပညာရှင်များက ရှာဖွေကြံဆနေကြသည်မှာလည်းမှန်၏။ ၂၀၃၀ ပြည့်နှစ်တွင် ဖြစ်မည် မှန်း၏။ ။

# မြန်မာပို့ကုန်လုပ်ငန်းရှင်များ တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)တွင် မှတ်ပုံတင်နိုင်ရေး အသိပေးနှိုးဆော်ချက်

တရုတ်နိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (The General Administration of Customs of China - GACC) မှ ထုတ်ပြန်ခဲ့သည့် အမိန့်ကြေညာချက်အမှတ် (၂၄၈)၊ (၂၄၉) တို့အရ တရုတ်နိုင်ငံသည် GACC တွင် မှတ်ပုံတင်ထားသောလုပ်ငန်းများမှ စားသောက်ကုန်များကိုသာ (၁-၁-၂၀၂၂) ရက်နေ့မှစတင်၍ တရားဝင်တင်သွင်းခွင့်ပြုမည်ဖြစ်ပါသည်။

တရုတ်နိုင်ငံသို့ စားသောက်ကုန်၊ လယ်ယာထွက်ကုန်နှင့် မွေးမြူရေးထုတ်ကုန်များ တင်ပို့လျက်ရှိသော/တင်ပို့လိုသော မြန်မာနိုင်ငံမှ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏လုပ်ငန်းများကို တရုတ်နိုင်ငံ(GACC)တွင် လုပ်ငန်းမှတ်ပုံတင်ခြင်းကို ကုန်သည်အသင်းအဖွဲ့များမှတစ်ဆင့်လည်းကောင်း၊ ကုမ္ပဏီများမှ တိုက်ရိုက်လည်းကောင်း ကုန်စည်အုပ်စုအလိုက် ဆက်သွယ်လျှောက်ထားမှုများကို သက်ဆိုင်ရာ (Competent Authority) များမှ တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိပါသည်။

အဆိုပါ လုပ်ငန်းများမှတ်ပုံတင်ခြင်းကို တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) တွင် (၃၁-၁၂-၂၀၂၁) ရက်နေ့ နောက်ဆုံးထား၍ မှတ်ပုံတင်ကြရမည်ဖြစ်သောကြောင့် မှတ်ပုံတင်ရန်ကျန်ရှိသော ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် အချိန်မီ မှတ်ပုံတင်နိုင်ရေးအတွက် ကုန်ပစ္စည်းအမျိုးအစားအလိုက် အောက်ဖော်ပြပါဇယားအတိုင်း သက်ဆိုင်ရာ (Competent Authority) များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

| စဉ် | ကုန်ပစ္စည်းအမျိုးအစား | ထောက်ခံချက်ပေးမည့် ဌာန e.g Food and Drug Administration | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | ဖုန်းနံပါတ် | E-mail |
|---|---|---|---|---|---|
| ၁ | Edible Oil | အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန | ဒေါက်တာပြည့်ဖြိုး ညွှန်ကြားရေးမှူး | 095161891 | gurugyi@gmail.com |
| ၂ | Oilseeds | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95@gmail.com |
| ၃ | Stuffed Pastry Products | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95@gmail.com |
| ၄ | Edible grains | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95@gmail.com |
| ၅ | Grains milling industrial products and Malt | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95@gmail.com |
| ၆ | Fresh and dehydrated vegetables | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95@gmail.com |
| ၇ | Dried beans | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95@gmail.com |
| ၈ | Plant spices | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95@gmail.com |
| ၉ | Nuts and seeds | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95@gmail.com |
| ၁၀ | Dried Fruits | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95@gmail.com |
| ၁၁ | Unroasted coffee and cocoa bean | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95@gmail.com |
| ၁၂ | Special Dietary Foods (Excluding milk- based infant formula) | အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန | ဒေါက်တာပြည့်ဖြိုး ညွှန်ကြားရေးမှူး | 095161891 | gurugyi@gmail.com |
| ၁၃ | Functional foods | အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန | ဒေါက်တာပြည့်ဖြိုး ညွှန်ကြားရေးမှူး | 095161891 | gurugyi@gmail.com |
| ၁၄ | Bee Products | မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဦးမောင်တင့် ဒုတိယ ညွှန်ကြားရေးမှူး | 09794894144<br>092174326 | komgtint1971@gmail.com |
| ၁၅ | Aquatic Products including Edible and Farmed Products | Department of Fishery, Ministry of Agriculture, Livestock and Irrigation | ဦးညွန့်ဝင်း ညွှန်ကြားရေးမှူး<br>ဒေါက်တာစုမျိုးသွယ် ဒုတိယညွှန်ကြားရေးမှူး | 09781187927<br>095081624 | nyuntwin34@gmail.com<br>smyothwe@gmail.com |
| ၁၆ | Animal Products and Animal Feed | Livestock Breeding and Veterinary Department, Ministry of Agriculture, Livestock and Irrigation | ဒေါက်တာနှင်းလဲ့စိုး ဒုတိယညွှန်ကြားရေးမှူး | 09-797711961 | nilarhninlesoe@gmail.com |
| ၁၇ | Livestock Animals | Livestock Breeding and Veterinary Department, Ministry of Agriculture, Livestock and Irrigation | ဒေါက်တာဌေးဇော်ဦး ဒုတိယညွှန်ကြားရေးမှူး | 09-2045304 | drhtayzawoo@gmail.com |
| ၁၈ | တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အစားအသောက်တင်ပို့သည့်လုပ်ငန်းများ မှတ်ပုံတင်မည့်ကိစ္စနှင့် ထောက်ခံချက်ပေးနိုင်ရေးအတွက် လုပ်ငန်းအဖွဲ့ (အတွင်းရေးမှူး) | မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဒေါ်နှင်းစန္ဒာ ညွှန်ကြားရေးမှူး | 067-3-408605<br>0943034935<br>067-3-408618 | hninsandar05@gmail.com<br>myantrade.domestic@gmail.com |

စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးရန်လိုအပ်သော ကုန်စည်အမျိုးအစား ၅၂ မျိုး စာရင်းအား အသေးစိတ်သိရှိလိုပါက https://mitc.myantrade.gov.mm တွင် ဝင်ရောက်လေ့လာနိုင်ကြောင်း အသိပေးအပ်ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အစားအသောက်တင်ပို့သည့်လုပ်ငန်းများ မှတ်ပုံတင်ခြင်းနှင့် ထောက်ခံချက်ပေးနိုင်ရေးလုပ်ငန်းအဖွဲ့

# ဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ရပါက မြန်မာဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့ အရေးပါသောအဖွဲ့တစ်ဖွဲ့ဖြစ်လာစေရန် မျှော်မှန်း



**နေပြည်တော် ဒီဇင်ဘာ ၁၃**

မြန်မာဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့ သင်တန်းအမှတ်စဉ် (၂/၂၀၂၁)ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် M-Gallery ဟိုတယ်၌ ဖွင့်လှစ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက်အမှာစကားပြောကြားသည်။ (ယာပုံ)

### လေ့ကျင့်သင်တန်းပေးခြင်းသည် အဓိက ကျ

ပြည်ထောင်စုဝန်ကြီးက ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများကို နိုင်ငံတစ်နိုင်ငံတည်း၊ အဖွဲ့အစည်း တစ်ခုတည်းက ဆောင်ရွက်မည်ဆိုပါက ပန်းတိုင်နှင့်အလှမ်းကွာမည်ဖြစ်သဖြင့် ပူးပေါင်းဆောင်ရွက်မှုကို အားပေးလုပ်ဆောင်ပါကြောင်း၊ ယခု မြန်မာဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့သင်တန်းသည်လည်း အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်တစ်ခုဖြစ်ပါကြောင်း၊ အာဆီယံအဆင့်တွင် အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့ ASEAN-ERAT ရှိသကဲ့သို့ ပြည်တွင်းတွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ ရှိသင့်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ AHA Centre တို့ ပူးပေါင်း၍ မြန်မာနိုင်ငံအတွက် လူသားချင်းစာနာ ထောက်ပံ့မှုပေးခြင်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ဆောင်ရွက်ခဲ့ပါကြောင်း၊ စီမံကိန်း၏ လုပ်ငန်းစဉ်များအနက် မြန်မာဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့ ဖွဲ့စည်းပြီး လေ့ကျင့်သင်တန်းပေးခြင်းသည် အဓိကအကျဆုံးဖြစ်ပါကြောင်း။

သင်တန်းအတွက် သင်ရိုးညွှန်းတမ်းတွင် ပဋိပက္ခအခြေအနေတွင် ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းနှင့် လူမှုသဟဇာတဖြစ်ရေး ဘာသာရပ်များပါ ထပ်မံထည့်သွင်း ရေးဆွဲခဲ့ပါကြောင်း၊ ၎င်းဘာသာရပ်များသည် ပြည်တွင်းစွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် လိုအပ်သကဲ့သို့ လူမှုဘဝရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အတွက် အထောက်အပံ့ဖြစ်မည်ဟု ယူဆပါကြောင်း၊ ထို့အပြင် ဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ရပါက မြန်မာဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့မှ ဘေးတုံ့ပြန်ရေးလုပ်ငန်းများ၊ ဆန်းစစ်လေ့လာရေးလုပ်ငန်းများ၊ ညှိနှိုင်းပေါင်းစပ်မှုများပါ ဆောင်ရွက်နိုင်စေရန်အတွက် အရေးပါသောအဖွဲ့တစ်ဖွဲ့ ဖြစ်လာစေရန်အထိ မျှော်မှန်းပါကြောင်း၊ မြန်မာဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့ သင်တန်းသည် သင်တန်းသားတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေရသောဝန်ကြီးဌာနများမှ အလယ်အလတ်အဆင့် အရာထမ်းများပါဝင်သည့်အတွက် ဝန်ကြီးဌာနများအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ရသည့်လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာမည်ဖြစ်သကဲ့သို့ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာများ ဆောင်ရွက်နေသည့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များလည်း ပါဝင်သည့်အတွက် ယနေ့သင်တန်းမှ ရရှိမည့်အတွေ့အကြုံဗဟုသုတ၊ နည်းပညာများဖြင့် မိမိနေထိုင်ရာ မြို့နယ်ဒေသကို အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

### ခြောက်ရက်ကြာ ဖွင့်လှစ်မည်

အဆိုပါအခမ်းအနားသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ နည်းပြများ၊ သက်ဆိုင်ရာဌာနအသီးသီးမှ သင်တန်းသားများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် လူမှုရေးအဖွဲ့အစည်းများမှ သင်တန်းသားများအပါအဝင် သင်တန်းသားစုစုပေါင်း ၄၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို ယနေ့မှ ဒီဇင်ဘာ ၁၈ အထိ သင်တန်းကာလ ခြောက်ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အစ္စရေးဝန်ကြီးချုပ် ယူအေအီးနိုင်ငံသို့ ပထမဆုံးအကြိမ် တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်

**ဂျေရုဆလင် ဒီဇင်ဘာ ၁၃**

အစ္စရေးနိုင်ငံသည် မကြာသေးမီအချိန်အတွင်းကမှ ယူအေအီးနိုင်ငံနှင့် ဆက်ဆံရေးထူထောင်ခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးခိုင်မာစေရေးအတွက် အစ္စရေးဝန်ကြီးချုပ်အနေဖြင့် ပထမဆုံးအကြိမ် တရားဝင်ခရီးအဖြစ် ဒီဇင်ဘာ ၁၂ ရက်က ယူအေအီးနိုင်ငံသို့ သွားရောက်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

သမိုင်းဝင်ခရီး သွားရောက်ရသည့်အတွက် လည်းကျေနပ်မိကြောင်း အစ္စရေးဝန်ကြီးချုပ် နဖ်တလီဘန်းနက်က တဲလ်အဗစ်မြို့အပြင်ဘက် ဘင်ဂူရီယန်လေဆိပ်တွင် သတင်းထောက်များကို ပြောသည်။ ခရီးစဉ်အတွင်း အဘူဒါဘီအိမ်ရှေ့မင်းသား ရှိတ်ခ်မိုဟာမက်ဘင်ဇေယက်အယ်နာယန်နှင့် ဒီဇင်ဘာ ၁၃ ရက်တွင် တွေ့ဆုံသွားမည်ဖြစ်သည်။

ထို့ပြင် ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့်လည်း တွေ့ဆုံသွားမည်ဖြစ်သည်။ အစ္စရေးနှင့် ယူအေအီးနိုင်ငံတို့ ပုံမှန်ဆက်ဆံရေးထူထောင်ပြီး ၁၄ လအကြာတွင် ယခုလို ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ခြင်းဖြစ်သည်ဟု အစ္စရေးဝန်ကြီးချုပ် မစ္စတာဘန်းနက်က ပြောသည်။ **ဆင်ဟွာ**




ယူအေအီးနိုင်ငံခြားရေးဝန်ကြီး ရှိတ်ခ်အဗ္ဗဒူလာ ဘင်ဇေယက်အယ်လ်နာ့ယန်က အဘူဒါဘီအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အစ္စရေးဝန်ကြီးချုပ်ကို ကြိုဆိုနေစဉ်။

# ဗြိတိန်နိုင်ငံ၌ အိုမီခရွန်ကူးစက်မှုများကြားမှ အပိုဆောင်းကာကွယ်ဆေးထိုးကြရန် ပြင်ဆင်လျက်ရှိ

**လန်ဒန် ဒီဇင်ဘာ ၁၃**

ဗြိတိန်နိုင်ငံတွင် အရွယ်ရောက်ပြီးသူအားလုံးကို ယခုလကုန်ပိုင်းတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးအပိုဆောင်းထိုးပေးနိုင်လိမ့်မည်ဟု ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ပြောသည်။

ကိုဗစ်-၁၉ မျိုးကွဲ အိုမီခရွန် ကူးစက်မှုများ များပြားလာစဉ် ယခုလိုလုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ ဒီဇင်ဘာ ၁၂ ရက် ညပိုင်း ရုပ်မြင်သံကြား မိန့်ခွန်းတွင် ဝန်ကြီးချုပ်က ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။ ကာကွယ်ဆေးအပိုဆောင်းထပ်ထိုးပေးမည့်အစီအစဉ်ကို ကနေဦးအဆင့်အနေဖြင့် တစ်လအတွင်း စတင်နိုင်ရေးကြိုးပမ်းလျက်ရှိသည်ဟု ပြောကြားခဲ့သည်။

အိုမီခရွန်ကူးစက်မှုမှာ ဒီရေအလားလျင်မြန်စွာ ကူးစက်ပျံ့နှံ့လာသည်ဟုလည်း ၎င်းက သတိပေး ပြောကြားခဲ့သည်။ ကာကွယ်ဆေးနှစ်ကြိမ် ထိုးရုံမျှဖြင့် လုံလောက်သည့် အကာအကွယ်ပေးနိုင်စွမ်း ရှိ မရှိ မသိရသေးဟု သတိပေးပြောကြားခဲ့သည်။

သတင်းကောင်း တစ်ခုမှာ သိပ္ပံပညာရှင်များသည် တတိယအကြိမ် ကာကွယ်ဆေးအတွက် ယုံကြည်မှု ခိုင်ခိုင်မာမာရှိကြပြီး ကာကွယ်နိုင်မှု အဆင့်အတန်းလည်း ပြန်လည်ရောက်ရှိလာမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

နှစ်သစ်ကူးမတိုင်မီ အင်္ဂလန်တွင် အသက် ၁၈ နှစ်နှင့် အထက်များကို အပိုဆောင်းကာကွယ်ဆေးထိုးပေးနိုင်မည်ဟု ဘောရစ်ဂျွန်ဆင်ကပြောသည်။ အင်္ဂလန်သည် ဗြိတိန်နိုင်ငံရှိ လူဦးရေအများအပြား နေထိုင်ရာနေရာလည်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**



ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်

# အိုမီခရွန်ကူးစက်မှုကို စိုးရိမ်သည့်အတွက် ဗြိတိန်နှင့်ဒိန်းမတ်နိုင်ငံသို့ ခရီးသွားလာခွင့် အစ္စရေးပိတ်ပင်

**ဂျေရုဆလင် ဒီဇင်ဘာ ၁၃**

အစ္စရေးနိုင်ငံသည် အိုမီခရွန်ကူးစက်မှုကိုစိုးရိမ်သည့်အတွက် ဒီဇင်ဘာ ၁၂ ရက်မှစတင်ကာ ဗြိတိန်နှင့် ဒိန်းမတ်နိုင်ငံသို့ ခရီးသွားလာမှု ပိတ်ပင်ခဲ့သည်ဟု သိရသည်။

ခရီးသွားလာမှုဆိုင်ရာပိတ်ပင်မှုမှာ ဒီဇင်ဘာ ၁၆ ရက်မှစတင်၍ သက်ရောက်မည်ဖြစ်ပြီး အစ္စရေးကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုမှ အကြီးအကဲဖြစ်သူ ရှာရွန်အယ်ရွိုင်းပရစ်က ပြောသည်။

အစ္စရေးနိုင်ငံသည် အာဖရိကနိုင်ငံများကိုလည်း ခရီးသွားလာခွင့် ပိတ်ပင်ထားပြီးဖြစ်သည်။ အာဖရိကနိုင်ငံများတွင် ကိုဗစ်-၁၉ မျိုးကွဲကူးစက်မှုအန္တရာယ်ကြောင့် အစ္စရေးနိုင်ငံက အန္တရာယ်ဇုန်အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ခရီးသွားလာခွင့် ပိတ်ပင်ထားသည့်နိုင်ငံများမှ ပြန်လာသည့် အစ္စရေးနိုင်ငံသားများမှာ အနည်းဆုံး ခုနစ်ရက် အသွားအလာစောင့်ကြည့်ကန့်သတ် ခံရမည်ဖြစ်သည်။ အဆိုပါ ပိတ်ပင်ထားသည့်နိုင်ငံများမှ နိုင်ငံသားများကိုလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စမှလွဲ၍ အစ္စရေးနိုင်ငံသို့ လာရောက်ခွင့်ပြုမည်မဟုတ်ချေ။

ယခုအချိန်အထိ အစ္စရေးနိုင်ငံတွင် အိုမီခရွန်ကူးစက်ခံရသူ ၆၇ ဦးရှိသည်။ နောက်ထပ်သံသယရှိသူ ၈၀ ခန့်ရှိပြီး ၎င်းတို့၏ ဆေးစစ်ချက်အဖြေများကိုအတည်မပြုနိုင်သေးချေ။ **ဆင်ဟွာ**



အစ္စရေးနိုင်ငံ ဘင်ဂူရီယန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည့် ခရီးသည်တစ်ဦးကို တွေ့ရစဉ်။

# အီရန်နိုင်ငံ၌ ကိုဗစ်- ၁၉ ကူးစက်ခံရသူ ၂၂၈၉ ဦးတွေ့ရှိ

**တီဟီရန် ဒီဇင်ဘာ ၁၃**

အီရန်နိုင်ငံ၌ ကိုဗစ်- ၁၉ ကူးစက်ခံရသူ ၂၂၈၉ ဦးထပ်မံ တွေ့ရှိခဲ့သည်ဟု အီရန်ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ တိုင်းပြည်အတွင်း စုစုပေါင်းကူးစက်ခံရသူဦးရေမှာ ၆၁၅၈၀၁၃ ဦးရှိသည်ဟု အီရန်ကျန်းမာရေးဝန်ကြီးဌာနကပြောသည်။

ကပ်ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှစတင်ကာ ကိုဗစ် - ၁၉ နှင့်ဆက်စပ်ပြီး အသက်ဆုံးရှုံးရသူ ၁၃၀၇၂၂ ဦး ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

ဒီဇင်ဘာ ၁၂ ရက်အထိ အီရန်နိုင်ငံတွင် ကိုဗစ် - ၁၉ ကာကွယ်ဆေးပထမအကျော့ ထိုးပြီးသူ ၅၈၆၉၆၃၉၄ ဦးရှိပြီး နှစ်ကြိမ်ကာကွယ်ဆေးထိုးပြီးသူ ၄၉၃၇၇၈၄၇ ဦးရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

# ဘရာဇီးနိုင်ငံ ဘဟီရာပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ခုနစ်ဦးသေဆုံးပြီး ထောင်ပေါင်းများစွာ နေရပ်စွန့်ခွာခဲ့ရ

**ရီယိုဒီဂျနေးရိုး ဒီဇင်ဘာ ၁၃**

ပြီးခဲ့သည့် သီတင်းပတ်အတွင်း ဘရာဇီးနိုင်ငံ ဘဟီရာပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူခုနစ်ဦးထက်မနည်း သေဆုံးခဲ့ပြီး လူထောင်ပေါင်းများစွာ နေရပ်စွန့်ခွာခဲ့ရသည်ဟု ဒေသတွင်းပြည်သူ့ကာကွယ်ရေးက ဒီဇင်ဘာ ၁၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အပူပိုင်းဒေသ ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပြီးခဲ့သည့် သီတင်းပတ်အတွင်း တောင်ပိုင်းဘဟီရာပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပေါ်ခဲ့သည်။ မိုးကြောင့် နေရာအစိတ်အပိုင်းတော်တော်များများတွင် ရေကြီးမှုများဖြစ်ပေါ်ခဲ့ပြီး အဆောက်အအုံပျက်စီးမှုများလည်း ဖြစ်ပေါ်ခဲ့သည်။ မိုးကြောင့် မြို့ပေါင်း ၃၀ ခန့်တွင် ရေလွှမ်းမိုးမှုဒဏ်ကိုခံစားခဲ့ရပြီး ခုနစ်ဦးသေဆုံးကာ ၁၇၅ ဦးဒဏ်ရာရရှိခဲ့သည်။ ထို့ပြင် လူထောင်ပေါင်းများစွာ နေရပ်စွန့်ခွာခဲ့ရသည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့တော်တော်များများနှင့် ကျေးရွာများမှာ အဆက်အသွယ်ပြတ်တောက်ခဲ့ပြီး ကယ်ဆယ်ရေးအဖွဲ့များလာရောက်ရန် အခက်အခဲတွေ့ခဲ့ရသည်။

ဒီဇင်ဘာ ၁၂ ရက်တွင် မီးသတ်သမားနှင့် ကယ်ဆယ်ရေးလုပ်သားနှစ်ရာကျော်ကို ရဟတ်ယာဉ်နှစ်စင်းဖြင့် ရေလွှမ်းမိုးမှုဖြစ်ပေါ်ရာနေရာသို့ ပို့ဆောင်ပေးခဲ့သည်။ ဘရာဇီးသမ္မတဂျာဘော်ဆွန်နာရိုနှင့် ဘဟီရာအုပ်ချုပ်ရေးမှူး ရူအီဖယ်ကာအိုတို့သည် ဒီဇင်ဘာ ၁၂ ရက်က ရေလွှမ်းမိုးမှုဒဏ်ခံဒေသသို့ သွားရောက်ခဲ့ပြီး ပြန်လည်တည်ဆောက်ရေးအတွက် အကူအညီများပေးသွားမည်ဟု ကတိပြုခဲ့သည်။

**ဆင်ဟွာ**

# မလေးရှားနိုင်ငံ၌ အိုမီခရွန် ဗီဇပြောင်းပိုင်းရပ်စ်သစ်ကူးစက်ဖြစ်ပွားသူအပါအဝင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၄၉၀ တိုးလာ

**ကွာလာလမ်ပူ ဒီဇင်ဘာ ၁၃**

မလေးရှားနိုင်ငံ၌ အိုမီခရွန် ဗီဇပြောင်း ပိုင်းရပ်စ် သစ် ကူးစက်ဖြစ်ပွားသူ တွေ့ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ခါရီဂျမာလူဒင်က ပြောကြားလိုက်မှုနှင့်အတူ ဒီဇင်ဘာ ၁၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၄၉၀ တိုးလာကြောင်း အတည်ပြုဖော်ပြခဲ့သည်။

ထို့အတူ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၆၉၁၆၃၉ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၄ ဦးမှာ ပြည်ပကူးစက်မှုဖြစ်ပြီး ၃၄၇၆ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

နောက်ထပ် ၁၇ ဦး ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၃၀၈၇၉ ဦး ရှိလာခဲ့ပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာပြီးဆေးရုံမှဆင်းလာသူ ၅၃၉၉ ဦးအပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူပေါင်း ၂၆၀၁၉၀၈ ဦး ရှိလာပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၅၈၈၅၂ ဦး အနက် ၄၀၇ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုခံယူလျက်ရှိပြီး ၎င်းတို့အနက် ၂၁၆ ဦးမှာ အသက်ရှူအထောက်အကူ လိုအပ်လျက်ရှိကြောင်း သိရသည်။

ဒီဇင်ဘာ ၁၂ ရက် တစ်ရက်တည်း၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၆၇၃၇၆ ဦးရှိခဲ့ရာ လူဦးရေ၏ ၇၉ ဒသမ ၄ ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်းသိရပြီး ၇၈ ဒသမ ၁ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအပြည့်အဝထိုးနှံပြီးပြီ ဖြစ်သည်။

ဆင်ဟွာ



မလေးရှားလေဆိပ်တွင် ခရီးသည်များကို တွေ့ရစဉ်။

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် ၅၆၁ ရက်အတွင်း အနည်းဆုံးဖြစ်

**နယူးဒေလီ ဒီဇင်ဘာ ၁၃**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၇၃၅၀ ရှိလာသောကြောင့် ဒီဇင်ဘာ ၁၃ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၄၆၉၇၈၆၀ အထိရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၀၂ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၇၅၆၃၆ ဦးအထိ ရှိလာခဲ့သည်။


အိန္ဒိယတွင် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးရန် အာခေါင်တို့ဖတ်နမူနာ ရယူနေသည်ကို တွေ့ရစဉ်။

အိန္ဒိယနိုင်ငံတွင် လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၉၁၄၅၆ ဦးရှိပြီး လွန်ခဲ့သော ရက်အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၈၂၅ ဦး လျော့နည်းခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် ၅၆၁ ရက်အတွင်း အနည်းဆုံး ဖြစ်ခဲ့သည်။

တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှု အများဆုံးမှာ အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်ဖြစ်သည်။

လွန်ခဲ့သော ၂၄ နာရီက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပျောက်ကင်းသွားပြီး ဆေးရုံမှ ဆင်းလာသူ ၇၉၇၃ ဦးအပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူ ၃၄၁၃၀၇၆၈ ဦး ရှိလာပြီ ဖြစ်သည်။

ဆင်ဟွာ

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် ၂၈၀၈၁ ဦး သေဆုံး

**ဟနွိုင်း ဒီဇင်ဘာ ၁၃**

ဗီယက်နမ်နိုင်ငံတွင် ဒီဇင်ဘာ ၁၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၅၃၇၇ ဦး ရှိလာကြောင်းဖော်ပြခဲ့ပြီး ပြည်ပကူးစက်ဖြစ်ပွားသူ ၂၈ ဦးနှင့် ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၁၅၃၄၉ ဦးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၄၂၈၄၂၄ ဦးအထိရှိလာပြီး ၂၈၀၈၁ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ အစုလိုက်ကူးစက်မှုအများစုမှာ မြို့တော် ဟနွိုင်းဖြစ်ကာ ကိုဗစ်-၁၉ ကူးစက်ရာ ဗဟိုချက်နေရာဖြစ်သည့် ဟိုချီမင်းမှ ၉၁၅ ဦး၊ တေနင်ပြည်နယ်မှ ၉၁၉ ဦးနှင့် ဘင်ဖုပြည်နယ်မှ ၉၉၈ ဦးတို့ ဖြစ်ကြသည်။

ဒုတိယအကြိမ်ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၅၈ သန်းအပါအဝင် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်းမှာလည်း ၁၃၃ သန်းနီးပါး ရှိလာပြီဖြစ်သည်။

ဒီဇင်ဘာ ၁၃ ရက်အထိ နိုင်ငံအတွင်းပြည်တွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁ ဒသမ ၄ သန်း ကျော်လွန်လာခဲ့ပြီဖြစ်သည်။

ဆင်ဟွာ

# လူဦးရေသန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၂၃ သန်းကျော်ရှိ

**မနီလာ ဒီဇင်ဘာ ၁၃**

ဖိလစ်ပိုင်နိုင်ငံတွင် ဒီဇင်ဘာ ၁၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၆၀ တိုးလာပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၈၃၆၈၀၃ ဦးအထိ ရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာန (ဒီအိုအိတ်ချ်) က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် ၆၁ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ သေဆုံးသူပေါင်း ၅၀၃၄၁ ဦးအထိ ရှိလာခဲ့သည်။

လွန်ခဲ့သောနှစ် ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်မှစကာ ဖိလစ်ပိုင်နိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု လှိုင်းဂယက်သုံးခု ရိုက်ခတ်ခြင်းကို ခံခဲ့ရသည်။ နောက်ဆုံး ကိုဗစ်-၁၉ လှိုင်းသည် စက်တင်ဘာလတွင် မြင့်တက်ခဲ့ပြီး စက်တင်ဘာ ၁၁ ရက် တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်သူ ၂၆၃၀၃ ဦးဖြင့် တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနှုန်း အမြင့်ဆုံးဖြစ်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၌ လူဦးရေသန်း ၁၁၀ ရှိသည့်အနက် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၂၃ သန်း ကျော်ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၁၀၃ ဒသမ ၀၉ သန်းရှိ

**ဂျကာတာ ဒီဇင်ဘာ ၁၃**

အင်ဒိုနီးရှားနိုင်ငံတွင် ဒီဇင်ဘာ ၁၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၀၆ ဦး တိုးလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၂၅၉၂၄၉ ဦးအထိ ရှိလာခဲ့သည်။

ထို့အတူ ကိုဗစ်-၁၉ ကြောင့် ၁၂ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်းကိုဗစ်-၁၉ သေဆုံးသူ ၁၄၃၉၄၈ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာသူ ၂၇၈ ဦး ရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၄၁၁၀၃၂၇ ဦးအထိ ရှိလာသည်။

အင်ဒိုနီးရှားနိုင်ငံတွင် တတိယအကြိမ် အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုအပါအဝင် ယနေ့အချိန်အထိ တစ်ခါထိုးကာကွယ်ဆေးပမာဏ ၂၅၁ ဒသမ ၂၃ သန်း ထိုးနှံပြီးဖြစ်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၁၄၆ ဒသမ ၈၇ သန်းရှိလာခဲ့ပြီဖြစ်သလို ၁၀၃ ဒသမ ၀၉ သန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဒုတိယအကြိမ်ထိုးနှံပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြေညာလိုက်သည်။


အင်ဒိုနီးရှားတွင် ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးနေသည်ကို တွေ့ရစဉ်။

အစိုးရသည် ပြည်သူ ၂၀၈ ဒသမ ၂၆ သန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။

ဆင်ဟွာ

# တတိယအကြိမ် ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးရန် ကြိုးပမ်းလာတဲ့ အမေရိကန်

နှင်းမိုးအိမ်

ကိုဗစ်-၁၉ မျိုးကွဲ အိုမီခရွန် ကူးစက်ပျံ့နှံ့မှုများကြောင့် တစ်ကမ္ဘာလုံးအနှံ့ စိုးရိမ်မှုများ များပြားလာစဉ် အမေရိကန်၌လည်း နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှုမှာ ယခင်ကထက် ၄၀ ရာခိုင်နှုန်းနီးပါး တိုးလာသည်ဟု သိရသည်။

**အပိုဆောင်းကာကွယ်ဆေးထိုးရန် တိုက်တွန်း**

ကျန်းမာရေးကျွမ်းကျင်သူများနှင့် ကျန်းမာရေးအေဂျင်စီများကလည်း ပြည်သူများကို ကိုဗစ်-၁၉ ကာကွယ်ဆေး အပိုဆောင်းထိုးပေးကြရန် တိုက်တွန်းမှုများ ပြုလုပ်လျက်ရှိသည်။ ကူးစက်မှုများမှ ပိုမိုအကာအကွယ်ပေးရန် ရည်ရွယ်၍ ကိုဗစ်-၁၉ ကာကွယ်ဆေး တတိယအကြိမ်ထိုးပေးရန် တိုက်တွန်းခဲ့ကြခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၌ ယခုသီတင်းပတ်အတွင်း ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုမှာ ပျမ်းမျှအားဖြင့် ၁၂၀၀၀၀ ရှိသည်။ ယခင်သီတင်းပတ်နှင့် နှိုင်းယှဉ်လျှင် ၄၀ ရာခိုင်နှုန်းနီးပါး မြင့်မားလာခြင်းဖြစ်သည်ဟု အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (စီဒီစီ)၏ ထုတ်ပြန်ချက်များအရ သိရသည်။

**ဒယ်လ်တာကူးစက်မှုလွှမ်းမိုးနေဆဲဖြစ်**

လတ်တလောတွင် အိုမီခရွန်နှင့် ဒယ်လ်တာမျိုးကွဲတို့မှာ စိုးရိမ်စရာကောင်းသည့် မျိုးကွဲများအဖြစ် သတ်မှတ်ထားသည်။ အမေရိကန်ပြည်ထောင်စု၌ ဒယ်လ်တာကူးစက်မှုများမှာ လွှမ်းမိုးနေဆဲဖြစ်သည်။ အမေရိကန်၌ ကိုဗစ်-၁၉ ကူးစက်မှု၏ ၉၉ ရာခိုင်နှုန်းမှာ ဒယ်လ်တာကူးစက်မှုများကြောင့်ဖြစ်သည်။ လတ်တလော နိုင်ငံအများအပြားကို ခြိမ်းခြောက်မှုပြုနေသည့် အိုမီခရွန်ကူးစက်မှုမှာ အမေရိကန်၌ ၀ ဒသမ ၁ ရာခိုင်နှုန်းသာ ကူးစက်မှုရှိသေးသည်ဟု စီဒီစီ၏ပြောကြားချက်အရ သိရသည်။

**ဆေးရုံတက်ရသည့်ဦးရေတိုးလာ**

ပြီးခဲ့သည့်သီတင်းပတ်အတွင်း ကိုဗစ်-၁၉ ကြောင့် ဆေးရုံတက်ရသည့်ဦးရေမှာလည်း ပြီးခဲ့သည့်လနှင့်နှိုင်းယှဉ်လျှင် ၄၀ ရာခိုင်နှုန်း တိုးလာသည်။

အမေရိကန်၌ နေ့စဉ်ဆေးရုံတက်ကာ ကုသမှုခံယူရသူ အရေအတွက်မှာ ပျမ်းမျှအားဖြင့် ၇၅၀၀ ခန့်ရှိသည်။ စီဒီစီ၏ ထုတ်ပြန်ကြေညာချက်အရ ယခင်သီတင်းပတ်နှင့်နှိုင်းယှဉ်လျှင် ၁၅ ဒသမ ၉ ရာခိုင်နှုန်း တိုးလာခဲ့ခြင်းဖြစ်သည်။

ယခုသီတင်းပတ်တွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် နေ့စဉ်သေဆုံးမှုနှုန်းမှာ ၁၀၀၀ ခန့်ရှိသည်။ ပြီးခဲ့သည့် သီတင်းပတ်နှင့် နှိုင်းယှဉ်လျှင် ၂၇ ဒသမ ၈ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်သည်။ အမေရိကန်၌ အသက် ၁၈ နှစ်နှင့်အထက်များကို ကိုဗစ် -၁၉ ကာကွယ်ဆေး တတိယအကြိမ် ထိုးကြရန် တိုက်တွန်းမှုများ ပြုလုပ်ထားသည်။

**အက်ဖ်ဒီအေမှ ခွင့်ပြုချက်ပေး**

ဒီဇင်ဘာ ၉ ရက်က အမေရိကန် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး (အက်ဖ်ဒီအေ)က အသက် ၁၆ နှစ်နှင့် ၁၇ နှစ်တို့အတွက် ဖိုက်ဇာ ကိုဗစ်- ၁၉ ကာကွယ်ဆေးကို ထောက်ခံချက်ပေးခဲ့သည်။ နိုဝင်ဘာ ၁၉ ရက်မှစတင်ကာ အသက် ၁၈ နှစ်နှင့်အထက်များကို ဖိုက်ဇာ ကိုဗစ်- ၁၉ ကာကွယ်ဆေးအပိုဆောင်းထိုးခွင့်ပေးရန် အက်ဖ်ဒီအေက ခွင့်ပြုချက်ပေးခဲ့သည်။




အမေရိကန်ပြည်ထောင်စု၌ ရွေ့လျားစနစ်ဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနေစဉ်။

**ကာကွယ်ဆေးထိုးခြင်းကသာလျှင် အကောင်းဆုံး**

ဒီဇင်ဘာ ၉ ရက်တွင် တတိယအကြိမ် ကာကွယ်ဆေးထိုးပေးမည့် အသက်အုပ်စုကို တိုးချဲ့ပေးခဲ့သည်။ အားလပ်ရက်ကာလများအတွင်း မိသားစုများနှင့် သူငယ်ချင်းများ တွေ့ဆုံပွဲများပြုလုပ်ကြမည်ဖြစ်ရာ ကပ်ရောဂါဖြစ်ပွားနေစဉ်အတွင်း ပြည်သူ့ကျန်းမာရေးအတွက် အကာအကွယ်များကို သတိလက်လွတ်နေရန် မဖြစ်နိုင်ဟု အက်ဖ်ဒီအေမှ ကော်မရှင်နာဖြစ်သူ ဂျနက်ဝုဒ်ကော့ဒ်က ဒီဇင်ဘာ ၈ ရက်တွင် ပြောသည်။

ကိုဗစ်- ၁၉ မျိုးကွဲများဖြစ်သည့် ဒယ်လ်တာနှင့် အိုမီခရွန်တို့မှာ နိုင်ငံအများအပြားတွင် ဆက်လက်ကူးစက်ပျံ့နှံ့နေသည့်အတွက် ကာကွယ်ဆေးထိုးခြင်းကသာလျှင် ကိုဗစ် -၁၉ကူးစက်မှုမှာ ကာကွယ်ပေးမည့် အကောင်းဆုံးသောအရာဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**စောင့်ကြည့်လေ့လာနေဆဲ**

ဒီဇင်ဘာ ၁၀ ရက်အထိ အမေရိကန်၌ လူဦးရေ ၂၀၁ ဒသမ ၂ သန်း (သို့မဟုတ်) လူဦးရေ၏ ၆၀ ဒသမ ၆ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့် ထိုးပေးပြီးဖြစ်သည်။

ကာကွယ်ဆေးအလုံးရေ ၅ ဒသမ ၇ သန်းကိုလည်း အပိုဆောင်းအဖြစ် ထိုးနှံပေးပြီးဖြစ်သည်ဟု စီဒီစီ၏ အချက်အလက်များအရ သိရသည်။ လတ်တလောတွင် အမေရိကန်ပြည်ထောင်စုသည် အိုမီခရွန် ကူးစက်ပျံ့နှံ့မှုနှင့်ပတ်သက်၍ အချက်အလက်များကို စောင့်ကြည့်လေ့လာဆဲဖြစ်သည်။

**စိုးရိမ်တကြီးဖြစ်လာ**

သိပ္ပံပညာရှင်များသည် စွန့်ပစ်ရေများကို စမ်းသပ်မှုများပြုလုပ်ကာ ဗိုင်းရပ်စ်ကို ထောက်လှမ်းနိုင်ရေးကြိုးပမ်းနေကြသည်။ ပြီးခဲ့သည့်သီတင်းပတ်အတွင်း ကယ်လီဖိုးနီးယားမှ သိပ္ပံပညာရှင်အဖွဲ့သည် မိလ္လာအညစ်အကြေးတွင် ကိုဗစ်-၁၉ မျိုးကွဲကို တွေ့ရှိခဲ့ကြသည်။ ထို့ကြောင့် မြို့အများအပြား၌ အိုမီခရွန်ကူးစက်ပျံ့နှံ့မှုများရှိနေပြီဟု အကြံပြုခဲ့ကြသည်။

ပြီးခဲ့သည့်သီတင်းပတ်အတွင်း ကယ်လီဖိုးနီးယား၌ အိုမီခရွန်ကူးစက်မှုကို ပထမဆုံးအကြိမ် တွေ့ရှိခဲ့သည်။ ထို့ကြောင့် တိုင်းပြည်နေရာအနှံ့ အိုမီခရွန်ကူးစက်ပျံ့နှံ့လာမည်ကို စိုးရိမ်တကြီးဖြစ်လာကြသည်။ တောင်အာဖရိကနှင့် ဗြိတိန်ကဲ့သို့ ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့လာမည်ကို စိုးရိမ်နေကြခြင်းဖြစ်သည်။

**စွန့်ပစ်ရေထဲတွင်တွေ့ရှိ**

ကိုလိုရာဒို ကျန်းမာရေးအာဏာပိုင်များကလည်း ဒီဇင်ဘာ ၇ ရက်တွင် မိလ္လာအညစ်အကြေး၌ အိုမီခရွန်ကို ထောက်လှမ်းတွေ့ရှိခဲ့သည်။ ကိုလိုရာဒို၌ အိုမီခရွန်ကူးစက်မှု တစ်ဦးထက်မနည်း ရှိနေသည်ဟုလည်း ယူဆထားကြသည်။ ဟူစတန်နှင့် တက္ကဆက် ကျန်းမာရေးဌာနများကလည်း စွန့်ပစ်ရေနမူနာ ရှစ်ခုတွင် အိုမီခရွန်ကူးစက်မှုကို တွေ့ရှိလာရသည်ဟု ပြောသည်။ နိုဝင်ဘာ ၂၅ ရက် အစောပိုင်းကတည်းက စွန့်ပစ်ရေထဲတွင် အိုမီခရွန်မျိုးကွဲ ပါဝင်နေသည်ကို ခြေရာခံလိုက်မိကြောင်း ကယ်လီဖိုးနီးယား အာဏာပိုင်များက ပြောသည်။

**နောက်ကျကျန်ရစ်ဆဲဖြစ်**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အိုမီခရွန်ကို စိုးရိမ်ဖွယ်ရာကောင်းသည့်မျိုးကွဲဟု မကြေညာမီတစ်ရက်အလိုကတည်းက တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အိုမီခရွန်ကူးစက်မှုမှာ အမေရိကန်၌ စတင်ပျံ့နှံ့နေပြီဖြစ်သည့်အတွက် သမ္မတ ဂျိုးဘိုင်ဒင် အစိုးရအဖွဲ့က ပြည်သူများကာကွယ်ဆေးထိုးကြရန် တွန်းအားပေးမှုများပြုလုပ်လာကြသည်။ အမေရိကန်၌ ကိုဗစ် -၁၉ ကာကွယ်ဆေးများကို လွယ်လင့်တကူရရှိနိုင်သည်မှာ မှန်သော်လည်း အခြားသော တိုင်းပြည်များနှင့်ယှဉ်လျှင် ကာကွယ်ဆေးထိုးပေးနိုင်မှုနှုန်းမှာ နောက်ကျ ကျန်ရစ်နေဆဲဖြစ်သည်။

ကိုးကား - ဆင်ဟွာ

- ❑ ဒီဇင်ဘာ ၉ ရက်တွင် တတိယအကြိမ် ကာကွယ်ဆေးထိုးပေးမည့် အသက်အုပ်စုကို တိုးချဲ့ ပေးခဲ့သည်။ အားလပ်ရက်ကာလများအတွင်း မိသားစုများနှင့် သူငယ်ချင်းများ တွေ့ဆုံပွဲများ ပြုလုပ်ကြမည်ဖြစ်ရာ ကပ်ရောဂါဖြစ်ပွားနေစဉ်အတွင်း ပြည်သူ့ကျန်းမာရေး အတွက် အကာအကွယ်များကို သတိလက်လွတ်နေရန် မဖြစ်နိုင်ဟု အက်ဖ်ဒီအေမှ ကော်မရှင်နာဖြစ်သူ ဂျနက်ဝုဒ်ကော့ဒ်က ဒီဇင်ဘာ ၈ ရက်တွင် ပြောသည်
- ❑ ကိုဗစ်- ၁၉ မျိုးကွဲများဖြစ်သည့် ဒယ်လ်တာနှင့် အိုမီခရွန်တို့မှာ နိုင်ငံအများအပြားတွင် ဆက်လက်ကူးစက်ပျံ့နှံ့နေသည့်အတွက် ကာကွယ်ဆေးထိုးခြင်းကသာလျှင် ကိုဗစ်-၁၉ ကူးစက်မှုမှာ ကာကွယ်ပေးမည့် အကောင်းဆုံးသောအရာဟု ၎င်းက ဆက်လက်ပြောကြား ခဲ့သည်

## ဒီဇင်ဘာ ၁၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၅၀ တွေ့ရှိ

### ထပ်မံသေဆုံးသူ ၅ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉၁၈၈ ဦးရှိ

**ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုး နိုင်ငံပေါင်း ၇၁ နိုင်ငံ ပျံ့နှံ့**

**(၁၃-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၂-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၅,၂၀၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ **ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၅၀) ဦး တွေ့ရှိ**ရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၆၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၈၀၉,၂၂၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၂၆,၉၁၁) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃၂၆) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၃,၄၃၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် **ထပ်မံသေဆုံးသူ (၅)ဦးရှိ**သဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၁၈၈) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၁၃-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၉၀၄) ခု | (၁၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၂) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၁၆) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၄) ခု | - |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၁၀၈) ခု | (၂၅) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁၂,၈၇) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၄၇) ခု | (၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၂,၀၄၂) ခု | (၁၉၆) ဦး |
| စုစုပေါင်း | (၁၅,၂၀၀) ခု | (၂၅၀) ဦး |

**လွန်ခဲ့သော(၂၁) ရက်အတွင်း ကိုဗစ်–၁၉ ဓာတ်ခွဲစစ်ဆေးမှုနှင့် အတည်ပြုလူနာသစ်တွေ့ရှိမှုအခြေအနေ (၂၁-၁၁-၂၀၂၁ မှ ၁၁-၁၂-၂၀၂၁) ရက်နေ့အထိ**

| ရက်စွဲ | ဓာတ်ခွဲနမူနာ စုစုပေါင်း | ဓာတ်ခွဲအတည်ပြု လူနာစုစုပေါင်း | ပျမ်းမျှရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း |
|---|---|---|---|
| (၂၁-၁၁-၂၀၂၁ မှ ၂၇-၁၁-၂၀၂၁) (Epidemiological Week-47) | ၁၇၁,၉၈၆ | ၃,၈၁၆ | ၂.၂၂ |
| (၂၈-၁၁-၂၀၂၁ မှ ၄-၁၂-၂၀၂၁) (Epidemiological Week-48) | ၁၄၂,၆၇၀ | ၂,၉၁၁ | ၂.၀၄ |
| (၅-၁၁-၂၀၂၁ မှ ၁၁-၁၂-၂၀၂၁) (Epidemiological Week-49) | ၁၁၆,၇၂၂ | ၂,၂၅၉ | ၁.၉၄ |

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအခြေအနေများအား ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေး ရက်သတ္တပတ်အလိုက် ဓာတ်ခွဲနမူနာရယူစစ်ဆေးမှု၊ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုနှုန်းအခြေအနေများအား စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အပတ်စဉ် (၄၇)၊ အပတ်စဉ် (၄၈) နှင့် အပတ်စဉ် (၄၉) တို့ကို နှိုင်းယှဉ်ချက်အရ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှုနှင့် ပျမ်းမျှရောဂါပိုးတွေ့ရှိမှုနှုန်းများမှာ အပတ်စဉ်အလိုက် လျော့နည်းကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။
- ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးသည် (၁၃-၁၂-၂၀၂၁) ရက်နေ့၊ နံနက် (၀၆:၀၀) နာရီအချိန်အထိ နိုင်ငံပေါင်း (၇၁) နိုင်ငံတို့တွင် ပျံ့နှံ့လျက်ရှိကြောင်းသိရှိရပြီး အာဖရိကနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဩစတြေးလျနိုင်ငံ အစရှိသည်တို့တွင် အတည်ပြုတွေ့ရှိရပြီးဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဒေသတွင်းနိုင်ငံများဖြစ်ကြသော မလေးရှားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ နီပေါနိုင်ငံနှင့် မော်လ်ဒိုက်နိုင်ငံတို့တွင်လည်း တွေ့ရှိကြောင်း သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့်ပတ်သက်၍ ကမ္ဘာတစ်ဝန်း ဖြစ်ပွားမှုအခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှုမရှိစေရန် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါ၍ ပြည်သူလူထုအနေဖြင့်လည်း အဆိုပါရောဂါပိုးနှင့် ပတ်သက်၍ အလွန်အမင်း စိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် မိမိတို့နိုင်ငံသို့ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲများ ဝင်ရောက်ကူးစက်မလာစေရေး ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၁၃- ၁၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၀၈၀၁၄၅၅ | ၄၀၀၀၃၆၇၄ | ၈၁၇၉၅၆ |
| ၂။ | အိန္ဒိယ | ၃၄၆၉၇၈၆၀ | ၃၄၁၃၀၇၆၈ | ၄၇၅၆၃၆ |
| ၃။ | ဘရာဇီး | ၂၂၁၈၉၈၆၇ | ၂၁၄၁၄၃၁၈ | ၆၁၆၉၄၁ |
| ၄။ | ဗြိတိန် | ၁၀၈၁၉၅၁၅ | ၉၄၉၀၄၀၇ | ၁၄၆၄၃၉ |
| ၅။ | ရုရှား | ၁၀၀၄၆၄၅၄ | ၈၇၆၉၉၁၆ | ၂၉၀၆၀၄ |
| ၆။ | တူရကီ | ၉၀၄၀၁၇၉ | ၈၆၁၄၇၄၂ | ၇၉၁၅၁ |
| ၇။ | ပြင်သစ် | ၈၂၅၈၆၉၂ | ၇၃၃၀၂၆၀ | ၁၂၀၄၃၁ |
| ၈။ | ဂျာမနီ | ၆၅၃၀၉၁၂ | ၅၄၃၅၇၀၀ | ၁၀၆၃၃၁ |
| ၉။ | အီရန် | ၆၁၅၄၈၁၃ | ၅၉၆၉၅၉၁ | ၁၃၀၇၂၂ |
| ၁၀။ | အာဂျင်တီးနား | ၅၃၅၈၄၅၅ | ၅၂၁၆၀၀၇ | ၁၁၆၇၇၁ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၃ - ၁၂ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၅၉၂၄၉ | ၄၁၁၀၃၂၇ | ၁၄၃၉၄၈ |
| ဖိလစ်ပိုင် | ၂၈၃၆၈၀၃ | ၂၇၇၅၃၇၉ | ၅၀၃၄၁ |
| မလေးရှား | ၂၆၉၁၆၃၉ | ၂၆၀၁၉၀၈ | ၃၀၈၇၉ |
| ထိုင်း | ၂၁၇၂၀၄၄ | ၂၁၀၁၃၂၆ | ၂၁၁၉၂ |
| ဗီယက်နမ် | ၁၄၂၈၄၂၈ | ၁၀၅၅၉၁၂ | ၂၈၀၈၁ |
| မြန်မာ | ၅၂၆၉၁၁ | ၅၀၃၄၃၃ | ၁၉၁၈၈ |
| စင်ကာပူ | ၂၇၃၃၆၂ | ၂၆၇၀၂၈ | ၇၉၄ |
| ကမ္ဘောဒီးယား | ၁၂၀၃၇၀ | ၁၁၆၇၂၀ | ၂၉၈၉ |
| လာအို | ၉၀၄၅၈ | ၇၆၈၄၂ | ၂၅၀ |
| ဘရူနိုင်း | ၁၅၃၆၂ | ၁၅၀၈၈ | ၉၈ |

❐ *ကျောဖုံးမှ*

ထိုသို့ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နိုင်မှုမရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် စုံစမ်းရှာဖွေဖော်ထုတ်မှုများကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၂ ရက်တွင် မုံရွာမြို့ အလုံရပ်ကွက် မြို့ဦးရပ်ရှိ ချမ်းသာကြီးဘုန်းကြီးကျောင်းအတွင်း၌ GDF အမည်ခံ အကြမ်းဖက်သူများ ရောက်ရှိနေကြောင်း သိရှိရသဖြင့် လုံခြုံရေးပူးပေါင်းအဖွဲ့မှ သွားရောက်စစ်ဆေးရှာဖွေခဲ့ရာ ကျောင်းတိုက်အတွင်း၌ **ဦးသြဘာသ(ခ)အောင်ဇော်ထွန်း** (၄၉)နှစ်၊ **သိန်းစိုးမင်း (ခ)ကိုစိုး**(၄၀)နှစ်၊ **မျိုးသူ**(၂၅)နှစ်၊ **အောင်ချစ်**(၂၁)နှစ်၊ **ကျော်ဇင်**(၃၀)နှစ်၊ **သူရိန်စိုး**(၁၆)နှစ်၊ **စောမင်းထိုက်**(၂၁)နှစ်၊ **ရဲထက်(ခ) ရဲထွဋ်ဇော်**(၂၉)နှစ်နှင့် **ခိုင်ဇော်ဦး**(၃၅)နှစ် ပေါင်း **ကိုးဦးတို့ကို လက်လုပ်သေနတ် တစ်လက်၊ လက်လုပ်လေသေနတ် ငါးလက်၊ လက်လုပ်သေနတ်တို တစ်လက်၊ ပြုလုပ်ဆဲလက်လုပ်သေနတ် ခုနစ်လက်၊ လက်လုပ်ကျည်ခွံ ၉၆ ခု၊ ပြုလုပ်ဆဲလက်လုပ်ဗုံးခုနစ်လုံး၊ ၇ ဒသမ ၆၂ ကျည် သုံးတောင့်၊ ပွိုင့်-၂၂ ကျည် အတောင့် ၂၀၊** ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

### အကြမ်းဖက်သင်တန်း တက်ရောက်

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ **စောမင်းထိုက်**သည် ဇွန်လမှ ဇူလိုင်လအထိ **ကျော်ဇင်** ဖမ်းဆီးရန်ကျန် **အောင်ကြီး၊ ပိတောက်၊ ဇော်လေး၊ ငဦး၊ ဂျိုးမောင်** တို့နှင့်အတူ ကနီမြို့ လက်ပံစုကျေးရွာတွင် အကြမ်းဖက်သင်တန်း တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံ **ဦးသြဘာသ(ခ)အောင်ဇော်ထွန်း**၏ ထွက်ဆိုချက်အရ နိုဝင်ဘာလ တတိယပတ်တွင် ဖမ်းဆီးရန်ကျန် **မွတ်တီး** မှ PDF အမည်ခံအကြမ်းဖက်အချို့ကို ကျောင်းတိုက်၌ နေထိုင်ခွင့်ပြုရန် တောင်းခံခဲ့သဖြင့် ခွင့်ပြုပေးခဲ့ရာ နိုဝင်ဘာလ စတုတ္ထပတ်တွင် ဖမ်းဆီးရန်ကျန် **မွတ်တီး** နှင့် **ဖိုးသားကြီး (ခ) နိုင်မင်းထက်**တို့၏ ချိတ်ဆက်ပေးမှုဖြင့် **သိန်းစိုးမင်း(ခ)ကိုစိုး** အပါအဝင် ၁၁ ဦးသည် လက်လုပ်သေနတ်များပြုလုပ်ရန် ကျောင်းတိုက်၌ လာရောက်နေထိုင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံ **သိန်းစိုးမင်း(ခ)ကိုစိုး**၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန် **ဖိုးသားကြီး(ခ)နိုင်မင်းထက်** မှ နိုဝင်ဘာလတွင် လက်လုပ်သေနတ်နှင့် လက်လုပ်ခဲယမ်းများ ပြုလုပ်ပေးရန် အကူအညီတောင်းခံခဲ့သဖြင့် **မျိုးသူ၊ အောင်ချစ်၊ ကျော်ဇင်၊ သူရိန်စိုး၊ စောမင်းထိုက်၊ ရဲထက်(ခ)ရဲထွဋ်ဇော် ဖမ်းဆီးရန်ကျန် မွတ်တီး၊ ဇော်ဝင်း၊ အောင်ခန့်ကျော်၊ ရဲရင့်အောင်၊ ဘွတ်တီး** တို့နှင့်အတူ အလုံရပ်ကွက် ချမ်းသာကြီးဘုန်းကြီးကျောင်း၌ လက်လုပ်သေနတ် ၁၅ လက်ခန့် ပြုလုပ်ခဲ့ပြီး ဘုတလင် PDF အမည်ခံအကြမ်းဖက်အဖွဲ့ထံသို့ အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ရန် ပေးပို့လျက်ရှိကြောင်း ဖော်ထုတ်သိရှိရသည်။

### အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ရန်

ဖမ်းဆီးရမိတရားခံ **ကျော်ဇင်**၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန် **ဖက်တီး** ၏ စေခိုင်းမှုဖြင့် ဩဂုတ်လ ပထမပတ်တွင် **သိန်းစိုးမင်း(ခ) ကိုစိုး** ဖမ်းဆီးရန်ကျန် **ဖက်တီး၊ ကတုံး၊ ဖြိုးကို၊ ဒေါက်တာ၊ ထွန်းထွန်း၊ ခန့်ခန့်** တို့နှင့်အတူ မုံရွာမြို့နယ် သာစည်ရွာအနီးရှိ တောင်တစ်လုံးတောင်တွင် လက်လုပ်သေနတ် ၁၂ လက်ခန့်ကို လည်းကောင်း၊ အောက်တိုဘာလတွင် ကနီမြို့နယ် လက်ပံစုရွာအနီးတွင် **စောမင်းထိုက်၊** ဖမ်းဆီးရန်ကျန် **ဇော်လေး၊ ဝေမိုးစည်၊ မောင်ကြောင်၊ ပီရ၊ အောင်ကြီး၊ ပိတောက်** တို့ဖြင့် လက်လုပ်သေနတ် ၁၂ လက်ခန့်ကိုလည်းကောင်း ပြုလုပ်ခဲ့ပြီး ဘုတလင် PDF အမည်ခံအကြမ်းဖက်အဖွဲ့ထံသို့ အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ရန် ပေးပို့လျက်ရှိကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံ **သိန်းစိုးမင်း(ခ)ကိုစိုး** ၏ထွက်ဆိုချက်အရ သိမ်းဆည်းရမိသည့် ခဲယမ်းများအား ဒီဇင်ဘာ ၉ ရက်တွင် ဖမ်းဆီးရန်ကျန် **ဖိုးသားကြီး(ခ) နိုင်မင်းထက်** မှ **ဦးသြဘာသ (ခ) အောင်ဇော်ထွန်း** ထံ ပေးအပ်ရန်ပြောကြားခဲ့သဖြင့် သွားရောက်ပေးအပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

### မြို့ရွာများ အေးချမ်းတည်ငြိမ်ရေး ပူးပေါင်းပါဝင်

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းရေးအတွက် အကြမ်းဖက်အုပ်စုဖြစ်သည့် NUG အနေဖြင့် ပြည်သူလူထု၏ ဘာသာရေးယုံကြည်မှုအပေါ် ခုတုံးလုပ်ကာ သံဃာတော် အယောင်ဆောင်သူများ၊ ဘာသာရေးဆရာတော်အယောင်ဆောင်သူများကို အသုံးချ၍ ဘာသာရေးဆိုင်ရာ အဆောက်အဦများနှင့် ပရဝဏ်များတွင် အကြမ်းဖက်ဖောက်ခွဲရေးပစ္စည်းများ ထုတ်လုပ်ခြင်း၊ သိုဝှက်သိမ်းဆည်းခြင်းများ ပြုလုပ်လာကြောင်းတွေ့ရှိရသဖြင့် ပြည်သူများအနေဖြင့် ကိုးကွယ်ယုံကြည်ရာဘာသာအလိုက် အသိတရားလက်ကိုင်ထားလျက် နိုင်ငံတော်အစိုးရ၏ ခမ္မစက်၊ အာဏာစက်များဖြင့် ထိရောက်စွာဖော်ထုတ်အရေးယူဆောင်ရွက်မှုများ၌ ဘာသာရေးအရေခြုံ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်သတင်းများကို နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများအမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း သက်ဆိုင်ရာက အသိပေး သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## မုံရွာမြို့ အလုံရပ်ကွက် မြို့ဦးရပ်ရှိ ချမ်းသာကြီးဘုန်းကြီးကျောင်းအတွင်း၌ လက်လုပ်သေနတ်များ ပြုလုပ်လျက်ရှိသော တရားခံများအား ဖမ်းဆီးရမိမှု အခြေပြဇယား




## သာစည်မြို့နယ်တွင် ငွေကျပ်သိန်း ၁၆၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

သာစည်မြို့နယ်တွင် ငွေကျပ်သိန်း ၁၆၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



ထွန်းလင်းနောင်(ခ)နောင်နောင်နှင့် ဇော်မျိုးဦးတို့ကို သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းများနှင့် အတူတွေ့ရစဉ်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၁ ရက် ညနေ ၃ နာရီခွဲတွင် သာစည်မြို့နယ် မိတ္ထီလာ-တောင်ကြီးသွားကားလမ်း ကျွဲတပ်ဆုံကျေးရွာအနီး မိုင်တိုင်အမှတ်(၃၁/၄)တွင် မိတ္ထီလာမှ တောင်ကြီးဘက်သို့ ထွန်းလင်းနောင်(ခ)နောင်နောင် (၂၄)နှစ် မောင်းနှင်ပြီး ဇော်မျိုးဦး (၂၂)နှစ် လိုက်ပါလာသည့် ၂၂ ဘီးတွဲကား မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၁၆၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း Toluene လီတာ ၇၅၀၀၊ Acetone လီတာ ၃၀၀၀ နှင့် Ethylacetate လီတာ ၇၅၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ ထိန်းချုပ်ဓာတုပစ္စည်းများအား ရန်ကုန်တိုင်းဒေသကြီးမှ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## လွိုင်လင်မြို့နယ်အတွင်း ဘိန်းခင်း ၁၁၅ ဧက ဖျက်ဆီး

**လွိုင်လင် ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်အတွင်း စိုက်ပျိုးထားသော ဘိန်းခင်းများကို ဒီဇင်ဘာ ၇ ရက်မှစတင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်မြေခံတပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ PNO ပြည်သူ့စစ်အဖွဲ့နှင့် ပူးပေါင်းအဖွဲ့များဖွဲ့စည်းကာ ဖျက်ဆီးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဘိန်းခင်းဖျက်ဆီးရေးတွင် လွိုင်လင်မြို့နယ်ရဲတပ်ဖွဲ့ ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးလွင်ဦး ဦးစီးသော အဖွဲ့(၁) သည် ဒီဇင်ဘာ ၁၂ရက်အထိ လွိုင်လင်မြို့နယ် ပင်လုံမြို့အနောက်ဘက်ခြမ်းဒေသရှိ တောင်ကုန်း/တောင်စောင်းများတွင် စိုက်ပျိုးထားသော အမြင့်နှစ်ပေခွဲရှိ သီးပွင့်ဆဲ ဘိန်းခင်း ၁၁၅ ဧက ဖျက်ဆီးခဲ့ပြီး ကျန်ရှိသော ဘိန်းခင်းများကို ဆက်လက်ဖျက်ဆီးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**အယ်မင်း(လွိုင်လင်)**

◆ *ကျောဖုံးမှ*

နိုင်ငံတော်ပစ္စည်းများ၊ ပုဂ္ဂလိကပိုင်ပစ္စည်းများနှင့် စက်ရုံ/အလုပ်ရုံများအား မီးရှို့ဖျက်ဆီးခြင်းနှင့် ပစ္စည်းများကို လုယက်ခြင်း စသည့် အဖျက်အမှောင့်လုပ်ငန်းများကို ကျူးလွန်လျက်ရှိသည်။

**သေနတ်များဖြင့် ပစ်ခတ်သတ်ဖြတ်**

ထိုသို့ဆောင်ရွက်လျက်ရှိရာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် ဒီဇင်ဘာ ၁၂ ရက် နံနက် ၇ နာရီခွဲခန့်တွင် ချမ်းမြသာစည်မြို့နယ် ၆၂ လမ်း၊ ၁၀၄ လမ်းနှင့် ၁၀၅ လမ်းကြား၌ သူနာပြုဆရာမတစ်ဦးနှင့် ၎င်း၏ခင်ပွန်းတို့ကိုလည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် ၁၁၃ လမ်း ၅၆(A)လမ်းနှင့် ၅၆(B)လမ်းကြားရှိ ရှမ်းခေါက်ဆွဲဆိုင်၌ ရပ်ကွက်အုပ်ချုပ်ရေးမှူး တစ်ဦးနှင့် ပြည်သူတစ်ဦးကို လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက် ၅၆ လမ်း၊ ၁၀၆ လမ်းနှင့် ၁၀၇ လမ်း၌ သံဃာတော်များ အရုဏ်ဆွမ်းခံကြွနေစဉ် ကပ္ပိယကျောင်းသားအဖြစ် လိုက်ပါဆောင်ရွက်သူကိုလည်းကောင်း သေနတ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့သည်။

ထိုသို့ ပစ်ခတ်သတ်ဖြတ်ခြင်းများပြုလုပ်ခဲ့သော အကြမ်းဖက်အဖွဲ့များကို အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက် ညနေ ၆ နာရီခွဲခန့်တွင် ချမ်းမြသာစည်မြို့နယ် ၅၅ လမ်းနှင့် ၁၁၄ လမ်း၌ အကြမ်းဖက်သတ်ဖြတ်ခဲ့ရာတွင် ပါဝင်ခဲ့သူတစ်ဦးကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ လက်ကိုင်ဖုန်းအတွင်းမှ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ရန် ရည်ရွယ်၍ “ဒလန်သတင်းပေးရှင်းလင်းမည့်အစီအမံများ၊ လူမှုကွန်ရက်ပေါ်တွင် ဒလန်ရှင်းလင်းရန်နှင့် အကြမ်းဖက်ဆောင်ရွက်ရန်” ဟု တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ပြောဆိုထားသည့် စာသားများ စစ်ဆေးတွေ့ရှိခဲ့သည်။

**သေနတ်၊ လက်လုပ်မိုင်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ**


ဖမ်းဆီးရမိသူ၏ ထွက်ဆိုချက်အရ မဟာအောင်မြေမြို့နယ် သံလျက်မှော် အနောက်ရပ်ကွက် ၄၂ လမ်း၊ ၆၁ လမ်းနှင့် ၆၂ လမ်းကြားရှိ သွပ်မိုး/ထရံကာ နှစ်ထပ်နေအိမ်တွင် အထက်ပါအကြမ်းဖက်မှုကို ကျူးလွန်ခဲ့သူများအနေဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအတွက် အောင်ပွဲခံရန် စုဝေးလျက်ရှိကြောင်း သိရှိရသဖြင့် ည ၉ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အကြမ်းဖက်များသည် နေအိမ်အတွင်းမှ ပစ္စတိုသေနတ်များ၊ လက်ပစ်ဗုံးများဖြင့် ပြန်လည်ခုခံပစ်ခတ်ခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦး ဝမ်းဗိုက်ကျည်ဖောက်ဝင်ဒဏ်ရာ တစ်ချက်(မစိုးရိမ်ရ) ရရှိခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ဖမ်းဆီးခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သူ ခုနစ်ဦးကို အသေဖမ်းဆီးရမိခဲ့ပြီး နေအိမ်အတွင်းမှ ပစ္စတိုသေနတ် နှစ်လက်၊ ၎င်းကျည်အိမ် ငါးခု၊ ဒေသန္တရ လက်လုပ်မိုင်းမျိုးစုံ ၁၉ လုံး၊ လက်ပစ်ဗုံးမျိုးစုံ ၁၀ လုံး၊ ၉ မမကျည် ၆၇ တောင့်၊ အားမြှင့်ယမ်း လေးခု၊ ဒီတိုနေတာ သုံးခု၊ အဝေးထိန်းခလုတ် သုံးခုနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသူ ထပ်မံထွက်ဆိုချက်များအရ ပြည်ကြီးတံခွန်မြို့နယ် ၁၁၇ လမ်း၊ ၅၁ လမ်းနှင့် ၅၂ လမ်းကြားရှိ ပျဉ်ထောင်သွပ်မိုးနှစ်ထပ်နေအိမ်တွင် PDF အမည်ခံ အကြမ်းဖက်ဝင်များ ရောက်ရှိနေကြောင်း ထပ်မံသိရှိရသဖြင့် ည ၁၁ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးရာ PDF အမည်ခံ အကြမ်းဖက်သူတစ်ဦးက လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့သဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာ အသေဖမ်းဆီးရမိခဲ့သည်။

**အပြစ်မဲ့ပြည်သူများ ထိခိုက်သေကျေမှုမဖြစ်ရေး**

ဖမ်းဆီးရမိခဲ့သည့် PDF အမည်ခံအကြမ်းဖက်သူများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုများနှင့် အပြစ်မဲ့ပြည်သူများ ထိခိုက်သေကျေမှုများ ထပ်မံမဖြစ်ပွားစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် တာဝန်သိပြည်သူများအနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြပါရန် သက်ဆိုင်ရာက မေတ္တာရပ်ခံ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**




မန္တလေးမြို့၌ သူနာပြုတစ်ဦးအပါအဝင် ပြည်သူများအား သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်မှ ဖမ်းဆီးရမိသည့် လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ။

## မန္တလေးတိုင်းဒေသကြီးအတွင်း သူနာပြုဆရာမတစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခဲ့သည့် PDF အကြမ်းဖက်သမား တရားခံ အောင်နိုင်မြင့် ၏ ဝန်ခံပြောကြားချက်

**ကျွန်တော်ကတော့ မန္တလေး PDF မှ အောင်နိုင်မြင့် ဖြစ်ပါတယ်။ ချမ်းမြသာစည်မြို့နယ်မှာ နေပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေး PDF အဖွဲ့ခေါင်းဆောင်တွေရဲ့ စေခိုင်းချက်အရ ကျွန်တော်က ဒလန်ရှင်းလင်းရေးတွေမှာ အဓိကထားပြီး လုပ်ဆောင်ပါတယ်။ ဒီလိုလုပ်ဆောင်တဲ့အခါမှာ ကျွန်တော်တို့က အဓိကအားဖြင့် အုပ်ချုပ်ရေးမှူးရုံးတွေ၊ နိုင်ငံဝန်ထမ်းလုံခြုံရေးပေးတဲ့ အဓိကအဖွဲ့ဝင်တွေကို လိုက်လံရှင်းလင်းရပါတယ်။ ဒီလိုလုပ်ဆောင်ဖို့အတွက်ကို နယ်မြေအတွင်းထဲမှာ အဖွဲ့တွေခွဲပြီးတော့ အခြေအနေပေးရင် ပေးသလို ကျွန်တော်တို့ လုပ်ဆောင်ရတာပါခင်ဗျ။**

**လုပ်ကြံသတ်ဖြတ်**

ဒီနေ့မှာတော့ ကျွန်တော်တို့အဖွဲ့က သူနာပြုဆရာမဖြစ်တဲ့ ဒေါ်ချမ်းမြငြိမ်းနဲ့ သူ့ယောကျ်ားကို လုပ်ကြံခဲ့တာပါခင်ဗျ။ အဓိကအဖွဲ့ကတော့ ကိုတေမိ၊ ရဲရဲ၊ ပါကျဲ တို့သုံးဦးပေါင်းပြီး လုပ်ခဲ့ကြတာပါ။ အောင်ပင်လယ်ဘက်မှာတော့ သံဃာတော်နဲ့အတူ ဆွမ်းခံကြွချိန်လိုက်ပါလာတဲ့ ပရဟိတလုပ်တဲ့ ကိုဇော်စိုင်းဝင်း ကို ကိုဖြိုးဝေအောင်၊ ကိုနိုင်မင်းထွေး တို့က လုပ်ကြံခဲ့တယ်လို့ သိရပါတယ်။ ပြည်ကြီးတံခွန်ဘက်မှာတော့ အုပ်ချုပ်ရေးမှူး ဦးစိုးငြိမ်းဟန်ကိုလည်း မနက်က ရှမ်းခေါက်ဆွဲစားနေချိန် နဂိုကတည်းက စောင့်ဆိုင်းနေတာပါ။ ကျွန်တော်တို့က ကိုသက်ပိုင်သူ၊ ကိုသိန်းသန်းအောင်တို့က ဝင်ရောက်ပစ်ခတ်သတ်ဖြတ်ခဲ့တာပါ။

**ဒလန်ရှင်းလင်းရေးအစီအမံ**

မြို့တွင်းပစ်ခတ်မှုတွေကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာ မန္တလေးမြို့ လမ်းဆုံ၊ လမ်းခွတွေမှာ ပိတ်ဆို့ရှာဖွေနေချိန်မှာ ကျွန်တော့်ကို ဖမ်းဆီးရမိခဲ့တာပါ။ ဒီလို ဖမ်းဆီးခံရပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော့်ဖုန်းကို စစ်တဲ့အခါမှာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တွေ၊ လုံခြုံရေးအဖွဲ့ဝင်တွေ၊ ဒလန်ရှင်းလင်းရေးအစီအမံတွေကို လုံခြုံရေးအဖွဲ့ဝင်တွေက ဖော်ထုတ်တွေ့ရှိခဲ့ပါတယ်။ စစ်ဆေးချက်အရ ကျွန်တော်တို့ PDF အဖွဲ့ဝင်နေရာတွေကို လိုက်ပြဖို့ပြောတာကြောင့် အောင်ပွဲခံတဲ့နေရာကို ကျွန်တော်ကိုယ်တိုင် လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့အတူ လိုက်ပြပေးခဲ့ပါတယ်။



အောင်နိုင်မြင့်

**ဝင်ရောက်ဖမ်းဆီးတဲ့အခါ ပြန်လည်ပစ်ခတ်**

ကျွန်တော်တို့အဖွဲ့တွေ ၆၁ လမ်း x ၆၂ လမ်း၊ ၄၂ လမ်းကို ရောက်ရှိခဲ့တဲ့အခါမှာ၊ ဝင်ရောက်ဖမ်းဆီးခဲ့တဲ့အခါမှာ နေအိမ်အတွင်းကနေ သေနတ်တွေ၊ လက်ပစ်ဗုံးတွေနဲ့ ပြန်လည်ပစ်ခတ်ခဲ့ပါတယ်။ အဲဒီအခါမှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေလည်း ပြန်လည်ပစ်ခတ်ဖမ်းဆီးခဲ့တာကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးလည်း အပြင်းအထန် ဒဏ်ရာရရှိခဲ့ပါတယ်။ PDF အဖွဲ့ဝင် ရှစ်ဦးလည်း သေဆုံးခဲ့ပါတယ်။ တကယ်တော့ ကျွန်တော်တို့အဖွဲ့ရဲ့ ပစ်ခတ်သတ်ဖြတ်မှုကြောင့် သေဆုံးသွားတဲ့ မိသားစုဝင်တွေ ပူဆွေးသောကရောက်ခဲ့သလိုပဲ ကျွန်တော်တို့လည်း ကံ၊ ကံ၏အကျိုးခံစားနေရတယ်လိုပဲ မှတ်ယူပါတယ်။ ကျွန်တော်တို့ ဘဝနဲ့ယှဉ်ပြီးတော့ ရခဲ့တဲ့သင်ခန်းစာတွေက PDF အဖွဲ့တွေကို ပြောချင်တာကတော့ ဥပဒေရဲ့အကာအကွယ်ဟာ ပြည်သူတွေအတွက် အလုံခြုံဆုံးပဲလို့ ပြောချင်ပါတယ်ခင်ဗျ။

# ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် အရာထမ်းလောင်းအခြေခံ၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန် ဒီပလိုမာသင်တန်းအမှတ်စဉ်(၈) သင်တန်းဖွင့်

**နေပြည်တော်  ဒီဇင်ဘာ  ၁၃**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် အရာထမ်းလောင်းအခြေခံ၊ ပြည်သူ့ဝန်ထမ်း စီမံခန့်ခွဲမှုဘွဲ့လွန် ဒီပလိုမာသင်တန်း အမှတ်စဉ်(၈) သင်တန်းဖွင့်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေ၊ အဖွဲ့ဝင် ဦးဆန်းမြင့်၊ ဗဟိုဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်)၊ ပါမောက္ခချုပ် ဦးကျော်စိုး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဆွေ၊ ဗဟိုဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) မှ ဒုတိယပါမောက္ခ ချုပ်များ၊ တက္ကသိုလ်သင်ကြား၊ စီမံဌာနများမှ တာဝန်ရှိသူများ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



### ဝန်ထမ်းကောင်းများ ပေါ်ထွက်လာစေရန်

ရှေးဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက ယခုသင်တန်းကို ပြည်ထောင်စု ရာထူးဝန်အဖွဲ့က ကျင်းပသည့် ပြန်တမ်းဝင်အရာရှိ စတင်ခန့်ရာထူးစာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့သည့် နိုင်ငံ့ဝန်ထမ်း အရာထမ်းလောင်းများနှင့် ပြင်ပမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးယန္တရားအတွင်းမှာ စတင် တာဝန်ထမ်းဆောင်ကြမည့် အရာထမ်းလောင်းများကို နိုင်ငံ့ဝန်ထမ်းများ သိရှိလိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို နားလည်စေရန်၊ ရုံးလုပ်ငန်းနှင့် အဖွဲ့အစည်းဆိုင်ရာ ပြည်သူ့ရေးရာ စီမံခန့်ခွဲ အုပ်ချုပ်မှုပညာတို့ကို ကျွမ်းကျင်တတ်မြောက်စေရန်၊ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် ခေါင်းဆောင်မှု သဘောတရားများကို နားလည်စေရန်၊ အဆင့်ဆင့် ကွပ်ကဲအုပ်ချုပ်မှု လုပ်ငန်းစဉ်များကို တတ်သိနားလည်စေရန်၊ ပြည်တွင်း၊ ပြည်ပနိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများကို လေ့လာဆည်းပူးနိုင်စေရန်၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှု၊ ညှိနှိုင်းဆောင်ရွက်တတ်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ ချစ်ခင်ရင်းနှီးမှုများ ပိုမိုရရှိစေရန်၊ စိတ်ဓာတ်၊ စည်းကမ်း၊ ခံယူချက်၊ ယုံကြည်ချက်၊ စိတ်နေသဘောထား ကောင်းမွန်သည့် ဝန်ထမ်းကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်ပါကြောင်း။

### စုပေါင်းလုပ်ကိုင် ဆောင်ရွက်တတ်စေရန်

သင်တန်းကို ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်သွားမည်ဖြစ်ပြီး လိုအပ်သည့် နေထိုင်စားသောက်ရေးနှင့် ဝတ်စားဆင်ယင်မှုကအစ လေ့ကျင့်သင်ကြားမှု ကိစ္စရပ်များအတွက် နိုင်ငံတော်က ခွင့်ပြုပေးနိုင်သည့် ရန်ပုံငွေပမာဏ အတွင်းက ဖြစ်နိုင်သမျှ အကောင်းဆုံးဖြစ်ရန် ကြိုးပမ်းဆောင်ရွက်ပေးထားပါကြောင်း၊ သင်တန်းသားများအနေနှင့် တူညီဝတ်စုံကို ဝတ်ဆင်ကာ သင်တန်း တက်ရောက်ခြင်း၊ တပ်ခွဲ၊ တပ်စုနှင့် အဆောင်လိုက် ရင်းရင်းနှီးနှီး နေထိုင်ခြင်းဖြင့် စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်ခြင်း၊ အမိန့်နာခံတတ်ခြင်းနှင့် အဖွဲ့လိုက် စုပေါင်းလုပ်ကိုင်ဆောင်ရွက်တတ်စေရန် ဖြစ်ပါကြောင်း၊ သင်တန်းဆိုင်ရာ လေ့ကျင့်စီမံခန့်ခွဲမှုစနစ်အရ နေ့စဉ်အချိန်မှန် လေ့ကျင့်ခြင်း၊ စားသောက်ခြင်း၊ စုပေါင်းနေထိုင် လုပ်ဆောင်ခြင်း အစရှိသည့် အလေ့အကျင့်ကောင်း၊ စည်းစနစ်ကောင်းများ ရရှိလာစေရန်လေ့ကျင့်ပေးသွားမည်ဖြစ်၍ သင်တန်းသား သင်တန်းသူများ ကိုယ်တိုင်က လုပ်ချင် ကိုင်ချင်စိတ်၊ တာဝန်ယူလိုစိတ်၊ ပူးပေါင်းဆောင်ရွက်လိုစိတ်၊ တစ်ဦးနှင့် တစ်ဦး ဝိုင်းဝန်းဖေးမ ကူညီလိုစိတ်နှင့် ကြိုးစားသွားကြရန် မှာကြား လိုပါကြောင်း၊ ထို့အပြင်တက္ကသိုလ်က ထုတ်ပြန်ထားသည့် သင်တန်းဝင်ညွှန်ကြားလွှာ၊ စည်းကမ်းများ၊ သင်တန်းဆိုင်ရာ တည်မြဲအမိန့်၊ ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များကို အပြုသဘောလက်ခံပြီး စည်းကမ်းများနှင့်အညီ ကြိုးစားသင်ယူအားထုတ်ကြပါရန် တိုက်တွန်းမှာကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၄၃ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၁၃ ရက် မှ ၂၀၂၂ ခုနှစ် မတ်၃၁ ရက်အထိ ရက်သတ္တ(၁၆)ပတ် ကြာမြင့်မည်ဖြစ်သည်။

### လေ့ကျင့်သင်ကြားမှု ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် တက္ကသိုလ်တွင်း ဖွင့်လှစ်ဆဲ သင်တန်းများ၏ လေ့ကျင့်သင်ကြားမှုနှင့် တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်း သားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် (၁၂) နှစ် အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၂ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ၁၄ မြို့နယ် တို့၌ ဒေသခံပြည်သူ ၁၁၁၃၇ ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်း ရှိ မြို့နယ် လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၄၉၅ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အတွင်းရှိ မြို့နယ် ကိုးမြို့နယ်တို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူ ၆၆၄၆ ဦး၊ တနင်္သာရီ တိုင်းဒေသကြီး မြိတ်မြို့နယ်၌ ဒေသခံပြည်သူ ၃၀၀၉ ဦး၊ ရန်ကုန် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၉၃၅ ဦး၊ ဧရာဝတီ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၅၃၃၄ ဦး၊ ရခိုင်ပြည်နယ် အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၄၂၈၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၉၅၈၃ ဦး၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် သုံးမြို့နယ် တို့၌ ဒေသခံပြည်သူ ၃၂၆၅ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့ များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၇၆၅ ဦးနှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင် မြို့နယ်၌ ကျောင်းသားကျောင်းသူ ၂၅၇၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံ များမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

# သီပေါမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးလွှမ်းခြုံနိုင်ရေး ရပ်ကွက်များတွင် ကွင်းဆင်းထိုးနှံပေး

**သီပေါ  ဒီဇင်ဘာ  ၁၃**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကော်မတီအနေဖြင့် ဦးစားပေးအဆင့်လိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို စမ်းမာလာဥယျာဉ်အတွင်းရှိ မြို့တော်ခန်းမ၌လည်းကောင်း၊ နမ့်လန်း အောင်မြေကျေးလက်ကျန်းမာရေးဌာနများ၌လည်းကောင်း ထိုးနှံပေးလျက်ရှိသည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု တစ်မြို့နယ်လုံးလွှမ်းခြုံနိုင်ရေးအတွက် မြို့လယ်ဓမ္မာရုံ သာသနာ့ဗိမာန်တော်၊ တောင်ညိုရပ်ကွက် သာသနာ ၂၅၀၀ ဘုန်းတော်ကြီး ကျောင်းတိုက်သစ်တို့၌လည်း ယနေ့နံနက်မှ စတင်ပြီးအသက် ၁၈ နှစ်အထက် ကိုဗစ်ကာကွယ်ဆေး ထိုးနှံခြင်းမရှိသူများကို ထိုးနှံပေးသဖြင့် လာရောက်ထိုးနှံသူ ၉၈၀ အထိ ရှိသည်။

ကာကွယ်ဆေး ထိုးနှံနေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးဝင်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးသည်။ **စိုင်း(သီပေါ)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၃

အကောက်ခွန်ဦးစီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ ထုတ်ပေးရာ၌ ဒီဇင်ဘာ ၁၃ ရက်တွင် ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၄၉ မျိုး၊ စုစုပေါင်း ၈၇၅၁ ဒသမ ၇၀ Kg ၊ နယ်စပ် (မြဝတီ၊ ချင်းရွှေဟော်) တွင် ကုမ္ပဏီကိုးခုတို့မှ Salbuamol Aerosol Inhaler ၉၇၄၄၀၊ Vitamin C Injection ၁၃၁၆၀၀၊ Indomethacin Capsules ၁၈၀၀၀၀၊ Oxygen Cylinder ၂၃၈၊ Hydrocort Injection ၁၃၆၈၀၀၊ Chlorampheicol Injection ၈၅၆၀၀၊ Mask ၂၆၇၅၀ Kg ၊ Dipyridamole Tablet ၃၇၅၀၀၊ Dexa Methasont Sodium Phosphate Injection ၂၉၄၆၀၀၊ Liquid Oxygen ၁၅၃၃၈ $M^3$၊ Thermometer ၂၇၀၈၊ Blood Lancets ၁၆၁၀၊ Patient Trolley ၂၀၊ Scalp Vein Set ၉၅၆၀၊ Air Compresser Nebulizer ၃၀၀၊ Blood Glucose Meter ၂၀၀၀၊ Face Shield ၃၀၀ Kg ၊ Shoe Cover ၁၄၀၀ Kg ၊ Disposabel Syringe ၂၈၄၇၀၊ Infusion Set For Single Use ၅၆၀၊ Glucose Injection ၃၀၈၂၈၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။



သတင်းစဉ်

## ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆွမ်းစားဆောင်အတွက် လှူဒါန်းနိုင်

ပြည် ဒီဇင်ဘာ ၁၃

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊မဟာသုခဇောတိကသုံးထပ်ကျောင်းမြေညီထပ်ရှိ ဆွမ်းစားဆောင်ခန်း လုံးပြည့်ကြွေပြားခင်းမည်ဖြစ်သည်။ လှူဒါန်းလိုသူ အလှူရှင်များသည် ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်ရှိသင်ကြားစီမံဆရာတော်များထံတွင် လည်းကောင်း၊ ဖုန်း-၀၉ ၄၂၀၇၀၃၃၇၄၊ ၀၉ ၅၃၁၂၆၃၀၊ ၀၉ ၄၂၃၆၅၆ ၄၄၁၊ ၀၉ ၄၂၃၆၅၉၅၉၆ နှင့် ၀၉ ၂၅၀ ၈၇၆၄၈၀ သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။

ပြည်မြို့ ဇောတိကကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၌ စာချ၊ စာသင်၊ သံဃာတော် အပါး ၂၀၀ ကျော် သီတင်းသုံးလျက်ရှိကြောင်း သိရသည်။

မောင်ရွှေဝင်း(ပြည်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃ - ၁၂ - ၂၀၂၁

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၉၀၀၀၀ |
| ရန်ကုန် ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၆၈၄၇၀၀ |
| မန္တလေး ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၉၀၀၀၀ |
| မန္တလေး ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၆၈၄၇၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၂၃၀/၁၂၇၀ ကျပ် | ၁၂၇၅/၁၂၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၂၄၀/၁၂၉၀ ကျပ် | ၁၂၉၅/၁၃၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၂၅၀/၁၂၉၀ ကျပ် | ၁၃၂၀/၁၃၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၃၀၀/၁၃၅၅ ကျပ် | ၁၄၁၅/၁၄၄၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၈၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၀၈ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၂ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၃၁၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၆၆ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၁ . ၆၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၇၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၅၁၅ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၀ | ၀ | ၀ | ၀ |
| MTSH | ၃၁၀၀ | ၃၁၀၀ | ၂၁ | ၆၄၆၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၁၅ | ၁၂၀၀၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၁၀ | ၅၀၀၀၀ |

ညီညီ - စုစည်းသည်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၁၂-၂၀၂၁ အင်္ဂါနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** သီးနှံသစ်တော ရောနှောစိုက်ပျိုး တိုင်းပြည်ဝင်ငွေတိုး
**၀၉:၂၀** ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** သဘာဝအလှတွေစုံလင်စွာ ရောမြေမှဘိုကလေးမြေမဟာ
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ '**ဘောဂဗေဒဘာသာရပ်**'
**၁၆:၃၅** တစ်ခါတစ်ခေါက် ရောက်အောင်လာပါ မြို့လှပွတ္တာ
**၁၇:၁၀** ပြန်လည်ဖွင့်လှစ်နေပြီဖြစ်သော ကျောက်ဆည်ဘီလပ်မြေစက်ရုံ
**၁၇:၂၅** မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော် (အပိုင်း-၄)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** ၂၀၁၃ ဆီးဂိမ်း အမှတ်တရအစီအစဉ် (ဖွင့်ပွဲအခမ်းအနား) (အပိုင်း-၄)
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**အတီဒါးဒါးအချစ်ချိုချို**' (အပိုင်း-၁)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** '**သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၁**' ထုတ်လွှင့်မှုအစီအစဉ် (တိုင်းရင်းသားတေးသီချင်းဖြင့် ဖျော်ဖြေခြင်း)

**သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်**

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

**mitv**

**07:01** News
**07:26** Global Partnership for Brighter Future: Burundi Pavilion at Expo 2020 Dubai
**07:33** Zeyatu Sabba Mingalan (Takkatho Lae Lae)
**07:42** The Caves
**08:01** A Simple And Peaceful Life
**08:13** Natural Mineral Water
**08:30** Enchanting Rakhine Land
**08:49** Kay Tu Mar Lar "The Family"
**09:01** Licuala Palm Leaf
**09:10** ALMS BOWL
**09:30** Inle Traditional Dance
**09:37** Myanmar Betelsr
**09:53** Orphanage

**MRTV NRC**

**ပအိုဝ်းကရင် (၀၆:၀၀ မှ ၀၇:၀၀)** သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၆)
**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** ကရင်စာပေသင်ကြားရအောင်(အပိုင်း-၁)
**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)** ငှက်ပျောသီးမုန့်
**ချင်း (လိုင်ဇို) (၀၉:၀၀ မှ ၁၀:၀၀)** သင်မယ်ရေးမယ်တို့ချင်းစာ(အပိုင်း-၂၀)
**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)** ချင်းရိုးရာကြိမ်ထိုင်ခုံပြုလုပ်ခြင်း
**မွန် (၁၁:၀၀ မှ ၁၃:၀၀)** မွန်ပြည်နယ်မော်လမြိုင်မြို့ရဲ့အထင်ကရနေရာများ
**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)** ကြက်သားသုပ်နှင့်သင်္ဘောဥဟင်းရည်
**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)** ရှမ်းခေါင်းပေါင်းပေါင်းနည်း
**ဝ (၁၇:၀၀ မှ ၁၉:၀၀)** တန့်ယန်းမြို့အလှ
**ကချင် (၁၉:၀၀ မှ ၂၁:၀၀)** ဗိုင်ဝါးစကားပြောကြရအောင်(အပိုင်း-၃)
**ကယား (၂၁:၀၀ မှ ၂၃:၀၀)** သွေးချင်းတို့ရဲ့ပွဲတော်ဆီ(၂၀၂၁) (ဝုဏ်ပြုအစီအစဉ်)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**အတုမှန်းသိလျက်ထားရှိမှု**'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၅)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း(အင်ဒိုနီးရှားနိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၅)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ည(၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်-**၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဖွံ့ဖြိုးရေးတွင် ခေါင်းဆောင်မှုသည် အရေးကြီးပါသလား

*သက်လေး(ကျေးလက်ဦးစီး)*

"သဘာဝအရင်းအမြစ် ပေါကြွယ်ဝမှုမရှိရင် နည်းပညာရှိရမယ်" ဆိုသကဲ့သို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရင်းအမြစ်တွေ ကြွယ်ဝပြည့်စုံမှုမရှိလျှင် နည်းပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ဖို့ ပိုမို လိုအပ်ပါသည်။

**လူ့စွမ်းအားအရင်းအမြစ်**

အရင်းအမြစ်လို့ ပြောကြသည့်အခါ သဘာဝအရင်းအမြစ်၊ လူသားအရင်းအမြစ် (လူ့စွမ်းအားအရင်းအမြစ်) နှစ်ခုကို ပြေးမြင်မိပါသည်။ ကျွန်မတို့လူသားတွေ လုပ်ယူလို့မရနိုင်သော သဘာဝကပေးစွမ်းထားသည့် သဘာဝအရင်းအမြစ်တွေ ပေါကြွယ်ဝပါက ဖွံ့ဖြိုးတိုးတက်ဖို့ အထောက်အပံ့တစ်ရပ်ဖြစ်စေပါသည်။ ပေါကြွယ်ဝသည့် အရင်းအမြစ်တွေကို စည်းစနစ်ရှိစွာ မှန်မှန်ကန်ကန်သုံးစွဲဖို့နှင့် ထိန်းသိမ်းစောင့်ရှောက်ဖို့အတွက် ကျွန်မတို့မှာ တာဝန်ရှိပါသည်။ နောက်ထပ် အရင်းအမြစ်တစ်ခုဖြစ်သည့် လူသားအရင်းအမြစ်၊ တစ်နည်းအားဖြင့် လူ့စွမ်းအားအရင်းအမြစ်တွေကို စွမ်းဆောင်ရည်မြင့်မားရန် ပြုစုပျိုးထောင်ပေးဖို့ လိုအပ်ပါသည်။ သဘာဝအရင်းအမြစ် ပေါကြွယ်ဝပြီး လူ့စွမ်းအားအရင်းအမြစ်တွေ စွမ်းဆောင်ရည်မြင့်မားနေမည်ဆိုလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အလားအလာများစွာ ရှိနေမည်မှာ အမှန်ပင်ဖြစ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကျေးလက်ဒေသများ၏ အခြေခံလိုအပ်ချက်ဖြစ်သော ကျေးလက်ကုန်ထုတ်လမ်းများ၊ တံတားများ၊ ကျေးလက်ရေရရှိရေးလုပ်ငန်းများ၊ ကျေးလက်မီးလင်းရေးလုပ်ငန်းများ၊ ကျေးလက်အိမ်ရာများ၊ လည်ပတ်ရန်ပုံငွေထူထောင်ပေးခြင်းလုပ်ငန်းများနှင့် စီမံကိန်းများကို စီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ ဝန်ထမ်းများနှင့် ကျေးလက်နေပြည်သူများ စွမ်းဆောင်ရည် မြင့်မားလာစေရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဆိုင်ရာသုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးလာစေရန်အတွက် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်အတူ စွမ်းဆောင်ရည်မြင့်မားစေရေးသင်တန်းများကို တစ်ပြိုင်နက်တည်း ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၄ ခုနှစ်တွင် အတည်ပြုချမှတ်ခဲ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင် (RDSF) နှင့်အညီ ရေးဆွဲခဲ့သည့် ဘက်စုံစွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ် (၂၀၁၄ – ၂၀၁၈) (Comprehensive Capacity Development Plan 2014 – 2018) ပါ လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်နှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထည့်သွင်းဆောင်ရွက်ရန် မဟာဗျူဟာချမှတ်ထားရှိပြီး အဆိုပါ မဟာဗျူဟာတွင် ဘက်စုံသင်တန်းပို့ချရေးခန်းမဝန်ဆောင်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများကို ပံ့မှန်ဆောင်ရွက်ပေးခြင်းလုပ်ငန်းစဉ်ကို ချမှတ်ထားရာ နိုင်ငံသားနှင့် ခေါင်းဆောင်မှု၊ သက်မွေးဝမ်းကျောင်းနည်းပညာ၊ စီးပွားရေး ဖွံ့ဖြိုးရေး၊ ပြည်သူ့ဆောက်လုပ်ရေး၊ ပြည်သူပူးပေါင်းပါဝင်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် သင်တန်းများ ဆောင်ရွက်ရန် မူဝါဒနှင့်အညီ ကျေးလက်ဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**လူထုအခြေပြုသော စနစ်**

ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စီမံကိန်းများ ဆောင်ရွက်ရာတွင် လူထုအခြေပြုသော စနစ်(People Centered Approach) နည်းလမ်းကို အသုံးပြုလာသည်နှင့် တစ်ပြိုင်နက်



**လုပ်ငန်းများဆောင်ရွက်ရာတွင် လူအများကို စီမံခန့်ခွဲခြင်းသည် ခက်ခဲသည် မဟုတ်ပါလား။ ကျေးလက်ဒေသဖြစ်သည့်အတွက် လူတန်းစား အမျိုးမျိုးအဖုံဖုံ ရှိနေနိုင်ခြင်း၊ လူနေမှုအဆင့်အတန်းနှင့် ပညာရေးအဆင့်အတန်း ကွာဟချက် အမျိုးမျိုးရှိနေနိုင်ခြင်း အစရှိသည့်အခြေအနေများအတွက်ပါ ထည့်သွင်းစဉ်းစားရပါသည်**

လူ့စွမ်းအားအရင်းအမြစ်များ စွမ်းဆောင်ရည်မြင့်မားလာစေရန် လိုအပ်လာပါသည်။ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်း၏ အောင်မြင်မှုရရှိစေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးလှပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်တို့သည် စီမံခန့်ခွဲသည့်အဆင့်တွင် ပါဝင်ကြရပြီး မြေပြင်တွင် အဓိက ပါဝင်ပတ်သက်ရသူများသည် ကျေးရွာအုပ်စုနှင့် ကျေးရွာများရှိ ကျေးရွာသူ ကျေးရွာသားများ ဖြစ်ပါသည်။

မည်သည့်အဆင့်မှ ပါဝင်စေကာမူ စီမံကိန်းအောင်မြင်ရန် ပါဝင်ဆောင်ရွက်ရသူများသည် လူသားများဖြစ်သည့်အတွက် ထိုပါဝင်ဆောင်ရွက်သူများ၏ အရည်အသွေး စွမ်းဆောင်ရည်ပြည့်ဝရန် အရေးကြီးလှပါသည်။

**သင်တန်းများ ဖွင့်လှစ်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာန၏ ရည်မှန်းချက်နှင့်အညီ မိမိဌာနဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရုံသာမက ကျေးလက်ဒေသနေ ကျေးရွာသူ ကျေးရွာသားများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးလျက်ရှိရာ စီမံကိန်းများဆောင်ရွက်သည့်အခါ စီမံကိန်းတွင် ပါဝင်၍ ဦးဆောင်ဦးရွက်ပြုရမည့် ဝန်ထမ်းများအား ရှေးဦးစွာ စွမ်းဆောင်ရည် ပြည့်ဝစေရန် စီမံကိန်းနှင့်သက်ဆိုင်သော သင်တန်းများ၊ လုပ်ထုံးလုပ်နည်းများ၊ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ဝန်ထမ်းများအား သင်ကြားပေးသည်။ ဝန်ထမ်းများမှတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာရှိ ကျေးရွာသူ ကျေးရွာသားများ၊ ကျေးရွာကော်မတီများအား သင်တန်းများ တက်ရောက်စေပြီး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရင်း စွမ်းဆောင်ရည် ပြည့်ဝအောင် ဖြည့်ဆည်းပေးလျက်ရှိပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသနေပြည်သူများအတွက် သက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့်လည်း စွမ်းဆောင်ရည်မြှင့်တင်ပေးလျက်ရှိပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဆောင်ရွက်ရသည့်၊ အကောင်အထည်ဖော်ရသည့်လုပ်ငန်းများ၊ စီမံချက်များသည် ကျေးလက်ဒေသများတွင် ဆောင်ရွက်ရခြင်းကြောင့် ကျေးလက်ဒေသများ၌ ရနိုင်စွမ်းသော လူ့စွမ်းအားအရင်းအမြစ်ကိုယူ၍ ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လူအများကို စီမံခန့်ခွဲခြင်းသည် ခက်ခဲသည်မဟုတ်ပါလား။ ကျေးလက်ဒေသဖြစ်သည့်အတွက် လူတန်းစားအမျိုးမျိုးအဖုံဖုံ ရှိနေနိုင်ခြင်း၊ လူနေမှုအဆင့်အတန်းနှင့် ပညာရေးအဆင့်အတန်း ကွာဟချက်အမျိုးမျိုးရှိနေနိုင်ခြင်း အစရှိသည့်အခြေအနေများအတွက်ပါ ထည့်သွင်းစဉ်းစားရပါသည်။ အဆိုပါအခြေအနေများတွင် စီမံခန့်ခွဲရလွယ်ကူစေရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ဖွဲ့စည်း၍ မိမိကျေးရွာသူ ကျေးရွာသားများအား ကော်မတီမှတစ်ဆင့် စီမံခန့်ခွဲ၍ ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်ကို ဖော်ဆောင်ပေးရပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လုပ်ငန်းများ၊ စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော ကျေးရွာတိုင်းတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများကို ဖွဲ့စည်းထားရှိပါသည်။ (ဥပမာ ရေကော်မတီ၊ မီးကော်မတီ စသည်ဖြင့်) ကော်မတီများ၊ ဆပ်ကော်မတီများ ဖွဲ့စည်းရာတွင် အဖွဲ့ ခေါင်းဆောင်၊ အဖွဲ့ဝင်၊ အတွင်းရေးမှူး၊ စာရင်းကိုင် အစရှိသဖြင့် တာဝန်အသီးသီး ပေးအပ်ထားရှိပြီး တစ်ဦးချင်းစီ၏ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်ထားရှိပါသည်။ ထိုသို့ တာဝန်သတ်မှတ်ဆောင်ရွက်ထားခြင်းဖြင့် တစ်ဦးချင်းစီ၏ အရည်အချင်း တိုးတက်လာကာ တာဝန်ယူမှု၊ တာဝန်ခံမှု စိတ်ဓာတ်ကို ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။

**အဖွဲ့ခေါင်းဆောင်၏တာဝန်**

ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် ဦးဆောင်ဦးရွက်ပြုသူ အဖွဲ့ခေါင်းဆောင်၏ တာဝန်သည် အဖွဲ့ဝင်များထက် များစွာအရေးကြီးသည်။ ခေါင်းဆောင်ကောင်းမှ နောက်လိုက်ကောင်းမည် ဆိုရိုးစကားအတိုင်း ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်သည့်အခါတွင် ခေါင်းဆောင်၏ ဦးဆောင်ဦးရွက်ပြုမှုသည် အရေးကြီးလှပါသည်။ ကျေးရွာများတွင် ဖွံ့ဖြိုးရေးလုပ်ငန်း ဦးဆောင်ဦးရွက်ပြုဆောင်ရွက်မည့် ခေါင်းဆောင်အနေဖြင့် ကောင်းမွန်သည့် ခေါင်းဆောင်မှုနှင့် ညံ့ဖျင်းသည့် ခေါင်းဆောင်မှုတို့၏ ကွာခြားပုံ၊ ကျေးရွာအဆင့်တွင် ကျင့်သုံးသင့်သည့် ခေါင်းဆောင်မှုပုံစံများ၊ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် ခေါင်းဆောင်၏အခန်းကဏ္ဍ စွမ်းရည်များ၊ ခေါင်းဆောင်ကောင်းတစ်ဦး၏ ကောင်းမွန်သော ဆက်သွယ်ဆောင်ရွက်မှု ပုံစံများ၊ ခေါင်းဆောင်ကောင်းတစ်ဦး ပြုကျင့်ရမည့် အမူအကျင့်များ၊ ကျေးရွာများတွင် ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များအကြောင်းကို နှံ့နှံ့စပ်စပ်သိရှိထားရန် လိုအပ်ပါသည်။

**ခေါင်းဆောင်၏ အရည်အချင်းများ**

ဦးဆောင်ဦးရွက်ပြုရသူ အဖွဲ့ခေါင်းဆောင်သည် ကျေးရွာအဆင့်တွင်လည်းကောင်း၊ ဌာနဆိုင်ရာ အဆင့်တွင်လည်းကောင်း တာဝန်ယူဆောင်ရွက်ရာတွင် အဆင်မပြေမှုများ၊ အခက်အခဲများကြားတွင် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးခြင်း တစ်နည်းအားဖြင့် ကြားဝင်စေ့စပ်ပေးရခြင်းသည်လည်း ခေါင်းဆောင်ကောင်းတစ်ဦးတွင် မရှိမဖြစ်သော လက္ခဏာရပ်တစ်ခုပင်ဖြစ်ပါသည်။

ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ခြင်းသည် လွယ်ကူသောအလုပ်ဟု ထင်ရသော်လည်း အမှန်တကယ် မြေပြင်တွင် လုပ်ဆောင်ရသည့်အခါ လွယ်ကူလှခြင်း မဟုတ်၍ ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် စည်းလုံးညီညွတ်မှုရှိသော ကျေးရွာများ၌ ဆောင်ရွက်သည့်အခါ ပိုမိုအောင်မြင်သော်လည်း စည်းလုံးညီညွတ်မှု အားနည်းသော ကျေးရွာများတွင် ဆောင်ရွက်ရသည့်အခါ စီမံခန့်ခွဲရသူအတွက် ခက်ခဲလှပါသည်။

ကျေးရွာများတွင် ဖွံ့ဖြိုးရေးဆောင်ရွက်သည့်အခါ ဦးစွာပထမ ကော်မတီများ ဖွဲ့စည်း၍ ကော်မတီမှတစ်ဆင့် ကျေးရွာလူထုနှင့် ဆက်ဆံပြောဆိုခြင်းက ပိုမိုထိရောက်လှပါသည်။ ကော်မတီဝင်များသည် ကျေးရွာမှ ရွေးချယ်ထားသော ကျေးရွာသူ ကျေးရွာသားများအား ကိုယ်စားပြုသူများ ဖြစ်ပါသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ "အများရွေးချယ်ခံခေါင်းဆောင်" များအနေဖြင့် ကျေးရွာသူ ကျေးရွာသားများ၏ စိတ်ဓာတ်ရေးရာ ပြုပြင်ပြောင်းလဲလာစေရန်၊ မျှော်လင့်ချက် အိပ်မက်များ တည်ဆောက်ပေးရန်၊ ဆင်းရဲမွဲတေမှုအကြောင်းရင်းကို ရှာဖွေရန်၊ ရွာသူရွာသားများကို ဆွဲဆောင်စည်းရုံးရန်နှင့် ပူးပေါင်းပါဝင်လာစေရေးအတွက် လှုံ့ဆော်စည်းရုံးရန် အစရှိသည့် လုပ်ဆောင်ချက်များကို ဆောင်ရွက်ရာတွင် မည်သည့်နေရာကနေ ကူညီပံ့ပိုးပေးနိုင်မလဲဆိုသောအချက်သည် အမြဲတွေးတောနေရမည့် အချက်ဖြစ်ပါသည်။

ဦးဆောင်သူ၊ ခေါင်းဆောင်သူတစ်ဦးအနေဖြင့် ကျေးရွာလူထုအတွက် ကူညီပံ့ပိုးကူညီရာတွင် ကျေးရွာသူ ကျေးရွာသားများ၏ အနာဂတ်ပုံရိပ် (ပန်းတိုင်)ကို ဖော်ထုတ်၍ အားလုံးကို သိမြင်စေပြီး လူထု၏ အနာဂတ်ပုံရိပ်ကို လူထုကိုယ်တိုင် အကောင်အထည်ဖော်ရမည့် ဗျူဟာများ၊ နည်းလမ်းများကို လူထုနှင့် ဆွေးနွေးစေခြင်း၊ လူအများအား စံနမူနာကောင်းဖြစ်အောင် လမ်းပြပေးနိုင်ခြင်း၊ ဦးဆောင်သူကောင်းတစ်ဦးအနေဖြင့် ဗဟုသုတပြည့်စုံခြင်းဖြင့် ကျေးရွာလူထု၏ ဆောင်ရွက်ချက်များအပေါ်

*စာမျက်နှာ ၂၁ သို့*

# တက္ကသိုလ်များ ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်

**မြစ်ကြီးနား ဒီဇင်ဘာ ၁၃**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ ယမန်နေ့က ဗန်းမော်ခရိုင်အတွင်းရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမ သစ်လွင်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍသည် အရေးကြီးသည့် အဓိကအခန်းကဏ္ဍတစ်ခုဖြစ်သည့်အပြင် အတွေးအခေါ်၊ အမြော်အမြင်၊ ဆင်ခြင်တုံတရား၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးအားလုံး၏ အခြေခံလည်းဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနေသော တက္ကသိုလ်များသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေသည့်အတွက် တက္ကသိုလ်များ ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်လာစေရေးကို အားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဗန်းမော်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် အစိုးရနည်းပညာ




အထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးတို့က ကျောင်းဆိုင်ရာအချက်အလက်များနှင့် လိုအပ်ချက်များကို တင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးတို့က တက္ကသိုလ်များနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းတို့အတွက် ထောက်ပံ့ငွေကျပ်ငါးသိန်းစီဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ်သိန်း ၂၀ ကို ပေးအပ်ပြီး **(အပေါ်ပုံ)** တက္ကသိုလ်များ၏ လိုအပ်ချက်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးကာ တက္ကသိုလ်ဝင်းအတွင်း တည်ဆောက်လျက်ရှိသော စာကြည့်တိုက်၊ စာသင်ဆောင်နှင့် ဘောလုံးကွင်း ပွဲကြည့်စင် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများနှင့် တက္ကသိုလ်ဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ညောင်ပင်ရပ်ကွက်ရှိ အလက-၃ ကျောင်းအတွင်း ဗန်းမော်မြို့နယ်အတွင်းရှိ IDPs စခန်းများမှ အိမ်ထောင်စုများအား ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံပေးနေမှု အခြေအနေကို လှည့်လည်ကြည့်ရှုအားပေးကာ ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေများနှင့် ကာကွယ်ဆေးထိုးရန်လာရောက်သူများအား နှာခေါင်းစည်းများဖြန့်ဝေပေးပြီး ကျောင်းခန်းမ၌ ဗန်းမော်မြို့အတွင်းရှိ IDPs စခန်းငါးခုမှ အိမ်ထောင်စုများနှင့် တွေ့ဆုံကာ ပြည်နယ်ဝန်ကြီးချုပ်က အားပေးစကားပြောကြားပြီး စခန်းငါးခုမှ တာဝန်ခံများ၏ လိုအပ်သည်များ တင်ပြမှုအပေါ် ဖြေရှင်းဆောင်ရွက်ပေးခဲ့ကာ အိမ်ထောင်စုများအတွက် ဆန်အိတ် ၁၀၀၊ ခေါက်ဆွဲ ဖာ ၁၀၀ နှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ် သည်။

ထိုမှတစ်ဆင့် ဗန်းမော်မြို့ သူနာပြုသင်တန်းကျောင်း၌ ကျန်းမာရေးဝန်ထမ်းများ၊ သူနာပြုသင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် သူနာပြုသင်တန်းကျောင်းအုပ်ကြီးတို့က လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှင့် သင်တန်းကျောင်းအတွက် ထောက်ပံ့ငွေကျပ်ငါးသိန်း ပေးအပ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဒလမြို့နယ်ရှိ အိမ်ထောင်စုပေါင်း ၄၄၀၀၀ ကျော်အား WFP မှ ဒုတိယအကြိမ်မြောက် တစ်အိမ်ထောင်လျှင် ဆန်တစ်အိတ်နှုန်းဖြင့် ထောက်ပံ့လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၃**

အခြေခံစားနပ်ရိက္ခာ လိုအပ်ချက်ရှိသော အိမ်ထောင်စုများအတွက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)က လူသားချင်းစာနာမှုဆိုင်ရာ စားနပ်ရိက္ခာ(ဆန်)များ ထောက်ပံ့ပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆင်းရဲနွမ်းပါးမှုအမြင့်ဆုံး မြို့နယ်များတွင် နေထိုင်သည့် အိမ်ထောင်စုများသို့ တစ်အိမ်ထောင်လျှင် ၅၀ ကီလိုဂရမ် (၂၄ ပြည်ခွဲခန့်) ဆန်တစ်အိတ်စီကို ထောက်ပံ့လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး



ဒလမြို့နယ်၌ အောက်တိုဘာလအတွင်း ပထမအကြိမ် အိမ်ထောင်စုပေါင်း ၄၃၅၆၈ စု ကို ပေးဝေခဲ့ပြီး ဒုတိယအကြိမ်မြောက် အဖြစ် အိမ်ထောင်စုပေါင်း ၄၄၇၇၂ စုအား ဒီဇင်ဘာ ၉ ရက်က စတင်ပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့် ကျေးရွာများတွင် အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်အိတ်နှုန်းဖြင့် လှူဒါန်းပေးဝေလျက်ရှိကြောင်း သိရသည်။

ဒလမြို့နယ်၌ ဒုတိယအကြိမ်မြောက် ထောက်ပံ့လှူဒါန်းရာတွင် မြို့ပေါ်ရပ်ကွက် ၂၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၃ အုပ်စု၊ ကျေးရွာစုစုပေါင်း ၅၄ ရွာရှိ မရှိနွမ်းပါး အိမ်ထောင်စု စုစုပေါင်း ၄၄၇၇၂ စုအား အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်အိတ်နှုန်းဖြင့် လည်းကောင်း၊ အသက် ၆ လမှ ၅၉ လ ကလေး စုစုပေါင်း ၁၆၆၃၇ ဦးအား ဖြည့်စွက်အာဟာရထုပ် ၂၄၉၅၅ ထုပ်တို့ကို ဆက်လက်၍ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံအတွင်း အခြေခံစားနပ်ရိက္ခာ လိုအပ်ချက်ကို ဖြည့်ဆည်းရန် ရုန်းကန်နေကြရသော မိသားစုများကို ထောက်ပံ့ကူညီရန် ဂျပန်နိုင်ငံအစိုး၏ လှူဒါန်းပံ့ပိုးမှုဖြင့် WFP သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆင်းရဲနွမ်းပါးမှု အမြင့်ဆုံး မြို့နယ်များတွင် နေထိုင်သည့် အိမ်ထောင်စုများအတွက် စားနပ်ရိက္ခာ အထောက်အပံ့ကို ဖြန့်ဖြူး ပေးဝေလျက်ရှိသည်။

**သတင်းနှင့် ဓာတ်ပုံ**
**နိုင်လင်းကျော်(IPRD)**

## ဝန်းသိုမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာအတွင်းရှိ လျှပ်စစ်မီးတိုင်များလဲလှယ်

**ဝန်းသို ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ခပ်ချိုကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း ၄၀၀ လျှပ်စစ် ဓာတ်အားလိုင်း ပေ ၄၂၅၀အတွင်းရှိ သစ်သားတိုင်များအစား ကွန်ကရစ်တိုင်နှင့် သံလက်တန်းများ လဲလှယ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ပြီးစီးမှုအခြေအနေကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့်အတူ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ရွာခွဲအုပ်ချုပ်ရေးမှူးများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ဝန်းသိုမြို့နယ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်၍ ကျေးရွာပေါင်း ၃၅ ရွာအထိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး လက်ရှိအချိန်တွင် သုံးနှစ်ပြည့် (သို့မဟုတ်) အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းပေါင်း ၁၇ ခုကို ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**မြို့နယ်(ပြန် /ဆက်)**

*စာမျက်နှာ ၂၀ မှ*

ဆုံးဖြတ်ချက်ချရာတွင် မှန်ကန်သော ဆုံးဖြတ်ချက်လမ်းမှန်ကို လမ်းညွှန်ပြသပေးခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို မိမိတစ်ဦးတည်း ချုပ်ကိုင်မထားဘဲ အဖွဲ့ဝင်များကိုလည်း ဦးဆောင် ဦးရွက်ပြုခွင့်ပေးခြင်း၊ တာဝန်ခွဲဝေပေးခြင်းနှင့် ဦးဆောင်သူကောင်းများ ဖြစ်လာစေရန် လက်တွဲခေါ်၍ လေ့ကျင့်ပေးခြင်း၊ လူထုအား ပန်းတိုင်ရှင် စိတ်ဓာတ်ဖွံ့ဖြိုးအောင် ပြုလုပ်ပေးခြင်း၊ လူထုနှင့်အတူတကွ ဆောင်ရွက်ခြင်းဖြင့် တညီတညွတ်တည်း ဆုံးဖြတ်ဖြေရှင်းသည့် အလေ့အထဖြစ်ထွန်းအောင် လေ့ကျင့်ပေးခြင်း၊ အဖွဲ့ဝင်များအတွင်း အချင်းချင်းအငြင်းပွားမှု၊ ပဋိပက္ခဖြစ်မှုများအတွက် ကျွမ်းကျင်ပါးနပ်စွာ ဖြေရှင်းနိုင်သူဖြစ်အောင် လေ့ကျင့်ပေးခြင်း၊ ပါဝင်ဆောင်ရွက်သူများကို ချီးကျူးအားပေးသော အလေ့အထဖြစ်အောင် ပြုစုပျိုးထောင်ပေးခြင်း၊ အခြေအနေနှင့် လိုက်လျောညီထွေစွာဖြင့် ပတ်ဝန်းကျင် အခြေအနေနှင့်အညီ ပြောင်းလဲကျင့်သုံးတတ်ရန် လေ့ကျင့်ပေးခြင်းဖြင့် အလေ့အထကောင်းများကို ကူညီပံ့ပိုးပေးနိုင်သောသူ ဖြစ်ပါသည်။

လူထုကို ဦးဆောင်သည့် လူထုအခြေပြုအဖွဲ့ကိုယ်တိုင် မိမိအဖွဲ့အစည်း၏ အင်အားအရင်းအမြစ်များ ရှင်သန်ကြီးထွားအောင် ပြုလုပ်ရမည့် တာဝန်များစွာ ရှိပါသည်။ အထူးသဖြင့် အဖွဲ့အစည်းရဲ့ ခေါင်းဆောင်သူ၊ ဦးဆောင်သူသည် အဖွဲ့ဝင်များကို ဦးဆောင်နိုင်သည့် စွမ်းဆောင်ရည် ထက်မြက်ဖွံ့ဖြိုးရန် ကြိုးစားဖို့လိုအပ်ပါသည်။ အဖွဲ့တစ်ခုလုံးသည် လူထုကိုဦးဆောင်ခြင်းဖြစ်တဲ့အတွက် အဖွဲ့ဝင် အားလုံးသည်လည်း ဦးဆောင်မှု၊ ခေါင်းဆောင်မှု သဘောသဘာဝကို နားလည်ထားရန် လိုအပ်ပါသည်။ နိုင်ငံတစ်ခုလုံးကစပြီး မိသားစုအဆင့်အထိ လူ့အဖွဲ့အစည်း အသိုင်းအဝိုင်းက ဦးဆောင်မှု၊ ခေါင်းဆောင်မှုကောင်းလျှင် တိုးတက်ကြီးပွားမှုရလဒ်များ ရရှိနိုင်သည်ကို လူတိုင်းလက်ခံနိုင်ပါလိမ့်မည်။ ခေါင်းဆောင်တစ်ယောက်တည်းပဲ အလုပ်တစ်ခုလုံးကို လုပ်နေသည်ဆိုလျှင် သူသည် ခေါင်းဆောင်ဖြစ်နိုင်သလားဟု မေးစရာဖြစ်လာပါလိမ့်မည်။ ကျန်အဖွဲ့ဝင်တွေ အားလုံးက ခေါင်းဆောင်ကို ဝန်းရံပြီး ပံ့ပိုးကူညီဆောင်ရွက်မှသာ အဆင်ပြေကြမည် ဖြစ်ပါသည်။

ဦးဆောင်သူပဲဖြစ်ဖြစ်၊ အဖွဲ့ဝင်ပဲဖြစ်ဖြစ် လူတိုင်းဟာ မိမိတို့၏ ရပိုင်ခွင့်များ(Rights)ကို သိရှိနားလည်ရန် လိုအပ်ပြီး မိမိတို့၏ တာဝန်များ (Responsibilities)ကိုလည်း ကျေပွန်စွာ ဆောင်ရွက်နိုင်ဖို့ လိုအပ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် ကျေးလက်နေပြည်သူများ၏ တာဝန်ယူမှုတာဝန်ခံမှုအားကောင်းလာမည်ဆိုပါက ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့ရုံသာမက ဖွံ့ဖြိုးမှုအရှိန်အဟုန်သည်လည်း မြန်ဆန်လာမည်ဖြစ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုအားကောင်းလာစေရန်နှင့် တာဝန်ယူတာဝန်ခံမှုရှိလာစေရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင်ကျေးလက်ဒေသနေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို အခန်းတစ်ခုအနေဖြင့် ပြဋ္ဌာန်းထားရှိပြီး ကျေးရွာသူ ကျေးရွာသားများ စည်းလုံးညီညွတ်လာစေရန်အတွက် ကျေးရွာများတွင် ထားရှိရမည့် “ကျေးရွာစိတ်ဓာတ်” ဆောင်ပုဒ်နဲ့အညီ ကျေးလက်နေပြည်သူများအနေဖြင့် မိမိဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်ပါက စည်းလုံးညီညွတ်၍ တာဝန်ယူတာဝန်ခံမှုရှိစွာဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်မှာ အသေအချာပင်ဖြစ်ပါသည်။ ။

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် Agricultural Product Processing Center ကို သွားရောက်ကြည့်ရှုစစ်ဆေး

**ဟဲဟိုး ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများသည် ယမန်နေ့က ကလောမြို့နယ် ဟဲဟိုးအင်းခေါင်းကျေးရွာရှိ Agricultural Product Processing Center ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ စီမံကိန်းအင်ဂျင်နီယာက အဆောက်အအုံပြီးစီးမှုမှာ ၇၅ ရာခိုင်နှုန်းရှိပြီဖြစ်ကြောင်းနှင့် အဆောက်အအုံကို ၂၀၂၂ ခုနှစ် မေလ ၁၅ ရက်နေ့တွင် အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြား၍ အဆောက်အအုံကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ **(အပေါ်ပုံ)**



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟဲဟိုးအင်းခေါင်းမျိုးပွားဥယျာဉ်ခြံကို သွားရောက်ကြည့်ရှုရာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချိုနိုင်ထွန်းနှင့် ဟဲဟိုးမျိုးပွားဥယျာဉ်ခြံ ဦးစီးအရာရှိ ဦးညီညီအောင်တို့က ဟင်းသီးဟင်းရွက်မျိုးပွားဆောင်ရွက်ထားရှိမှုနှင့် ရာသီဥတုအခြေအနေများကို ရှင်းလင်းကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စိုက်ပျိုးရေးစုံညီပွဲတော်ကျင်းပခဲ့သည့် နေရာ၊ အာလူးမျိုးပွားစိုက်ပျိုးထားသည့် ဥယျာဉ်ခြံ၊ အင်းခေါင်းဟဲဟိုးဆည်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## တောင်ကြီးမြို့၌ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်သင်တန်းဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ရုံးသင်တန်းခန်းမတွင် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်(GAqP) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၉ ရက်က ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသော်ထွန်းဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ တောင်ကြီးမြို့နယ်နှင့် ညောင်ရွှေမြို့နယ်မှ ငါးမွေးတောင်သူများ၊ ငါးမွေးမြူရေးစိတ်ပါဝင်စားသူ သင်တန်းသား ၁၆ ဦးနှင့် သင်တန်းသူ လေးဦး သင်တန်းတက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ခရမ်းမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ခရမ်း ဒီဇင်ဘာ ၁၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်အရ နိုင်ငံအတွင်း မီတင်းနေထိုင်ကြသော နိုင်ငံသား အရည်အချင်း ပြည့်မီသူတိုင်း နိုင်ငံသားစိစစ်ရေးကတ်ရရှိရေးနှင့် အိမ်ထောင်စုစာရင်းရရှိရေးအတွက် မေလ ပထမပတ်မှ စတင်၍ ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့ကစတင်၍ ခရမ်းမြို့နယ် ကမာမတ်စံပြကျေးရွာတွင် ခရမ်းမြို့နယ် ဦးစီးမှူး ဦးမောင်မောင်သန်းနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။




ပန်းခင်းစီမံချက်ဆောင်ရွက်ရာတွင် လက်ရှိဇာတိ၌ အမြဲတမ်းနေထိုင်၍ အိမ်ထောင်စု လူဦးရေစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊ လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းမရှိ၊ ကိုင်ဆောင်လက်မှတ် မရှိသူများအား ဆောင်ရွက်ပေးခြင်း၊ ရွှေ့ပြောင်းနေထိုင်သူများအား ဆောင်ရွက်ပေးခြင်း စသည့်နည်းလမ်းလေးသွယ်ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ကမာမတ်စံပြကျေးရွာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၂၀ ကို ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်၍ ခရမ်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဦးစီးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

## ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

### ကောလင်း

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကောလင်းမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးလေးဆွေနှင့် ဝန်ထမ်းများသည် ဒီဇင်ဘာ ၁၂ ရက်က သုဓမ္မာအမှတ်(၂) ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ အသက် ၁၀ နှစ်ပြည့် ကျောင်းသား ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ကွင်းဆင်းပြုလုပ်ပေးသည်။

ထိုသို့ ပြုလုပ်ပေးရာတွင် နိုင်ငံသားအရည်အချင်းနှင့် ပြည့်မီသူ ကျောင်းသား ခြောက်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ပြုလုပ်ပေးခဲ့ပြီး အဆိုပါနိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထိန်လင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးဆန်းလွင်နှင့်အဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြင့်ထွန်းမင်း(ကောလင်း)**

### ဘုတ်ပြင်း

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဘုတ်ပြင်းမြို့နယ်ရုံးမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပြုလုပ်ပေးခြင်းကို ဒီဇင်ဘာ ၁၂ ရက်က ကမာချောင်းကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ဘုတ်ပြင်းမြို့နယ် လဝက ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် ၆၃ ဦး၊ အသက် ၁၈ နှစ်ပြည့် ၂၁ ဦး၊ အိမ်ထောင်စုစာရင်း ၁၇ စုတို့အား ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဖြူဖြူသိန်း(ပြန်/ဆက်)**

### ကျိုက်လတ်

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုစာရင်းနှင့် ကိုင်ဆောင်သင့်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်မျိုးမျိုးကို ထုတ်ပေးနိုင်ရေးအတွက် ဒီဇင်ဘာ ၁၂ ရက်က မိဿလင်ကျေးရွာအုပ်စု၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ်ဦးစီးမှူး ဦးထွန်းဆွေနှင့် ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ မိဿလင်ကျေးရွာအုပ်စုရှိ ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း ၁၈ ဦး၊ ၁၈ နှစ်ပြည့်နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း တစ်ဦး၊ ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့် လဲလှယ်သည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားပေါင်း ၄၃ ဦးနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး/ ပျက်စီးမိတ္တူ ထုတ်ပေးမှုပေါင်း ၅၅ ဦးအား နေ့ချင်းပြီး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **ငွေငွေလှိုင်(ပြန်/ဆက်)**

## ကျောက်ဆည်မြို့နယ်၌ သောက်သုံးရေဖူလုံစေရေး ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**ကျောက်ဆည် ဒီဇင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကြောင်ကျေးရွာ၌ ၂၀၂၁-၂၀၂၂ ခုနှစ် ခြောက်လဘဏ္ဍာနှစ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် သောက်သုံးရေဖူလုံစေရေး ရေပေးဝေရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တစ်ကန်၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတစ်ရုံ၊ ကျေးရွာတွင်းရေသွယ်တန်းခြင်း အတွက် အကျယ် နှစ်ပေ (VPC) ရေပိုက်ပေ ၆၀၀၀ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းအေးနှင့် ဒေါ်ငွေငွေရီ (နည်းပညာ)တို့က ကွင်းဆင်းဆောင် ရွက်လျက်ရှိကြောင်းနှင့် လုပ်ငန်းများပြီးစီးပါက အိမ်ခြေ ၃၆၉ အိမ်၊ လူဦးရေ ၁၈၀၄ ဦးအတွက် သောက်သုံးရေဖူလုံသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



# မိုးညှင်းမြို့နယ်၌ အခြေခံပညာစာသင်ကျောင်းများဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားလျက်ရှိ

**မိုးညှင်း ဒီဇင်ဘာ ၁၃**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်းများကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းမှ စတင်ဖွင့်လှစ်ခဲ့ရာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသည်။ **(အောက်ပုံ)**



မိုးညှင်းမြို့နယ်ကို ဒီဇင်ဘာ ၁၁ ရက်က မိမိနေအိမ်တွင် နေထိုင်ရန် (Stay At Home) အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်လိုက်ပြီးနောက် အခြေခံပညာစာသင်ကျောင်းများ ဖွင့်လှစ်ခဲ့ရာ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ခြင်းနှင့် သက်ဆိုင်သည့် စည်းကမ်းချက်များနှင့်အညီ ပညာသင်ကြားကြရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီလွင် ဦးဆောင်သည့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းဆွေနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ အခြေခံပညာစာသင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

အဆိုပါအခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ရာတွင် မိုးညှင်းမြို့နယ်အတွင်းမှ အခြေခံပညာကျောင်းပေါင်း ၂၀၂ ကျောင်းရှိသည့်အနက် အထက ကိုးကျောင်း၊ အထက(ခွဲ) ခုနစ်ကျောင်း၊ အလက နှစ်ကျောင်း၊ အလက(ခွဲ) နှစ်ကျောင်း၊ အမက(လွန်) သုံးကျောင်းနှင့် အမက ၃၇ ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း ၆၀ တို့မှ ကျောင်းသား ကျောင်းသူစုစုပေါင်း ၃၂၅၀ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**ဇွဲသူရအောင်**

**(ပြန်/ဆက်)**

---

❍ *ကျောဖုံးမှ*

မြန်မာအသင်းက သုံးပွဲကစား သုံးမှတ်ရထားပြီး တီမောအသင်းက သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ အုပ်စု (ခ)တွင် အင်ဒိုနီးရှားနှင့် ဗီယက်နမ်အသင်းက နှစ်ပွဲကစား ခြောက်မှတ်စီ၊ မလေးရှားအသင်းက သုံးပွဲကစား ခြောက်မှတ်ရထားပြီး ကမ္ဘောဒီးယားနှင့် လာအိုအသင်းတို့မှာမူ အမှတ်မရသေးပေ။ အုပ်စု (က) စတုတ္ထနေ့အဖြစ် ဒီဇင်ဘာ ၁၄ ရက်**(ယနေ့)** မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် ဖိလစ်ပိုင်နှင့် ထိုင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီတွင် စင်ကာပူနှင့် တီမော၊ ဒီဇင်ဘာ ၁၅ ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် ကမ္ဘောဒီးယားနှင့် လာအို၊ မြန်မာစံတော်ချိန် ည ၇ နာရီတွင် အင်ဒိုနီးရှားနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယနေ့ကစားမည့်ပွဲတွင် ထိုင်းနှင့် စင်ကာပူအသင်းတို့မှာ ပြိုင်ဘက်အသင်းများထံမှ အနိမ့်ဆုံး သရေတစ်မှတ် ရယူနိုင်ပါက မြန်မာအသင်းသည် ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ဆုံးရှုံးမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဖိလစ်ပိုင်အသင်းနှင့် ကစားရန် ကျန်ရှိသော်လည်း ယနေ့ကစားမည့် ထိုင်း၊ စင်ကာပူအသင်းတို့၏ရလဒ်များမှာ ဆီမီးဖိုင်နယ် တက်ရောက်ရေးအတွက် အရေးပါနေခြင်းဖြစ်သည်။ မြန်မာအသင်းသည် သုံးပွဲကစားထားပြီး တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားသည်။ တီမောအသင်းကို နှစ်ဂိုးပြတ်အနိုင်ရထားပြီး စင်ကာပူကို သုံးဂိုးပြတ်၊ ထိုင်းကို လေးဂိုးပြတ်ရှုံးနိမ့်ထားသည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဒီဇင်ဘာ ၁၈ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

---

● *ကျောဖုံးမှ*

ဩစတြီးယား ကလပ် ဆောလ်ဘတ်အသင်းက ဂျာမနီမှ ဘိုင်ယန်မြူးနစ်အသင်း၊ အက်သလက်တီကို မက်ဒရစ်အသင်းက မန်ယူအသင်း၊ ပေါ်တူဂီကလပ် စပို့တင်း လစ္စဘွန်းအသင်းက မန်စီးတီးအသင်း၊ စပိန်ကလပ် ဗီလာရီးရဲအသင်းက အီတလီမှ ဂျူဗင်တပ်စ်အသင်း၊ ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းက နယ်သာလန် ကလပ် အိုင်းယက်စ်အသင်း၊ အီတလီကလပ် အင်တာမီလန်အသင်းက လီဗာပူးအသင်းနှင့် တွေ့ဆုံနေသည်။ ထို့အပြင် ပြင်သစ်မှ ပီအက်စ်ဂျီအသင်းက စပိန်မှ ရီးရဲမက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပရီမီယာလိဂ်မှ လက်ရှိချန်ပီယံ ချယ်ဆီးအသင်း အပါအဝင် မန်စီးတီး၊ လီဗာပူး၊ မန်ယူတို့ လေးသင်းစလုံး ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ နာမည်ကြီး ရီးရဲမက်ဒရစ်၊ ဘိုင်ယန်မြူးနစ်၊ မန်စီးတီး၊ လီဗာပူး၊ ဂျူဗင်တပ်စ်အသင်းတို့သည် အုပ်စုပထမဖြင့် ရှုံးထွက်အဆင့်သို့ တက်ရောက်လာနိုင်ခဲ့သော်လည်း လက်ရှိချန်ပီယံ ချယ်ဆီးအသင်းက အုပ်စု ဒုတိယဖြင့်သာ တက်ရောက်နိုင်ခဲ့သည်။

ဘာစီလိုနာအသင်း အနေဖြင့် အုပ်စုနောက်ဆုံးပွဲစဉ်တွင် ပြိုင်ဘက် ဘိုင်ယန်မြူးနစ်အသင်းကို ဂိုးပြတ် ရှုံးနိမ့်ခဲ့သည့်အတွက် နှစ်ပေါင်း ၁၇ နှစ်အတွင်း ချန်ပီယံလိဂ် ရှုံးထွက်ဆင့်သို့ တက်လှမ်းခွင့်နှင့် လွဲချော်ခဲ့ရသည်။ ယခုနှစ်ရာသီတွင် သိသာထင်ရှားသည့် ပြောင်းလဲမှုအဖြစ် အဝေးဂိုးစည်းမျဉ်းကို ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။

ရှုံးထွက်အဆင့် ပထမအကျော့ပွဲစဉ်များကို ဖေဖော်ဝါရီ ၁၅ ရက်၊ ၁၆ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်များကို မတ် ၈ ရက်၊ ၉ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ ယခုနှစ်ရာသီ၏ ချန်ပီယံလိဂ်ဗိုလ်လုပွဲကို မေ ၂၈ ရက်တွင် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်၌ ကျင်းပမည်ဖြစ်သည်။

ယူရိုပါလိဂ်ရှုံးထွက်ပွဲစဉ်များကိုလည်း မဲနှိုက်ရွေးချယ်ခဲ့ရာ ဆီဗီလာနှင့် ဒိုင်နမိုဇာဂရက်၊ ဇင်းနစ်နှင့် ဘက်တစ်၊ အတ္တလန်တာ နှင့် အိုလံပီယာကော့စ်၊ ဒေါ့မွန်နှင့် ရိန်းဂျား၊ လိုက်ပ်ဇစ်နှင့် ဆိုစီဒက်၊ ရီးရစ်ခ်နှင့် ဘရာဂါ၊ ဘာစီလိုနာနှင့် နာပိုလီ၊ ပေါ်တိုနှင့် လာဇီယိုအသင်းတို့ ဆုံတွေ့နေသည်။

**အောင်ဇော်**



ယမန်နှစ် ချန်ပီယံလိဂ် ချန်ပီယံချယ်ဆီးအသင်း အောင်ပွဲခံနေစဉ်။

---

# မြန်အောင်မြို့နယ်နှင့် ဂွမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုအား မလိုလားသူ အကြမ်းဖက်သမားများက စာသင်ကျောင်းများအား မီးရှို့ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၁၃**

အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်သော ပြည်သူလူထုနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နေသော အုပ်ချုပ်ရေးတာဝန်ရှိသူများအား ထိခိုက်ဒဏ်ရာ ရရှိစေရန် ရည်ရွယ်ချက်များဖြင့် အချို့နေရာများတွင် အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးခြင်းများကို လုပ်ဆောင်လျက်ရှိသည့်အပြင် ကလေးသူငယ်များ ပညာသင်ကြားနေသည့် စာသင်ကျောင်းများကိုပါ လက်လုပ်ဗုံးများ၊ လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၁၂ ရက် ည ၈ နာရီခွဲခန့်တွင် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အင်ပင်မြို့ အမှတ်(၁)ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းကို အကြမ်းဖက်သမားများက ဓာတ်ဆီလောင်း၍ မီးရှို့ဖျက်ဆီးသွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ၁၅ မိနစ်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် အဆိုပါကျောင်း



ရခိုင်ပြည်နယ် ဂွမြို့နယ်၌ အခြေခံပညာမူလတန်းလွန်ကျောင်းအား ဆူပူအကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးမှု။



ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ အခြေခံပညာအထက်တန်းကျောင်းအား ဆူပူအကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးမှု။

အစည်းအဝေး ခန်းမဆောင်အတွင်းရှိ စတိတ်စင်တစ်ခု၊ သစ်သားစားပွဲ ၁၂ လုံး၊ သစ်သားကုလားထိုင် ၁၀ လုံးနှင့် ကော်ဇောလိပ်တစ်ခုတို့ မီးလောင်ပျက်စီးခဲ့ပြီး အခင်းဖြစ်နေရာအနီးမှ ဓာတ်ဆီထည့်သည့် ဘူးခွံနှစ်ခုကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ဂွမြို့နယ် ရွာမရပ်ကွက် မင်္ဂလာလမ်းရှိ အခြေခံပညာမူလတန်းလွန်ကျောင်းအား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးသွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မီးသတ်ယာဉ် နှစ်စီးဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ၁၀ မိနစ်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ကျောင်းရှိ သစ်သားကြမ်းခင်း မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များတွင် စာသင်ကျောင်းများကို မီးရှို့ဖျက်ဆီးခဲ့သည့် ဆူပူအကြမ်းဖက်သူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဂ္ဂတော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | **ကျောက်စာရံစေတီ** | ၂၇၉ | ၇၂၉ ဆူ | ၁၅၀ ဆူ | ၅၇၉ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | ၁၀၀၀ သိန်း | ၇၇၃၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၉ ခန်း | ၄၃၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၈ တိုင် | ၃၂ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၄၅ တိုင် | ၁၃၅ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင် စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၆၇ ခု | ၅၈၅ ခု |
| ၁၁။ | စကျင်ကျောက်ပြားတစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၁၅ ကျင်း | ၂၁၀၄. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၁ ကျင်း | ၂၀၇. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၁၁ ကျင်း | ၅၈၉၉. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၅၅ ကျင်း | ၁၆၈၁. ၀၈ ကျင်း |
| ၁၅။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၇၃ တိုင် | ၁၇ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၆။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၇။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၈။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆

## ရွှေတိဂုံစေတီတော်
## လုံးတော်ပြည့်လျှပ်စစ်မီး အဆင့်မြှင့်ထွန်းညှိပူဇော်ခြင်း လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအခမ်းအနားဖိတ်ကြားခြင်း

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးအား ပိုမိုတင့်တယ်သပ္ပာယ် ကြည်ညို ဖွယ်ရာ ဖူးမြော်နိုင်စေရန် ရည်သန်လျက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အညီ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူး၍ ရဟန်းရှင်လူပြည်သူများ၏ လှူဒါန်းမှုတို့ဖြင့် စေတီတော်မြတ်ကြီး လုံးတော်ပြည့် လျှပ်စစ်မီးအဆင့်မြှင့် ထွန်းညှိပူဇော်ခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ရာ အောင်မြင်ပြီးမြောက်ခဲ့ပြီဖြစ်ပါသည်။ လှူဒါန်းမှုအစုစုတို့အတွက် စုပေါင်းရေစက်ချအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ပါ၍ လျှပ်စစ်မီးကုသိုလ်ရှင်များ ဖိတ်ကြားလွှာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

**ကျင်းပမည့်ရက်** - ၁၃၈၃ခုနှစ် နတ်တော်လပြည့်နေ့
၂၀၂၁ခုနှစ် ဒီဇင်ဘာ ၁၈ရက်(စနေနေ့)

**ကျင်းပမည့်အချိန်** - နံနက် ၅:၃၀နာရီ

**ကျင်းပမည့်နေရာ** - ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း (ရင်ပြင်တော်တောင်ဘက်မုခ်အနီး)

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## အိတ်ဖွင့်တင်ဒါအမှတ်(၁/၂၀၂၂)ခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ အောက်ဖော်ပြပါအတိုင်း ကတ်သုတ်ကြေးနီ (၁၆၀၈.၅၇၄)မက်ထရစ်တန်၊ (11)Lotsအား အမေရိကန်ဒေါ်လာဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါသည်-

(က) ကတ်သုတ်ကြေးနီ (၁၀၈.၅၇၄)မက်ထရစ်တန်ဖြင့် (1)Lots ရန်ကုန်၊ အီဒင်ဂိုဒေါင်
(ခ) ကတ်သုတ်ကြေးနီ (၁၀၀)မက်ထရစ်တန်ဖြင့် (5)Lots ရန်ကုန်၊ အီဒင်ဂိုဒေါင်
(ဂ) ကတ်သုတ်ကြေးနီ (၂၀၀)မက်ထရစ်တန်ဖြင့် (5)Lots ရန်ကုန်၊ အီဒင်ဂိုဒေါင်

၂။ ကတ်သုတ်ကြေးနီများ၏ ကြမ်းခင်းဈေးကို တင်ဒါဖွင့်သည့်ရက်တွင်ရှိမည့် ကမ္ဘာ့သတ္တုပေါက်ဈေးနှုန်း (London Metal Exchange)ပါ ကတ်သုတ်ကြေးနီ တစ်မက်ထရစ်တန်ဈေးနှုန်း (Unknown Price)အပေါ်တွင် အခြေခံ၍ သတ်မှတ်မည်ဖြစ်ပါသည်။ အဆိုပြုဈေးနှုန်းအား (LME+Premium)ဖြင့် တင်သွင်းရမည်ဖြစ်ပြီး Premium ကြေးအများဆုံးပေးသွင်းနိုင်သည့် တင်သွင်းသူကို တင်ဒါအောင်မြင်သူအဖြစ် သတ်မှတ်မည်ဖြစ်ပါသည်။

၃။ တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၁၁-၁-၂၀၂၂ရက်၊ မွန်းလွဲ ၁၄:၀၀နာရီဖြစ်ပြီး ယင်းနေ့ညနေ(၁၅:၀၀)နာရီအချိန်မှာ အိတ်ဖွင့်တင်ဒါများ ဖွင့်ဖောက်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ၊ သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဖုန်း ၀၆၇-၃၄၀၉၃၇၈နှင့် ၀၆၇-၃၄၀၉၃၇၂တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**သတ္တုတွင်းဦးစီးဌာန**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## အမည်မှန်

ဦးထိန်ဝင်း-ဒေါ်အေးအေးမူတို့၏သား မောင်နေဇော်အောင်၏ အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ မောင်ထက်ဝေယံ ၁၂/သခန(နိုင်)၁၆၈၁၄၆ ဖြစ်ပါကြောင်း။

**မောင်ထက်ဝေယံ**

## မိခင်အမည်မှန်

အထက(ခွဲ) ယာတိုက်၊ ပေါက်တောမြို့နယ်၊ Grade-(10)တွင် ပညာသင်ကြားနေသော မောင်နေကျော်နိုင်၏ မိခင် ဒေါ်စိုးဝေနု၏ အမည်မှန်မှာ ဒေါ်စောဝေနု ဖြစ်ပါကြောင်း။

**ဒေါ်စောဝေနု**

## မွေးသက္ကရာဇ်အမှန်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ အထက၊ ဇင်ချောင်းကျောင်း တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော (ဘ)ဦးမိုးကျော်ဦး၏သား မောင်အောင်အောင်ထွန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၉-၇-၂၀၀၃ ဖြစ်ပါကြောင်း ။

## မိခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ အထက(၃)၊ ယင်းတော် Grade-11 မှ မဖြူဖြူညီမ်းနှင့် Grade-7 မှ မောင်ကျော်ဇင်ဖြိုး၏ မိခင်အမည်မှန်မှာ ဒေါ်မိုးမိုး ၉/ပဘန(နိုင်)၀၉၂၀၁၁ ဖြစ်ပါကြောင်း။

**ဒေါ်မိုးမိုး**

**သွေးသည် အသက်**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန
## တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက ဘေးသင့်ပြည်သူများအား ထောက်ပံ့နိုင်ရန် အောက်ဖော်ပြပါ ကယ်ဆယ်ရေးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများအတွက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| (က) | စောင်(အလျား ၈၀'' xအနံ ၆၆'') | ၃၀၀၀၀ ထည် |
| (ခ) | တဘက်(အလျား ၅၄'' xအနံ ၂၇'') | ၁၀၀၀၀ ထည် |
| (ဂ) | တီရှပ်(L, XL, XXL size)(Logoပါ) | ၂၀၀၀၀ ထည် |
| (ဃ) | နှစ်ယောက်အိပ်ခြင်ထောင်(နိုင်လွန်) | ၂၅၀၀၀ လုံး |
| (င) | တာပေါ်လင်(၆ x ၃၀၀)ပေ | ၅၀၀ လိပ် |
| (စ) | ပီနံအိတ်(အထူ)(အလျား ၂၃'' အနံ ၃၄'')<br>ပီနံအိတ်(အထူ)(အလျား ၂၆'' အနံ ၄၈'')<br>ပီနံအိတ်(အထူ)(အလျား ၃၂'' အနံ ၄၈'')<br>(ဘေးဘက်တွင် ပစ္စည်းအမျိုးအမည်၊ အရေအတွက် ထုပ်ပိုးသည့်ရက်စွဲ စာတမ်းများဖော်ပြပေးရမည်ဖြစ်ပါသည်။) | ၅၀၀၀ လုံး<br>၁၀၀၀၀ လုံး<br>၅၀၀၀ လုံး |

၂။ တင်ဒါလျှောက်လွှာများနှင့်ပတ်သက်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်-

(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၁၃-၁၂-၂၀၂၁ရက်မှ ၂၃-၁၂-၂၀၂၁ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
(ခ) တင်ဒါတင်သွင်းရမည့်ကာလ - ၁၅-၁၂-၂၀၂၁ရက် နံနက် ၉:၃၀နာရီမှ ၂၃-၁၂-၂၀၂၁ရက် ညနေ ၄နာရီ အထိ
(ဂ) တင်ဒါရောင်းချမည့်နေရာ - ရုံးအမှတ်(၂၃)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ နေပြည်တော်
(ဃ) တင်ဒါဖွင့်လှစ်မည့်ရက်နှင့်နေရာ- ၂၉-၁၂-၂၀၂၁ရက်၊ နံနက် ၁၀နာရီ၊ ရုံးအမှတ်(၂၃)၊ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ နေပြည်တော် (တင်ဒါဖွင့်လှစ်မည့်ရက် အပြောင်းအလဲရှိပါက ကြိုတင်အကြောင်းကြားမည်ဖြစ်ပါသည်။)

၃။ အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ်- ၀၆၇-၃၄၀၄၀၇၄၊ ၀၆၇-၃၄၀၄၀၆၈ တို့သို့ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအထိ ရုံးဖွင့်ရက်များအတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း
## ဒုတိယအထွေထွေမန်နေဂျာ(ထုတ်လုပ်ရေး)ရုံး၊ မြိတ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီးအတွင်း မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတွင် ၂၀၂၁-၂၀၂၂ (၆)လ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါဝယ်ယူရေးလုပ်ငန်းအား ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရေအောက်လောင်းလိုင်းသုံးပစ္စည်းများဝယ်ယူခြင်း

၂။ (က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၁၄-၁၂-၂၀၂၁ရက်မှစ၍ ရုံးချိန်အတွင်း
(ခ) **အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ ပိတ်မည့်ရက်နှင့်အချိန်** - ၁၃-၁-၂၀၂၂ရက်၊ (၁၆:၃၀)နာရီထိ
(ဂ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် နေရာ** - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ဒုတိယ အထွေထွေမန်နေဂျာ(ထုတ်လုပ်ရေး)ရုံး၊ အမှတ်(၁၀)၊ ကမ်းနားလမ်း၊ မြိတ်မြို့၊ ဖုန်း-၀၅၉-၄၁၀၄၉
(ဃ) **အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်ရက်နှင့် အချိန်** - ၁၄-၁-၂၀၂၂ရက်၊ ၉:၃၀နာရီ
(င) **အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ဒုတိယ အထွေထွေမန်နေဂျာ(ထုတ်လုပ်ရေး)ရုံး၊ အမှတ်(၁၀)၊ ကမ်းနားလမ်း၊ မြိတ်မြို့၊

၃။ တင်ဒါများနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ဒုတိယအထွေထွေမန်နေဂျာ(ထုတ်လုပ်ရေး) ရုံး၊ အမှတ်(၁၀)၊ ကမ်းနားလမ်း၊ မြိတ်မြို့(ဖုန်း-၀၅၉-၄၁၀၄၉)တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆အေ၊ လူနေရပ်ကွက်အမှတ်-၁၆၊ ကုန်းဘောင်လမ်း၊ ကုန်းဘောင်အိမ်ရာစီမံကိန်း၊ မြေကွက်အမှတ် ၁၂၀(အလျား ၇၉/၈၆ပေxအနံ ၈၀/၇၉ပေ)နှင့် မြေကွက်အမှတ် ၁၂၁(အလျား ၇၇/၈၀ပေxအနံ၇၉/၇၅ပေ)တို့အား နှစ်(၆၀)ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်မြဆွေ ၁၂/လသယ(နိုင်)၀၁၉၂၉၄ (ဘ)ဦးဝင်းဆွေက ၎င်းအမည်ပေါက်ဂရန်မြေကွက်နှစ်ကွက်နှင့် ၎င်းမြေကွက်နှစ်ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းစွာဖြင့် ပြန်လည်ရောင်းချလိုကြောင်း စကားကမ်းလှမ်းလာရာ ဦးသန်းထွဋ် ၁၂/ပဇတ(နိုင်)၀၀၁၀၇၁ (ဘ)ဦးလှမိုး(ခ)ဦးမောင်မောင်ကြီးမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူပြီးအမည်ပေါက်ပိုင်ဆိုင်ရန် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေထားပြီး ဖြစ်ပါသည်။ သို့ပါ၍ မြေကွက်အရောင်းအဝယ်နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ငွေအကျေပေးချေမှုနှင့်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၌ မြေငှားစာချုပ်ကို ဒေါ်ခင်မြဆွေမှ ဦးသန်းထွဋ်သို့ ဂရန်အမည်ပေါက်လွှဲပြောင်းခြင်းတို့ကို တည်ဆဲဥပဒေနှင့် ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းထွဋ် ၁၂/ပဇတ(နိုင်)၀၀၁၀၇၁**
**ဖုန်း-၀၉-၅၁၃၁၂၃၄**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ရွာသစ်(၁၃)နယ်မြေ၊ အောင်မြန်မာလမ်း၊ ခြံအမှတ်(၁၃/၁၃၈)၊ မြေကွက်ကြီးအနက်မှ အကျယ်အဝန်းရေိယာ (အလျားxအနံ) (၃၆ပေx၁၃၂ပေ)ရှိ မြေနှင့်အဆောက်အအုံ၊ ယင်းမြေကွက်ပေါ်ရှိ သီးပင်၊ စားပင်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်နီလာဦး ၁၂/ကတတ(နိုင်)၀၂၅၈၀၉ (ဘ)ဦးမောင်မောင်သည် အရပ်ကတိအစဉ်အဆက်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သော ပစ္စည်းဖြစ်ပါသည်။ အထက်ဖော်ပြပါမြေနှင့်အဆောက်အအုံအား ၎င်းတစ်ဦးတည်းသာပိုင်ဆိုင်ကြောင်း၊ အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေအား ရောင်းချရာတွင် ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ စရန်ပေးဝယ်ယူသည့်မြေနှင့်ပတ်သက်၍ ပိုင်ဆိုင်ပါကြောင်း၊ ပတ်သက်ပါကြောင်း အရေးဆိုခွင့်ရှိသူတို့သည် ခိုင်လုံသော အထောက်အထားအပြည့်အစုံ စာရွက်မူရင်းပြသပြီး ကျွန်ုပ်ထံသို့ ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ရက်ပြည့်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါမြေကွက် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၄၀၊ ၃ (ဘီ)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၉၆၄၄၇၁၇၉၂၊ ၀၉-၄၄၅၇၄၉၀၉၇**

## ဒေါ်အေးမြတ်နိုးဟိန်း ၈/မကန(နိုင်)၂၆၆၃၈၃နှင့် အများသိစေရန် ကြေငြာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်မေတ္တာ(စီ)ရပ်ကွက်၊ အမှတ်(၇၇၄၁)၊ (၁၂)လမ်းနေ ဦးကျော်စောဝင်း (ဘ)ဦးသန်းဌေး ၈/မလန(နိုင်)၀၈၀၃၆၈ နှင့် ဒေါ်အေးမြတ်နိုးဟိန်း (ဘ)ဦးကျော်လွင် ၈/မကန(နိုင်)၂၆၆၃၈၃ အောင်မေတ္တာ(စီ)ရပ်ကွက်၊ အမှတ်(၇၇၄၁)၊ (၁၂)လမ်းနေသူတို့သည် ၂၀၁၃ ခုနှစ်တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ထိမ်းမြား လက်ထပ်ပေါင်းသင်းခဲ့ပြီး ကလေးရရှိခြင်း မရှိခဲ့ပါ။ (၁၂-၄-၂၀၁၉) ရက်တွင် မကွေးမြို့နယ် တရားရုံး၌ အကြင်မယားအဖြစ်မှ တရားဝင် ကွာရှင်းပြတ်စဲခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်တော်နှင့် ဒေါ်အေးမြတ်နိုးဟိန်းတို့သည် လင်ခန်းမယားခန်းအပြင် ပစ္စည်းခန်းပါ ခွဲဝေပြတ်စဲပြီးဖြစ်ပါ၍ ဒေါ်အေးမြတ်နိုးဟိန်းနှင့် ပတ်သက်၍ လူမှုရေး အရှုပ်အရှင်း၊ ငွေရေးကြေးရေး အရှုပ်အရှင်းနှင့် အခြားကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း၊ ဒေါ်အေးမြတ်နိုးဟိန်းနှင့် အများသိစေရန် ကြေညာပါသည်။ ကန့်ကွက်လိုသည်များရှိပါက ကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ဆက်သွယ်ကန့်ကွက်နိုင်ကြောင်း ဒေါ်အေးမြတ်နိုးဟိန်းနှင့် အများသိစေရန် ကြေညာပါသည်။

**ဦးကျော်စောဝင်း**
**၈/မလန(နိုင်)၀၈၀၆၈၃**
**အမှတ်(၇၇၄၁)၊ (၁၂)လမ်း၊ အောင်မေတ္တာ(စီ)ရပ်ကွက်၊**
**မကွေးမြို့**
**ဖုန်း-၀၉-၅၃၄၂၂၄၄**

## တရားဝင်ခင်ပွန်းအဖြစ်မှလုံးဝ(လုံးဝ)မသက်ဆိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ ပြည်ချမ်းသာလမ်းနေ မနွယ်နွယ်နီ(N/DGN-MTT015900)(ဘ) ဦးပဲလှော်နှင့် မောင်တင်ရှိန် ၁၂/မရက(နိုင်)၁၂၄၁၂၅တို့သည် (၁၂-၇-၂၀၂၁)ရက်၌ ကွာရှင်းစာချုပ်တွင် နှစ်ဦးသဘောတူကွာရှင်းပြီးဖြစ်ပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ အကြင်လင်မယားအဖြစ်၊ ခင်ပွန်းအဖြစ်လုံးဝမသက်ဆိုင်တော့ပါကြောင်း၊ မည်သည့်အကြောင်းကိစ္စမျှ ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ရန်ပြုခြင်းမပြုရန်၊ ထိုသို့ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကာယကံရှင် မနွယ်နွယ်နီ၏လွှဲပြောင်းတာဝန်ပေးအပ်ချက်အရ-**
**ဒေါ်အေးသန္တာ**
**အထက်တန်းရှေ့နေ(စဉ်-၃၉၂၆၃)**
**ဖုန်း-၀၉-၂၅၈၀၉၄၆၅၄**

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၁-၂၀၂၂ (အောက်တိုဘာလမှ မတ်လအထိ) (၆)လ ဘဏ္ဍာရေးနှစ်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ အပူစွမ်းအင်သုံးစက်ရုံများဌာန လက်အောက်ရှိ သာကေတစက်ရုံနှင့် သီလဝါစက်ရုံတို့တွင် အသုံးပြုရန် ဒီဇယ်ဆီဂါလန် ၁ ဒသမ ၈ သန်းအား (မြန်မာကျပ်ငွေ)ဖြင့် (DDP At Site)ဝယ်ယူရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Tender No.12/<br>EPGE/2021-2022 | သာကေတစက်ရုံအတွက် ဒီဇယ်ဆီ (၅၄၇,၂၀၀) ဂါလန်နှင့်<br>သီလဝါစက်ရုံအတွက် ဒီဇယ်ဆီ ၁,၂၅၂,၈၀၀ ဂါလန်များဝယ်ယူခြင်း။ |

၂။ ဝယ်ယူမည့် ဒီဇယ်ဆီ၏နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ ၁၃:၀၀ နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်း ရမည်။

၃။ **တင်ဒါပိတ်ရက်** ၁၂-၁-၂၀၂၂ ရက်၊ ၁၃:၀၀ နာရီ

၄။ တင်ဒါပုံစံအား ၁၄-၁၂-၂၀၂၁ ရက်မှစတင်၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန ဝက်ဆိုဒ်(www.moee.gov.mm)တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ(ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### သနပ်ပင်မြို့နယ်တရားမရုံး၌
### ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၇

မခိုင်သကြၤန်စိုး **နှင့်** ၁။ ကိုချစ်ကိုဦး
၂။ မဝါခက်

**တရားလို** **တရားပြိုင်များ**

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကောက်ကွက်(၈)၊ ကမာစဲအရှေ့မြောက်ပိုင်းနေ ကိုချစ်ကိုဦး(ဘ)ဦးလင်းနှင့် မဝါခက်(ဘ)ဦးဌေးမြင့်(အတူနေလင်မယား) (ယခုနေရပ်လိပ်စာ မသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ငွေကျပ် ၇၅၀၀၀၀၀/-(ခုနစ်ဆယ့်ငါးသိန်း)ကျပ်တိတိ ပြန်လည်ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် (၁၃၈၃ ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဌေးဌေးဆွေ)**
**မြို့နယ်တရားသူကြီး**
**သနပ်ပင်မြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်5E/3979 Nissan Vanette SK22LN P/U(4x4)R ယာဉ်လက်ဝယ်ရှိသူဦးထွန်းဝင်း ၁၂/ကမတ(နိုင်)၀၅၅၀၁၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဇ၀န၊ မြေကွက်အမှတ်(၂၃၃)၊ မြေကွက်လိပ်စာအမှတ်(၂၉)၊ သီရိဟေမာလမ်း၊ ဇ၀နရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ရှိ အကျယ်အဝန်း (၂၅ပေx၅၀ပေ) ၊ ဧရိယာ ၁၂၅၀စတုရန်းပေရှိ မြေကွက်နှင့်ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်လိပ်စာပါမြေကွက်နှင့်ပတ်သက်၍ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

အထက်ပါလိပ်စာအမှတ်(၂၉)၊ သီရိဟေမာလမ်း၊ ဇ၀နရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ဟုခေါ်တွင်သော မြေကွက်နှင့်ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ကျွန်တော် ဦးတိုးဌေး ၁၂/သဃက(နိုင်)၁၀၄၀၉၁ နှင့်ဒေါ်စန်းရီ ၁၂/သဃက(နိုင်)၁၀၃၇၄၉ အမည်တို့ဖြင့် မှတ်သားတည်ရှိထားသော နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစားဖြစ်ပြီး၊ ယင်းမြေကွက်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ဂရန်အမည်ပေါက် ကျွန်တော် ဦးတိုးဌေးနှင့်ဇနီးဒေါ်စန်းရီ တို့မှ ယနေ့တိုင် တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားသူများဖြစ်ကြပါသည်။

သို့ဖြစ်ရာ ယင်းမြေကွက်နှင့်ပတ်သက်၍ ကျွန်တော် ဦးတိုးဌေးနှင့်ဇနီး ဒေါ်စန်းရီတို့ မသိရှိဘဲ ဂရန်အသစ်ထပ်မံလျှောက်ထားခြင်း၊ ကျွန်တော် ဦးတိုးဌေးနှင့်ဇနီး ဒေါ်စန်းရီတို့ မသိရှိဘဲ ယခင်လျှောက်ထားခဲ့သော ဂရန်များအားလည်းနိုင်ငံတော်မှ တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာပြည်ထောင်စုတရားလွှတ်တော်၊ နေပြည်တော်မှချမှတ်ခဲ့သော အမိန့်များအရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ တရားဝင်ဖျက်သိမ်းပြီးဖြစ်သောကြောင့် ထပ်မံ၍ ယခုအထက်လိပ်စာပါမြေကွက်နှင့်ပတ်သက်၍ ဂရန်အမည်ပေါက် ကျွန်တော် ဦးတိုးဌေးနှင့် ဇနီးဒေါ်စန်းရီတို့၏ အကျိုးစီးပွားနှင့် ပိုင်ဆိုင်မှုထိခိုက်နစ်နာစေသော အပြုအမူမျိုးကိုသော်လည်းကောင်း၊ မြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်များကိုသော်လည်းကောင်း၊ မြေကွက်နှင့်မြေကွက်ဥပစာ ထိခိုက်စေမည့် အပြုအမူများကိုသော်လည်းကောင်း လုံးဝမပြုလုပ်ပါရန်နှင့်ထပ်မံ၍ ယင်းမြေကွက်နှင့်ပတ်သက်ပြီး တစ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်း၊ အာမခံအဖြစ်တင်သွင်းခြင်း၊ ပေးကမ်းခြင်း နှင့်အမည်ပြောင်းလဲ လျှောက်ထားခြင်းများမပြုလုပ်ပါရန်နှင့် ပြုလုပ်လာပါက တည်ဆဲဥပဒေများနှင့်အညီ တရားမကြောင်းအရသော်လည်းကောင်း၊ ရာဇဝတ်ကြောင်းရသော်လည်းကောင်း၊ ကုန်ကျစရိတ်အရပ်ရပ်နှင့် ပြုလုပ်မှုကြောင့် နစ်နာမှုများအား ပြုလုပ်သူအပေါ်၌ထားရှိလျက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အထက်ရည်ညွှန်းလိပ်စာပါ မြေကွက်နှင့်ယင်းမြေပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ယခုအမှန်တကယ်လက်ဝယ်ပိုင်ဆိုင်သူများဖြစ်ကြသည့် ကျွန်တော် ဦးတိုးဌေးနှင့် ဇနီး ဒေါ်စန်းရီတို့မှ အထက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတိုးဌေး ၊ ဒေါ်စန်းရီ**
**အမှတ်(၂၉)၊ သီရိဟေမာလမ်း၊ ဇ၀နရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## ရုံးအကူ/စာပို့ရာထူး(၁၀၀)နေရာများအတွက် ရေးဖြေစာမေးပွဲကျင်းပမည့်နေ့ရက် ထုတ်ပြန်ခြင်း
### ၁၃၈၄ ခုနှစ် နတ်တော်လဆန်း ၁၁ ရက် (၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် ရုံးအကူ/စာပို့ လစာနှုန်းကျပ်(၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) ရာထူး (၁၀၀)နေရာအတွက် လျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ၁-၁၁-၂၀၂၂ ရက်ထုတ် မြန်မာ့အလင်း၊ ကြေးမုံနှင့် မြဝတီသတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပြီးဖြစ်ပါ သည်။

၂။ ရုံးအကူ/စာပို့(၁၀၀)နေရာအတွက် လျှောက်ထားသူများသည် အရည်အချင်းစစ်ရေးဖြေစာမေးပွဲအား အောက်ဖော်ပြပါစာစစ်ဌာနများတွင် ဖြေဆိုရမည်ဖြစ်ပါသည်-

(က) နေပြည်တော် စာစစ်ဌာန - ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံး၊ နေပြည်တော်တွင် လျှောက်ထားသူများ

(ခ) မန္တလေးမြို့ စာစစ်ဌာန - မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၊ မန္တလေးမြို့တွင် လျှောက်ထားသူများ

(ဂ) ရန်ကုန်မြို့ စာစစ်ဌာန - ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၊ ရန်ကုန်မြို့တွင် လျှောက်ထားသူများ

၃။ ရုံးအကူ/စာပို့ရာထူး(၁၀၀)နေရာအတွက် အရည်အချင်းစစ်ရေးဖြေ စာမေးပွဲအား စာစစ်ဌာနအလိုက် သတ်မှတ်ထားသောနေရာများတွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

(က) **ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည့်နေ့ရက်** - ၁၉-၁၂-၂၀၂၂ ရက် (တနင်္ဂနွေနေ့)

(ခ) **ဖြေဆိုရမည့် ဘာသာရပ်နှင့်အချိန်** - အထွေထွေဗဟုသုတ ဘာသာရပ် (နံနက် ၁၀:၀၀ မှ ၁၁:၀၀ နာရီထိ)

၄။ အရည်အချင်းစစ်ရေးဖြေစာမေးပွဲဖြေဆိုခွင့်ကတ်ပြားများအား လျှောက်ထားသူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မူရင်းတို့ဖြင့် ၁၇-၁၂-၂၀၂၂ ရက်(သောကြာနေ့)နှင့် ၁၈-၁၂-၂၀၂၂ ရက်(စနေနေ့)များတွင် ၉:၃၀ နာရီမှ ၁၆:၃၀ နာရီအတွင်း ဖြေဆိုမည့်စာစစ်ဌာနအလိုက် အောက်ဖော်ပြပါနေရာများတွင် လာရောက်ထုတ်ယူရမည်ဖြစ်ပါသည်-

(က) နေပြည်တော် စာစစ်ဌာန - ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံး၊ အမှတ်(ပခ-၂၇)၊ ညောင်ပင်ကြီးစုကွက်သစ်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

(ခ) မန္တလေးမြို့ စာစစ်ဌာန - မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ရုံး၊ ၆၅ လမ်း၊ (၂၂x၂၃)လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊

(ဂ) ရန်ကုန်မြို့ စာစစ်ဌာန - ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲ၊ အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

၅။ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ တယ်လီဖုန်းအမှတ်-၀၆၇-၃၄၃၀၀၂၁၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံး၊ တယ်လီဖုန်းအမှတ်-၀၆၇-၅၅၀၂၉၀၊ မန္တလေးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး၊ တယ်လီဖုန်းအမှတ်-၀၂-၄၀၃၅၉၁၆ နှင့် ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၊ တယ်လီဖုန်းအမှတ်-၀၁-၈၂၅၂၅၄၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၄၁၀)၊ ဧရိယာ ၀ ဒသမ ၀၈၈ ဧကရှိ ဦးအောင်ကျော်စိုး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၆၉/၂၀၁၆)ဖြင့် ကိုယ်စားလှယ်ရရှိထားသူ ဦးဇော်ဇော်လှိုင် (ဘ) ဦးသန်းထွန်း ၁၂/အလန(နိုင်) ၀၃၅၄၃၁မှ ဒေါ်ချောစုလှိုင် (ဘ) ဦးဘိုတင် ၉/နထက(နိုင်)၁၂၇၄၂၁နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## မိုးမိတ်ခရိုင်တရားရုံးတော်၌
## ၂၀၂၂ခုနှစ် တရားမအထွေထွေမှုအမှတ်-၁

**ကွယ်လွန်သူ ဦးစိုးမြင့်(ခ)ဦးဆန်ကွယ်**
**ကျန်ရစ်သောပစ္စည်းနှင့်စပ်လျဉ်းသည့်အမှု**

ဒေါ်မြရီ **လျှောက်ထားသူ**

မိုးမိတ်မြို့နယ်၊ လယ်ကြီးကျေးရွာအုပ်စု၊ အထက်မန်ကျည်းပင်ကျေးရွာ တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးစိုးမြင့်(ခ)ဦးဆန်ကွယ်၏ ကျန်ရစ်သော ပစ္စည်းများ အပေါ်၌ အမွေထိန်းစာထုတ်ပေးမည့်အကြောင်းနှင့် ဒေါ်မြရီက အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၁၈အရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ခုနှစ် ဒီဇင်ဘာ ၁၇ရက် (၁၃၈၄ခုနှစ် နတ်တော်လဆန်း ၁၄ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးစိုးမြင့် (ခ) ဦးဆန်ကွယ်၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၂ခုနှစ် ဒီဇင်ဘာ ၁၇ရက် (၁၃၈၄ခုနှစ် နတ်တော်လဆန်း ၁၄ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းစာ မထုတ်ပေးမီ မှတ်တမ်းများကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၁၈နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်မြရီ၏ လျှောက်လွှာအပေါ်၌ ဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ခုနှစ် နိုဝင်ဘာ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးနိုင်)**
**ခရိုင်တရားသူကြီး**
**မိုးမိတ်ခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
## သတင်းကြေညာချက်
### ၁၃၈၄ခုနှစ် နတ်တော်လဆန်း ၁၁ရက်
### ၂၀၂၂ခုနှစ် ဒီဇင်ဘာလ ၁၄ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၂၂ခုနှစ်၊ ပုလဲအတွဲများနှင့်ကျောက်စိမ်းအတွဲများပြပွဲ(Mini Gems Emporium)ကို ဒီဇင်ဘာလ ၁၇ရက်မှ ၂၂ရက်အထိ နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရတနာပြပွဲတွင် မြန်မာနိုင်ငံအတွင်းမှ ထွက်ရှိသော ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများကို တင်ပြရောင်းချသွားမည်ဖြစ်ပါသည်။

၂။ ရတနာပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာ အချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့် အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ၂၀၂၂ခုနှစ်၊ ပုလဲအတွဲများနှင့်ကျောက်စိမ်းအတွဲများပြပွဲ (Mini Gems Emporium)တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

### ၂၀-၉-၂၀၂၂ရက်စွဲပါ ကြေးမုံသတင်းစာနှင့်မြန်မာ့အလင်းသတင်းစာများ၏ စာမျက်နှာ ၂၈တို့တွင်ပါရှိသော တရားလွှတ်တော်ရှေ့နေ ဦးဝင်းထိန်(B.Sc,R.L)(စဉ်-၄၀၅၁/၈၇)နှင့် ဒေါ်ခင်စန်းဝင်း ၁၂/ဥကတ(နိုင်)၀၁၁၀၇၀ တို့မှ "သွှာနုတ္တသားဖြစ်ကြောင်း အများသိစေရန် ကြော်ငြာခြင်း" ပါကိစ္စများနှင့်ပတ်သက်၍ အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၁တိုးချဲ့ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ ၊ တိုက်အမှတ်(၁၄)၊ အခန်းအမှတ် D-1 နေ ဦးကျော်မိုးချစ် ၁၂/ဥကတ(နိုင်)၀၀၀၃၂၃ (ဘ) ဦးသိန်းရွှေ၏ လွှဲအပ်ညွှန်ကြားချက်အရ ကျွန်ုပ်မိတ်ဆွေ၏မိခင် ဒေါ်ခင်စန်းဝင်းမှ ၂၀-၉-၂၀၂၂ရက် ကြေးမုံသတင်းစာနှင့်မြန်မာ့အလင်းသတင်းစာတို့တွင် ကျွန်ုပ်မိတ်ဆွေ ဦးကျော်မိုးချစ်သည် မိဘနှစ်ပါးနှင့် အစ်မညီမတို့အပေါ် "သွှာနုတ္တသား"အဖြစ် ပြုကျင့်နေခြင်းကြောင့် သွှာနုတ္တသားအဖြစ် အများသိစေရန်ကြေညာအပ်ပါသည်ဟု ထည့်သွင်းကြေညာခဲ့ခြင်းအပေါ် အောက်ပါအတိုင်း အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်မိုးချစ်သည် သွှာနုတ္တ(သို့) ခွေးနှင့်တူသော သားသမီးမြောက်စေသည့် ပြုလုပ်မှုများပြုလုပ်ခဲ့ခြင်းလုံးဝမရှိပါသဖြင့် ၂၀-၉-၂၀၂၂ ရက်စွဲပါကြေးမုံသတင်းစာနှင့် မြန်မာ့အလင်း သတင်းစာပါကြေညာချက်(၂)စောင်မှာ လူကြီးမင်းဒေါ်ခင်စန်းဝင်းတစ်ဦးတည်း၏ ဆန္ဒဖြင့် ကြေညာခြင်းဖြစ်၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် ညီညွတ်ခြင်းမရှိ တရားဝင်ခြင်းမရှိပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်မိုးချစ်သည် သွှာနုတ္တသားအဖြစ် ရောက်ရှိခြင်းမရှိဘဲ ဖခင် ဦးသိန်းရွှေနှင့် မိခင် ဒေါ်ခင်စန်းဝင်းတို့၏ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံထိုက်သူ သားတစ်ဦးသာဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ဦးကျော်မိုးချစ်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဂရေစီအေးမြင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၈၇/၁၇)**
**အမှတ်(၃၆၇)၊ သုတ(၈)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သာဓုကန်စက်မှုဇုန်လမ်း၊ အမှတ်(၇၆)နေ Mr.Yu Jian Chen(YGN-06385)KHAING KHAING GROUP LTD.၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ Mr.Yu Jian Chen နှင့် Pang Zhi Wei (Passport No: KJ 0410411)တို့သည် ၁၆-၃-၂၀၁၈ ရက်တွင် Mr.Yu Jian Chen ပိုင်မြေကွက်ပေါ်၌ အိမ်ရာအဆောက်အအုံ ဆောက်ရန်သဘောတူပြီးရရှိသည့် အကျိုးအမြတ်များအပေါ် နှစ်ဦးပူးတွဲပိုင်အကောင့်တစ်ခုဖွင့်၍စီမံရန်သဘောတူခဲ့သော်လည်း Pang Zhi Wei သည် အခန်းများရောင်းချ၍ ဝယ်သူများမှပေးသွင်းသည့်ငွေများအား အခြားသူတစ်ဦး၏အကောင့်သို့လွှဲစေခဲ့ပြီး နှစ်ဦးပူးတွဲပိုင်အကောင့်ဖွင့်ပြီးမှ ငွေများအား ပြန်လည်လွှဲယူမည်ဖြစ်ကြောင်း Mr.Yu Jian Chen အား ပြောဆိုကာ အဆောက်အအုံပြီးစီးသည်အထိ ဆောက်လုပ်ခြင်းမရှိဘဲ ရောင်းရငွေများအားယူဆောင်၍ ထွက်ပြေးသွားခဲ့သည်မှာ ယနေ့ချိန်ထိဖြစ်ပါသည်။ Mr.Yu Jian Chen မှ ရောင်းရငွေများအား ကိုင်တွယ်စီမံခွင့်မရရှိခဲ့သည့်အပြင် မည်သည့်နေ့ရက်၌ မည်သူထံသို့မည်သည့် အခန်းအား မည်သည့်တန်ဖိုးဖြင့် ရောင်းချခဲ့သည်ကိုပင် မသိရှိခဲ့ပါ။ သို့ပါ၍ Pang Zhi Wei ထံသို့ ငွေများပေးချေ၍ အခန်းဝယ်ယူခဲ့သူများအနေဖြင့် မိမိတို့ဝယ်ယူထားသည့် အခန်းများအား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်နိုင်ရေးနှင့် ကောင်းမွန်စွာအသုံးပြုနေထိုင်နိုင်ရေးအတွက် ဤကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း စာချုပ်စာတမ်းမူရင်းများနှင့်တကွ Mr.Yu Jian Chen ထံသို့ ဆက်သွယ်ပေးပါရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ညွှန်ကြားသူ-** | **ညွှန်ကြားချက်အရ-** |
| **Mr.Yu Jian Chen** | **ဒေါ်ခင်သန္တာဝင်း(LL.B,D.M.L)** |
| **KHAING KHAING GROUP LTD.** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၆၄)** |
| **ဖုန်း-၀၉-၄၂၆၃၃၃၃၃၃** | **အမှတ်(၉၈/က)၊ ဇီဇဝါ(၁)လမ်း၊ ၅/၄ ရပ်ကွက် ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး** |

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၃၀ယ/၈၆၈၆၇ ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်ဦး ၁၀/မလမ(နိုင်) ၀၁၄၇၇၃က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ် တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၈)ရပ်ကွက်၊ (၄၄)လမ်းတို၊ အခန်း(၅)၊ အမှတ်(၇၃)နေ ဦးဝင်းဆွေ(ဘ) ဦးစိန်မောင် ၁၂/ဥကတ(နိုင်)၀၃၅၁၆၂ မှ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ မြစံပယ်လမ်း၊ အမှတ်(၁၄၇၉)နေ ဦးဇော်မင်းလွင်(ဘ)ဦးစူနာခစန္ဒာရာရာဂျူး ၇/ပခန(နိုင်)၂၂၅၉၁၇ သို့ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၂၈-၅-၂၀၁၈ ရက်၌ လွှဲအပ်ခဲ့သည့် အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၅၅၅၄/၂၀၁၈)အား ဤကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်အမှတ်(ပ-၃၃၀၆၂)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဒေါ်ခင်စောအေး ၉/တကန(နိုင်)၀၀၈၄၁၀ (ဘ) ဦးကျော်မှ မြေချပါမစ်(စလစ်)မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက် မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှ ရက် ၃၀ အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၄၀၃၃)၊ မြေဧရိယာ ၀ ဒသမ ၀၈၂ဧကရှိ ဒေါ်နှင်း(ဘ) ဦးဖိုးနောင် အမည်ပေါက်မြေကွက်အား အမည်ပေါက်သူ ဒေါ်နှင်းနှင့် ခင်ပွန်းဖြစ်သူ ဦးထွန်းရင်တို့ သေဆုံးခဲ့ကြောင်း၊ ၎င်းတို့တွင် ဒေါ်မာတင်နှင့် ဦးတင်စိုးတို့ သားသမီး (၂)ဦးမွေးဖွားသည့်အနက် ဒေါ်မာတင်သေဆုံးခဲ့ကြောင်း၊ ဒေါ်မာတင်၏ ခင်ပွန်း ဦးကျော်မြင့်မှာ သက်ရှိထင်ရှားရှိကြောင်း၊ ဦးကျော်မြင့်အနေဖြင့် ဒေါ်နှင်းအမည်ပေါက် မြေပေးမိန့်ကို ဦးတင်စိုးမှ လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်မရှိ စွန့်လွှတ်ကြောင်း ကတိစာချုပ်၊ ဦးတင်စိုးတစ်ဦးတည်းသာ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာမူရင်း၊ မြေပေးစလစ်မူရင်း၊ သေဆုံးမှု လက်မှတ်မူရင်းနှင့် ရပ်ကွက်ထောက်ခံချက်မူရင်းများတင်ပြ၍ မြေပေးမိန့် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤ ကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ ညောင်ပင်ကြီးစုကွက်သစ်ရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဒေါ်ကျော့ကျော့ခိုင် ၁၁/စတန (နိုင်)၀၇၂၂၇၀ (ဘ)ဦးအောင်ဒိုး အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၅၄၅)ကို ပျဉ်းမနားမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၂၄၁/၂၀၂၁(၂၅-၁၁-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်နန်းမြင့်ဝေ ၁၃/နခန(နိုင်) ၀၄၀၅၈၂ (ဘ)ဦးမိုးမှ ဒေါ်သူဇာစိုး ၈/ခမန(နိုင်)၀၀၅၅၈၀နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၃-၂)၊ ဦးပိုင်အမှတ်(၉၃)၊ မြေဧရိယာ ၀ ဒသမ ၂၂၉ဧကရှိ မြေကွက်ကို မူလက ဦးအိုက်ဖုအမည်ဖြင့် ၃၀-၆-၂၀၂၂ ရက်ထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး ၈-၇-၁၉၉၃ရက်တွင် ဦးအိုက်ဖုထံမှ ဒေါ်သန်းတင်ကလည်းကောင်း၊ ၂၉-၁၀-၁၉၉၅ရက်တွင် ဒေါ်သန်းတင်၏သမက် ဦးမင်းမင်းနှင့် ဒေါ်စန္ဒာမိုးတို့(၂)ဦးထံမှ ဦးရဲအောင်ကလည်းကောင်း နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိမြေပြင်မြေဧရိယာအမှန်ဖြစ်သည့် ၀ ဒသမ ၂၀၈ ဧကအတွက် ဦးရဲအောင် ၁/မကန(နိုင်)၀၇၁၂၉၁ အမည်ဖြင့် မြေငှားဂရန်အမည် ပြောင်းရရှိရေးအတွက် ၁၉-၈-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၉၈၀/၂၀၂၀)ကို ၂၈-၈-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၅၁၅/၂၀၂၀) အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ဦးပိုင်ခွဲ၊ အမည်ပြောင်းထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**မြစ်ကြီးနားမြို့**

## အများသိစေရန် ကြေညာခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဦးအောင်စိန်လှ(ကွယ်လွန်)နှင့် ဒေါ်မသာဖြူ (ကွယ်လွန်)တို့၏ သမီးများဖြစ်ကြသော ဒေါ်နွဲ့နွဲ့ဦး ၁၁/စတန(နိုင်)၀၁၉၁၅၀၊ ဒေါ်နွဲ့နွဲ့စိုး ၁၁/စတန(နိုင်)၀၁၉၂၈၀၊ ဒေါ်မြမြမိုးဖြူ ၁၁/စတန(နိုင်)၀၀၂၅၀၄နှင့် ဒေါ်ဝင်းလှဖြူ၁၁/စတန(နိုင်)၀၀၂၅၀၃တို့၏ လွှဲအပ်ချက်အရ ကြေညာအပ်ပါသည်။

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ရူပတောင်ရပ်ကွက်၊ လမ်းမကြီး၊ မြေစာရင်းနံပါတ်(၃)၊ အကွက်နံပါတ်(၃၅)၊ ဦးပိုင်နံပါတ်(၂၃၄)၊ အဆောက်အအုံနံပါတ်(လမ-၃)၊ ဧရိယာ (အလျားပေ၅၀x အနံ ၂၅ပေ)(ဘိုးဘပိုင်မြေ)(ဦးမောင်သာထွန်း အမည်ပေါက်) အိမ်နှင့်ခြံမြေမှာ ဦးအောင်စိန်လှနှင့် ဒေါ်မသာဖြူတို့၏သားသမီးများဖြစ်ကြသော ဒေါ်နွဲ့နွဲ့ဦး၊ ဦးဇော်ဝင်း၊ ဒေါ်နွဲ့နွဲ့စိုး၊ ဒေါ်မြမြမိုးဖြူနှင့် ဒေါ်ဝင်းလှဖြူတို့၏မခွဲဝေရသေးသည့် အမွေပုံဖြစ်ပါသည်။ ဒေါ်နွဲ့နွဲ့ဦး၊ ဒေါ်နွဲ့နွဲ့စိုး၊ ဒေါ်မြမြမိုးဖြူနှင့် ဒေါ်ဝင်းလှဖြူတို့၏ သဘောတူညီမှုမရှိဘဲ ၎င်းတို့၏အမွေပုံဖြစ်သော အိမ်နှင့်ခြံမြေကို ၎င်းတို့၏မောင်ဖြစ်သူ ဦးဇော်ဝင်း တစ်ဦးတည်းက ရောင်းချပိုင်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

| | |
|---|---|
| **လွှဲအပ်သူများ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်နွဲ့နွဲ့ဦး၊ ဒေါ်နွဲ့နွဲ့စိုး၊** | **ဦးဆန်းလှိုင်(LL.B)** |
| **ဒေါ်မြမြမိုးဖြူ ဒေါ်ဝင်းလှဖြူ** | **အထက်တန်းရှေ့နေ(စဉ်-၄၃၂၈၈/၂၀၁၃)** |
| | **မင်းဂံရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း-၀၉-၄၅၈၃၄၄၄၇၄** |

## အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်တော် ဦးသိန်းသန်းစိုး (ဘ) ဦးထွန်းလှိုင် ၁၂/မရက(နိုင်)၀၃၁၃၇၀မှ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ နဝဒေးရပ်ကွက်၊ မြေကွက်အမှတ် ပစ(B)၁၈၇၅၊ (၈၀x၆၀)ပေနှင့် ပတ်သက်၍ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ်(၅၀၄/၂၀၁၈)၊ ၂-၅-၂၀၁၈ရက်စွဲဖြင့် ဦးဂိုးမွှင်းမုန်(ဘ)ဦးလျှန်းခန့်ထန် ၁၂/မဘန (နိုင်)၀၂၄၀၅၂သို့ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာကို ၁၃-၁၂-၂၀၂၂ရက်မှစ၍ အပြီးအပိုင်ရုပ်သိမ်းကြောင်း အသိပေးကြေညာလိုက်ပါသည်။

**ဦးဂိုးမွှင်းမုန်**
**၁၂/မဘန(နိုင်)၀၂၄၀၅၂**

## အမည်ပြောင်း

မော်လမြိုင်မြို့၊ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၊ Grade-1 မှ (ဘ)ဦးလွင်နိုင်ဦး၏သားမောင်အိမ်ခန့်စည်အား မောင်အောင်ကောင်းဆက်ဦးဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မောင်အောင်ကောင်းဆက်ဦး**

## တစ်ဦးတည်းဖြစ်ကြောင်း

အရာတော်မြို့နယ်၊ ထ-ရွာသစ်မှ ထက်အုပ် တာဝန်ထမ်းဆောင်နေသူ ဦးသန်းတင်၏သမီး ဒေါ်စန်းစန်းဦး (ခ) ဒေါ်စမ်းစမ်းဦး ၅/မရန(နိုင်)၀၅၂၉၉၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မုံရွာမြို့၊ မုံရွာပညာရေး ကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်း Grade-9 မှ မောင်စွမ်းရည်ထက်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ရီ ၅/ ခဥန(နိုင်)၀၀၀၄၁၇ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

ကျိုက်မရောမြို့နယ်၊ အမက(လွန်)တောင်ကလေး(အရှေ့စု)၊ Grade-6 မှ မဇင်မာအောင်၏ ဖခင် ဦးအောင်ဇော်ဦးနှင့် ဦးသန်းမြင့်ဦး ၁၀/မလမ(နိုင်) ၂၅၈၉၃၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်ဇော်ဦး(ခ)ဦးသန်းမြင့်ဦး**

## တစ်ဦးတည်းဖြစ်ကြောင်း

ကျိုက်မရောမြို့နယ်၊ အမက(လွန်)တောင်ကလေး(အရှေ့စု)၊ Grade-6 မှ မောင်လင်းထက်ပိုင်၏ ဖခင်ဦးကြည်တိုးနှင့် ဦးအောင်ကြည်တိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကြည်တိုး(ခ)ဦးအောင်ကြည်တိုး**

## မွေးသက္ကရာဇ်မှန်

မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်(၂)၊ အိမ်အမှတ်(၂/၄)နေ ဦးတင်ဖေ၏ သမီး ဒေါ်သီသီမိုး ၁/မကန(နိုင်) ၀၀၅၀၇၁ ၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၆-၁၉၇၃ ဖြစ်ပါသည်။

## မွေးသက္ကရာဇ်မှန်

မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်(၂)၊ အိမ်အမှတ်(၂/၄)နေ ဦးတင်ဖေ၏ သမီး ဒေါ်နီနီတိုး ၁/မကန(နိုင်) ၁၂၀၀၃၂ ၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၅-၁၉၈၄ ဖြစ်ပါသည်။

## မိဘအမည်မှန်

ဝိုင်းမော်မြို့နယ်၊ ဝူယန်ကျေးရွာအုပ်စု၊ အထက(ခွဲ)အူယန် ၊ Grade-4မှ မဂျာဆိုင်းမိုင်၏ မိဘအမည်မှန်မှာ ဦးထွန်းလင်းအောင် ၁/ဝမန(နိုင်) ၀၈၈၈၇၃ နှင့် ဒေါ်အင်ချိုခေါ်န်ဘူ ၁/မကန(နိုင်)၁၂၇၇၅ဖြစ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်8G/7458 SHWE MIN THAR TRUCK 1-TON, P/U(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မင်းသူ ၃/ဘအန(နိုင်)၂၃၃၈၂၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(ဘားအံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5K/6578 Toyota wish ZNE10 ,S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းခိုင်ညီဦး ၁၃/လရန(နိုင်) ၀၉၅၀၆၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4L/7167 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## (၃)နှစ်ပြည့် ကောင်းမှုကုသိုလ်အစုစုတို့အား အမျှပေးဝေခြင်း

ကြည်း ၆ဝ၄၄ ဗိုလ်မှူးကြီး ဇေယျကျော်ထင်သန်းတင်(ငြိမ်း) ဆက်သွယ်ရေးညွှန်ကြားရေးမှူး(ငြိမ်း) ကွယ်လွန်သည်မှာ ၁၄-၁၂-၂၀၂၂ ရက်တွင် (၃)နှစ်ပြည့်ပြီးဖြစ်ပါ၍ ကွယ်လွန်သူ၏ မိဘများဖြစ်ကြသော ရဲမင်းကြီး ဦးဘိုးကြွယ်နှင့် ဒေါ်သိန်းဖဲ၊ ဗိုလ်မှူးကြီးသန်းတင်(ငြိမ်း)၏ ကွယ်လွန်သွားပြီးဖြစ်ကြသော အစ်ကို၊ အစ်မများဖြစ်ကြသည့် ဦးလွန်းဖေ-ဒေါ်ခင်ကြည်၊ဦးဝင်းဖေ-ဒေါ်ညွန့်ညွန့်ဝေနှင့် ညီ၊ ညီမများဖြစ်ကြသော ဒေါ်စန်းရှင်(ကုန်သွယ်ရေး)၊ ပါမောက္ခဦးစိန်လွင် (ရန်ကုန်တက္ကသိုလ်)-ပါမောက္ခ ဒေါ်လေးကြည်၊ ဒေါက်တာ အောင်ဘို-ပါမောက္ခ ဒေါ်ခင်သန်းကြွယ် (စီးပွားရေးတက္ကသိုလ်)၊ ဦးမောင်မောင်(အကောက်ခွန်)၊ ဒေါ်ခင်စန်းမြင့် (ကျောင်းအုပ်ဆရာမကြီး)တို့အားလုံးကို ကျန်ရစ်သူမိသားစု ရည်စူး၍ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ပြုလုပ်ပေးခဲ့သော ကုသိုလ်ကောင်းမှု အစုစုတို့ကို ကြားသိနိုင်၍ သာဓုခေါ်ဆိုနိုင်ကြရန် အမျှ-အမျှ-အမျှ ပေးဝေပါ၏။ ကွယ်လွန်သူ ဗိုလ်မှူးကြီး သန်းတင်(ငြိမ်း)နှင့် မိဘ ညီအစ်ကို မောင်နှမများ အမျှယူတော်မူကြပါကုန်လော့။

သာဓု-သာဓု-သာဓု

ဒေါ်ခင်လှမြင့်နှင့်သမီး၊ မြေးမြစ်များ

---

### အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်မိမိကြီး [ကထိက(ငြိမ်း) စီးပွားရေးတက္ကသိုလ်]**
ပညာရေးစီမံကိန်းမှူး(ငြိမ်း)၊
မြန်မာနိုင်ငံပညာရေးသုတေသနဌာန
အသက် (၈၈) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကမ္ဘာ့ဇလမ်း၊ အမှတ်(၁၅/စီ)နေ ဦးရဲမြတ်စိုး(A Bank)-ဒေါ်ဥမ္မာအောင်တို့၏ ချစ်လှစွာသော မိခင်ကြီးသည် ၁၂-၁၂-၂၀၂၂ ရက်နေ့(တနင်္ဂနွေနေ့) နံနက် ၁ နာရီ ၃၀ မိနစ်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။ မိခင်ကြီး ကောင်းရာသုဂတိလားပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ
Ayeyar Hinthar Holdings Co., Ltd.
Ayeyar Hinthar Trading Co., Ltd.

---

### အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်မိမိကြီး [ကထိက(ငြိမ်း) စီးပွားရေးတက္ကသိုလ်]**
ပညာရေးစီမံကိန်းမှူး(ငြိမ်း)၊
မြန်မာနိုင်ငံပညာရေးသုတေသနဌာန
အသက် (၈၈) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကမ္ဘာ့ဇလမ်း၊ အမှတ်(၁၅/စီ)နေ ဦးရဲမြတ်စိုး(A Bank)-ဒေါ်ဥမ္မာအောင်တို့၏ ချစ်လှစွာသော မိခင်ကြီးသည် ၁၂-၁၂-၂၀၂၂ ရက်နေ့(တနင်္ဂနွေနေ့) နံနက် ၁ နာရီ ၃၀ မိနစ်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။ မိခင်ကြီး ကောင်းရာသုဂတိလားပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ
Ayeyarwaddy Development Public Co., Ltd.

---

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၁၇)ရပ်ကွက်၊ မီးရထားဝင်းနေ (ဦးကျော်မင်းထွေး)- ဒေါ်နေခြည်ပပလင်း တို့၏သားကြီး မောင်ရဲနန္ဒကျော် ၇/တငန(နိုင်)၂၄၂၆၈၂ သည် မိဘကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သား အဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် လုံးဝ(လုံးဝ) မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်နေခြည်ပပလင်း
၇/ညလပ(နိုင်)ဝ၉၆၅၆ဝ

---

### အထူးဝမ်းနည်းကြေကွဲကြောင်း
**ဒေါ်ညွန့်ညွန့်ခင်**
အသက်(၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ၄၅လမ်းနေ ဦးစိန်လှိုင် (တရားလွှတ်တော်ရှေ့နေ)-ဒေါ်ကေသီအေးတို့၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်ညွန့်ညွန့်ခင်သည် ၁၂-၁၂-၂၀၂၂ရက် မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။

အမှတ်(၄၆)၊ ဘားလမ်း၊ ရှေ့နေမိသားစုများ
ကျောက်တံတားမြို့နယ်

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၇၉၅၅၅, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စံပယ်သိမ်း၉/ပမန(နိုင်)၁၉ဝ၇၅၄ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(နေပြည်တော်ရုံး)

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ ရေတွင်း၊ ရေကန် အလှူ့ဒါယကာကြီး
### ဦးသိန်းအောင်
(လက်ထောက် အထွေထွေမန်နေဂျာ- အငြိမ်းစား၊
မြန်မာ့စီးပွားရေးဘဏ်)
မြဝတီဘဏ်၊ KBZ ဘဏ် (အထွေထွေမန်နေဂျာဟောင်း)
အသက် (၈၇) နှစ်
ရန်ကုန်မြို့

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကုလားတဲရွာနေ (ဦးဘိုးအောင်-ဒေါ်အိမ်ဆိုင်) တို့၏သား၊ (ဒေါ်တင်မြ)၊ (ဒေါ်ဝဲ)၊ (ဦးညွန့်လှိုင်)၊ (ဒေါ်ရွှေ)၊ (ဒေါ်ခင်စိန်) တို့၏မောင်၊ (ဦးသိန်းဦး)၊ (ဦးကျော်အောင်)၊ ဒေါ်ကြင်ယုံ (ဦးသာဝင်း)၊ ဒေါ်မြဝင်းတို့၏ အစ်ကို၊ မန္တလေးမြို့နေ (ဦးသာလှိုင်-ဒေါ်သန်းစိန့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဝင်းသော်တာလမ်း၊ အမှတ် (၇)၊ လှည်းတန်း ကမာရွတ်နေ ဒေါ်မြမြသန်း၏ခင်ပွန်း၊ ဒေါ်မိုးသူဇာအောင် (ညွှန်ကြားရေးမှူး-ရုပ်မြင်၊ MRTV)၊ ဦးရန်နိုင်အောင်-ဒေါ်အေးအေးလှိုင်(ဌာနခွဲမှူး-ငြိမ်း၊ YCDC)၊ ဦးအောင်ဇေယျ (Shelter Associate, UNHCR-စစ်တွေ)-ဒေါ်ရီရီဝင်း၊ ဦးအောင်အောင်ချို(General Manager, A Bank)-ဒေါ်ထက်သုသုအောင် တို့၏ဖခင်၊ မောင်ကောင်းစည်သူ၊ မောင်ကောင်းခန့်ဇော် တို့၏ အဘိုးသည် ၁၂-၁၂-၂၀၂၂ရက် ည ၉:၀၅နာရီတွင် တပ်ကုန်းမြို့၊ MRTV ဝန်ထမ်းအိမ်ရာ၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၆-၁၂-၂၀၂၂ရက်တွင် တပ်ကုန်းမြို့၊ တရော်ပင်အင်း သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်၍ အရိုးအိုးအား ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါက်တာသန္တာလွင်**
ဒုတိယညွှန်ကြားရေးမှူးချုပ်(ရောဂါနှိမ်နင်းရေး)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန
အသက်(၅၈)နှစ်

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာသန္တာလွင် အသက်(၅၈)နှစ်သည် ၁၁-၁၂-၂၀၂၂ရက် မွန်းလွဲ ၁၂:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့်ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

---

### ဝမ်းနည်းကြေကွဲခြင်း
**ဒေါက်တာ သန္တာလွင်**
ဒုတိယညွှန်ကြားရေးမှူးချုပ်(ရောဂါနှိမ်နင်းရေး)
အသက်(၅၈)နှစ်

နေပြည်တော်၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာသန္တာလွင် ဒုတိယညွှန်ကြားရေးမှူးချုပ်(ရောဂါနှိမ်နင်းရေး) အသက်(၅၈) နှစ်သည် ၁၁-၁၂-၂၀၂၂ရက် မွန်းလွဲ ၁၂:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။
ကောင်းရာသုဂတိရောက်ရှိပါစေ။

မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှ
တပည့်ဝန်ထမ်းများ

---

### ဝမ်းနည်းကြေကွဲခြင်း
**ဦးသိန်းအောင်**
(လ/ထအထွေထွေမန်နေဂျာ-ငြိမ်း၊
မြန်မာ့စီးပွားရေးဘဏ်နှင့် အထွေထွေမန်နေဂျာ၊
ကမ္ဘောဇဘဏ်လီမိတက်)
အသက်(၈၇)နှစ်

ဦးအောင်အောင်ချို၊ အထွေထွေမန်နေဂျာ ၊ A bank ၏ ချစ်လှစွာသော ဖခင် ဦးသိန်းအောင်(လ/ထ အထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့စီးပွားရေးဘဏ်နှင့် အထွေထွေမန်နေဂျာ၊ ကမ္ဘောဇဘဏ်လီမိတက်) သည် ၁၂-၁၂-၂၀၂၂ရက် (တနင်္ဂနွေနေ့) ည ၉:၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌ၊ BOD နှင့်ဝန်ထမ်းမိသားစုများ
A bank

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဒုတိယဗိုလ်မှူးကြီး အောင်ဝင်း(ငြိမ်း)
အသက်(၅၉)နှစ်

မွန်ပြည်နယ်၊ မုဒုံမြို့နေ (ဦးဘချော-ဒေါ်မကြည်)တို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နေ (ဦးရွှေ-ဒေါ်စန်းကြည်)တို့ ၏သားသမက်၊ (ဒေါ်မြင့်မြင့်အေး)၏ခင်ပွန်း၊ ကိုကျော်ကျော်ဦး-မအိမ်ချမ်းမြေ့၊ မဆုမြတ်အောင်၊ မောင်သက်တင်ဇော်၊ မဖူးမြတ်သင်ဇာ အောင်တို့၏ဖခင် ဒုတိယဗိုလ်မှူးကြီး အောင်ဝင်း(ငြိမ်း)သည် ၁၂-၁၂-၂၀၂၂ရက် (တနင်္ဂနွေနေ့) ည ၆:၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၂၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကလောမြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၂-၂၀၂၂ရက်တွင်ကလောမြို့၊ နီးဘုရားလမ်း၊ ADORA HOTEL သို့ရက်လည်ဆွမ်းကျွေးတရားတော် နာကြားရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဒုတိယဗိုလ်မှူးကြီး အောင်ဝင်း(ငြိမ်း)**
အသက်(၅၉)နှစ်

(ဒေါ်မြင့်မြင့်အေး)၏ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီး အောင်ဝင်း (ငြိမ်း) သည် ၁၂-၁၂-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၃)
အရာရှိများနှင့်မိသားစုများ

---

### အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်မိမိကြီး[ ကထိက(ငြိမ်း)စီးပွားရေးတက္ကသိုလ်]**
ပညာရေးစီမံကိန်းမှူး(ငြိမ်း)
မြန်မာနိုင်ငံပညာရေးသုတေသနဌာန
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ကမ္ဘာ့ဇလမ်း၊ အမှတ်(၁၅/စီ)နေ ဦးရဲမြတ်စိုး(A Bank)-ဒေါ်ဥမ္မာအောင်တို့၏ ချစ်လှစွာသော မိခင်ကြီးသည် ၁၂-၁၂-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၁:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် အတူ ဝမ်းနည်းကြေကွဲရပါသည်။ မိခင်ကြီး ကောင်းရာသုဂတိလားပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးနေနေလွှမ်းမိုး-ဒေါ်သင်းသင်းမြတ် မိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်မိမိကြီး[ ကထိက(ငြိမ်း)စီးပွားရေးတက္ကသိုလ်]**
ပညာရေးစီမံကိန်းမှူး(ငြိမ်း)
မြန်မာနိုင်ငံပညာရေးသုတေသနဌာန
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ကမ္ဘာ့ဇလမ်း၊ အမှတ်(၁၅/စီ)နေ ဦးရဲမြတ်စိုး(A Bank)-ဒေါ်ဥမ္မာအောင်တို့၏ ချစ်လှစွာသော မိခင်ကြီးသည် ၁၂-၁၂-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၁:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။ မိခင်ကြီး ကောင်းရာသုဂတိလားပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးဇော်ဝင်းရှိန်-ဒေါ်ရွှေယင်းမာ မိသားစု

---

### ဒေါ်ညွန့်ညွန့်ခင်
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ၄၅လမ်း၊ အမှတ် ၆နေ(ဦးကျော်အေး)၏ဇနီး၊ ဦးစိန်လှိုင်-ဒေါ်ကေသီအေး၊ ဦးထင်အောင်-ဒေါ်ကေသွယ်အေး(Sydney Aus)၊ ဦးသူရအေး-ဒေါ်နှင်းသူဇာ(Sydney Aus)တို့၏မိခင်၊ မြေးလေးယောက်တို့၏ ဘွားဘွားကြီးသည် ၁၂-၁၂-၂၀၂၂ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄:၃၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်တင်တင်ရီ
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ (ဦးစိန်ခိုင်-ဒေါ်ကြင်ယုံ)တို့၏သမီး၊ ဦးခင်မောင်(ဒု-ညွှန်မှူး-ငြိမ်း၊ ရသုံးဦးစီးဌာန)၏ဇနီး၊ ဦးမြတ်စံဦး-ဒေါ်သန့်သန့်အေး၊ ဒေါ်စိုးစိုးနိုင်၊ ဦးညီညီထွန်း-ဒေါ်မိမိငယ်၊ ဦးသက်နိုင်-ဒေါ်စုဘုန်းမြင့်တို့၏ချစ်လှစွာသောမိခင်ကြီး၊ ဒေါက်တာမြသန္တာထွန်း၊ မကြော့စိမ့်နုထွန်း၊ မောင်ခန့်စစ်တက်ထွဋ်တို့၏အဘွားသည် ၁၁-၁၂-၂၀၂၂ရက် (စနေနေ့) နံနက် ၆:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၂-၂၀၂၂ရက် (သောကြာနေ့)တွင် ဆွမ်းသွတ်တရားနာမည်ဖြစ်ပါသဖြင့် နံနက် ၇ နာရီမှ ၁၀ နာရီအတွင်း အမှတ်(၂၄၇၊ ၂၆၉)၊ တိုက်အမှတ်(D-2)၊ အခန်း(၃၀၃)၊ Delta Plaza ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ် နေအိမ်သို့ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဦးဌေးအောင်(CDC-35497)
ပြည်သူ့ပုလဲနှင့်ငါး(ငြိမ်း)
Lizstar Shipping Co.(AYB)Retired
အထက သုဝဏ္ဏ ကျောင်းသားဟောင်း(HCG အဖွဲ့ဝင်)
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ ၂၅ ရပ်ကွက်၊ သရဖီလမ်း၊ အမှတ် ၂၁၁/၇နေ ဦးအုံ့သင်-ဒေါ်ခင်မြင့်တို့၏သား၊ မန္တလေး မြို့နေ ဦးစိုးမင်း-ဒေါ်သက်သက်ခိုင်၊ ဦးကျော်သောင်း-ဒေါ်မိုးမိုးခိုင် တို့၏ အစ်ကိုကြီး၊ Australia နိုင်ငံ Melbourneနေ ဘိုဘိုသီဟအောင်-နှင်းသူဇာဦး၊ အာကာသူရအောင် (Miraco) တို့၏ဖခင်၊ ပြည့်စုံသီဟ၊ ဒန်နီယံသီဟအောင်-နီကိုးလ်၊ လမင်းအောင် တို့၏ အဘိုးသည် ၁၁-၁၂-၂၀၂၂ရက် (စနေနေ့)ည ၉:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂:၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါက်တာသန္တာလွင်**
အသက်(၅၈)နှစ်

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန္တာလွင် အသက်(၅၈) နှစ်သည် ၁၁-၁၂-၂၀၂၂ရက် မွန်းလွဲပိုင်းတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဆေးတက္ကသိုလ်(၂)၊ အပါတ်စဉ်(၈၃-၈၈)သူငယ်ချင်းများ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

## မုံရွာမြို့၊ အလုံရပ်ကွက်၊ ချမ်းသာကြီးဘုန်းကြီးကျောင်းတွင် GDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

အကြမ်းဖက်အဖွဲ့များဖြစ်သော CRPH နှင့် NUG အဖွဲ့များသည် နိုင်ငံရေးအမည်ခံ ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုမရှိစေရေးနှင့် တရားဥပဒေစိုးမိုးမှု ပျက်ပြားစေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများကို လုပ်ဆောင်လျက်ရှိသည်။ ၎င်းအကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရာတွင် အသုံးပြုမည့် လက်နက်၊ ခဲယမ်းများကိုလည်း နည်းမျိုးစုံဖြင့် နိုင်ငံအတွင်းပို့ဆောင်၍ အများပြည်သူ ယုံကြည်ကိုးကွယ်ရာဖြစ်သော ဘုန်းတော်ကြီးကျောင်းအချို့တွင် သိုဝှက်သိမ်းဆည်းခြင်း၊ ဘာသာရေးအရ ကိုးကွယ်ယုံကြည်မှုကို အလွဲသုံးစားပြုလုပ်၍ အကြမ်းဖက်လုပ်ငန်းများကို အားပေးခြင်း၊ ကိုယ်တိုင်ပြုလုပ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

*စာမျက်နှာ ၁၆ ကော်လံ ၁* ❐



၁၂-၁၂-၂၀၂၁ ရက်က မုံရွာမြို့ အလုံရပ်ကွက် မြို့ဦးရပ်ရှိ ချမ်းသာကြီးဘုန်းကြီးကျောင်းအတွင်း၌ သိမ်းဆည်းရမိခဲ့သည့်ပစ္စည်းများ။

## မန္တလေးတိုင်းဒေသကြီးအတွင်း သူနာပြုဆရာမ တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများအား ၂၄ နာရီအတွင်း ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

CRPH နှင့် NUG အမည်ခံ NLD ထောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများသည် အလုံးစုံပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်း၍ အချို့သော ဒေသများတွင် အေးချမ်းစွာနေထိုင်ကြသော ပြည်သူများကို အကြောက်တရားဖြင့် လွှမ်းမိုးထိန်းချုပ်ရန်အတွက် အကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်း၊ နိုင်ငံပိုင်အဆောက်အဦများ၊ အများပြည်သူနှင့် သက်ဆိုင်သော ဆေးရုံများ၊ ကျောင်းများ၊ နေအိမ်များ၊ ကျေးရွာများ၊ ဈေးများ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကပိုင်ဘဏ်များ၊ ဌာနဆိုင်ရာရုံးများ၊

*စာမျက်နှာ ၁၇ ကော်လံ ၁* ◆




မန္တလေးမြို့၌ သူနာပြုတစ်ဦးအပါအဝင် ပြည်သူများအား သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်မှ ဖမ်းဆီးရမိသည့် လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ။

## ချန်ပီယံလိဂ်ရှုံးထွက်အဆင့် ပွဲစဉ်များ မဲနှိုက်ရွေးချယ် လက်ရှိချန်ပီယံ ချယ်ဆီးက လိုင်လီအသင်း၊ အက်သလက်တီကိုမက်ဒရစ်က မန်ယူနှင့် ဆုံတွေ့နေ

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်များကို ဒီဇင်ဘာ ၁၃ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲက ဆွစ်ဇာလန်နိုင်ငံ နီယွန်မြို့၌ မဲနှိုက်ရွေးချယ်ခဲ့သော်လည်း နည်းစနစ်ချွတ်ယွင်းမှုကြောင့် ည ၈ နာရီခွဲတွင် ပြန်လည်မဲနှိုက်ရွေးချယ်ခဲ့ရာ လက်ရှိချန်ပီယံချယ်ဆီးအသင်းက ပြင်သစ်ကလပ် လိုင်လီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

*စာမျက်နှာ ၂၃ ကော်လံ ၃* ●

## ဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဒီဇင်ဘာ ၁၄၊ ၁၅ ရက် ဆက်လက်ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

၂၀၂၀ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲအုပ်စု စတုတ္ထနေ့ကို ဒီဇင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နောက်တစ်ဆင့် တက်ရောက်မည့်အသင်းများ ထွက်ပေါ်လာနိုင်သည်။ အုပ်စုစတုတ္ထနေ့တွင် မြန်မာအသင်း ပွဲစဉ်မပါဝင်သော်လည်း ဆီမီးဖိုင်နယ် တက်ရောက်ရေးမျှော်လင့်ချက် အဖြေထွက်ပေါ်နိုင်သည့် ပွဲစဉ်များ ပါဝင်နေသည်။

ဒီဇင်ဘာ ၁၂ ရက် ပွဲစဉ်များအပြီးတွင် အုပ်စု (က) တွင် စင်ကာပူနှင့် ထိုင်းအသင်းက နှစ်ပွဲကစား ခြောက်မှတ်စီ၊ ဖိလစ်ပိုင်အသင်းက နှစ်ပွဲကစား သုံးမှတ်၊

*စာမျက်နှာ ၂၃ ကော်လံ ၁* ❍

## မြန်အောင်မြို့နယ်နှင့် ဂွမြို့နယ်တို့၌ ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုအား မလိုလားသူ အကြမ်းဖက်သမားများက စာသင်ကျောင်းများအား မီးရှို့ဖျက်ဆီး

ဓာ - ၂၃

## ၁၃-၁၂-၂၀၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ

| | |
|---|---|
| ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် | ၂၅၀ ဦး |
| ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ | ၅ ဦး |
| ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်း | ၁.၆၄ % |
| Omicron (အိုမီခရွန်) ပျံ့နှံ့သည့်နိုင်ငံပေါင်း | ၇၁ |